# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လကွယ်နေ့ | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၀၃၈)


# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းတည်ထောင်ရာမှာ တွေ့ကြုံရမယ့် အခက်အခဲများနဲ့ စိန်ခေါ်မှု မှန်သမျှကို တိုင်းရင်းသားပြည်သူအားလုံး စုပေါင်းအင်အားနဲ့ ကြိုးပမ်းဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**
**(၆၃) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့**
**ပေးပို့သည့်သဝဏ်လွှာ**
**၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်**

**ချစ်ခင်လေးစားအပ်တဲ့ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့ဟာ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများရဲ့ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားတဲ့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ (၆၃) နှစ်မြောက် ကရင်ပြည်နယ်နေ့ ဖြစ်ပါတယ်။

ယခုလို နေ့ထူးနေ့မြတ်အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနဲ့ ကရင်ပြည်နယ်အတွင်း နေထိုင်ကြတဲ့ ကရင်တိုင်းရင်းသားများနဲ့တကွ ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိကြတဲ့ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ယခုနှစ် ကရင်ပြည်နယ်နေ့အတွက် အထိမ်းအမှတ်အဖြစ် ရိုးရာအောင်လံလုပွဲနဲ့ စိန်ခေါ်ပွဲပေါင်း ၃၇ ပွဲတို့ပါတဲ့ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ၅ ရက်တိုင်တိုင် ကျင်းပမယ့်အပြင် ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲများ၊ ဇာတ်သဘင်အကအလှများ၊ မုန့်ဈေးရောင်းပွဲတော်၊ ကုန်စည်ပြပွဲ၊ လှေလှော်ပြိုင်ပွဲ စတဲ့ ပျော်ပွဲရွှင်ပွဲများကို ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့်ဇနီး ဒေါ်ချိုချို နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗေယျုပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိအား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

*စာမျက်နှာ ၄ ကော်လံ ၁* ❖


KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

## မြန်မာ့အလင်း

# အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အတိတ်သမိုင်းနှင့် အနာဂတ်အလားအလာ

**ဆဋ္ဌမအကြိမ်မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး (6th ASEAN Coordinating Committee on Micro, Small and Medium Enterprises_ 6th ACCMS ME Meeting) နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါသည်။ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ မိန့်ခွန်းသည် ဆဋ္ဌမအကြိမ်မြောက်ရှိလာပြီဖြစ်သော ဤအစည်းအဝေး၏ အတိတ်သမိုင်းနှင့် အနာဂတ်အလားအလာတို့ကို ရှင်းလင်းစွာ ဖွင့်ဆိုတင်ပြနိုင်ခဲ့ပါသည်။**

**အာဆီယံဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ အငယ်စားနှင့် အလတ်စားအေဂျင်စီလုပ်ငန်းအဖွဲ့ (ASEAN SME Agency Working Group - SMEWG) ကို ၁၉၉၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုမှတစ်ဆင့် ၂၀၁၆ ခုနှစ်တွင် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ACCMSME) အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ အသေးစားစီးပွားရေးလုပ်ငန်း (micro) များပါဝင်လာနိုင်ရေးနှင့် အခြား ASEAN Working Group များနှင့် ပိုမိုချိတ်ဆက်နိုင်ရေး ဟူသော ရည်ရွယ်ချက်ဖြင့် ဤသို့ အမည်ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ဤကော်မတီ (ACCMSME) က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro, Small, and Medium Enterprises-MSME) ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အာဆီယံ ၂၀၁၆-၂၀၂၅ မဟာဗျူဟာမြောက် လက်တွေ့ကျသည့် လုပ်ငန်းစဉ်တို့ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။ အာဆီယံဒေသအတွင်း အဆိုပါ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ခဲ့ပါသည်။**

**ဤမဟာဗျူဟာမြောက် လုပ်ငန်းစဉ်ငါးရပ်မှာ ထုတ်လုပ်နိုင်မှုစွမ်းရည်၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုမြှင့်တင်ရေး၊ ငွေကြေး အရင်းအနှီး ပံ့ပိုးကူညီနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် နိုင်ငံတကာ အဆင့်အထိတက်လှမ်းနိုင်ရေး၊ လိုအပ်သည့်မူဝါဒ၊ ဥပဒေမူဘောင်များဖြင့် ထိန်းကျောင်းသွားရေးနှင့် စွန့်ဦးတီထွင်မှုနှင့် လူသားချင်းအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်ငါးရပ် အောင်မြင်မှု ရှိ မရှိ တိုင်းတာရမည့် အဓိကသော့ချက်မှတ်တိုင် (Key Performance Indicators) များ ချမှတ်ထားခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆုပ်ကိုင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် တစ်ခုတည်းသော အာဆီယံဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ ဘက်ပေါင်းစုံတိုးတက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြင့်မားဆုံး အာဆီယံအသိုက်အဝန်း ဖြစ်လာရေးအတွက် အာဆီယံနိုင်ငံအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။**

**အာဆီယံ MSME များတွင် ဦးစားပေးကဏ္ဍ (၁၂) ခု ရှိသည့် အနက် (၇) ခုသည် ကုန်ထုတ်ကဏ္ဍများဖြစ်ပြီး ကျန် (၅) ခုသည် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပါသည်။ ဤအာဆီယံ MSME အားလုံး၌ ယေဘုယျအားဖြင့် သတင်းအချက်အလက်ရင်းမြစ်များ လိုအပ်ချက်ရှိသကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ အကန့်အသတ်များ၊ နည်းပညာပိုင်းဆိုင်ရာနှင့် ဈေးကွက်အခြေအနေအရ အခြားသော စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ရလျက်ရှိပါသည်။ ဤအခက်အခဲ ပြဿနာအားလုံးကို ကျော်လွှားနိုင်ရေး အတွက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) သည် အာဆီယံဒေသတွင်း ပေါင်းစည်းအားနှင့်အတူ နိုင်ငံတကာနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုများကို ရယူလျက် ကြိုးပမ်းဆောင်ရွက်နေပါသည်။ နိဂုံးချုပ်အနေဖြင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ မိန့်ခွန်းသည် အာဆီယံဒေသတစ်ခုလုံး၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုအပိုင်း ဖြစ်စဉ်နှင့် အနာဂတ်အလားအလာတို့ကို ဖော်ပြနေပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။**

# အဝေးသင်ပညာရေးအတွက် တီထွင်ဆန်းသစ်ဖော်ဆောင်ခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၆

**အဝေးသင်ပညာရေးအတွက် တီထွင်ဆန်းသစ်ဖော်ဆောင်ခြင်းလုပ်ငန်း (TIDE) အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က မန္တလေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကား ပြောကြားသည်။** (အောက်ပုံ)

ပြည်ထောင်စုဝန်ကြီးက ယခု သင်တန်းတွင် သင်ကြားရေး၊ စာကြည့်တိုက်၊ သတင်းအချက်အလက် နည်းပညာနှင့် သင်ထောက်ကူဆိုင်ရာ အစိတ်အပိုင်းများပါဝင်ပြီး သင်တန်း တက်ရောက်သူများအား အဝေးသင်ပညာရေးတွင် ပညာရေးဆိုင်ရာ နည်းပညာ အသုံးချမှုစွမ်းရည် မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း၊ အဝေးသင်ပညာရေး သင်ထောက်ကူများကို လေ့လာဆန်းစစ်ခြင်းနှင့် ပြန်လည်ဖော်ဆောင်ခြင်း လုပ်ငန်းများကို ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ထိုအဝေးသင် ပညာရေးဆိုင်ရာ သင်ထောက်ကူများသည် ပတ်ဝန်းကျင်ဆိုင်ရာ ပညာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ သင်ထောက်ကူများ ဖော်ဆောင်ရာတွင် အပြန်အလှန် သင်ကြားသင်ယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အဝေးသင် ပညာရေးဆိုင်ရာ နည်းလမ်းများနှင့် အလေ့အကျင့်များ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ကြောင်း၊ TIDE Program သည် တက္ကသိုလ်များတွင် ပြုလုပ်မည့် အဝေးသင်သင်တန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်သီတာဝင်း နှင့် Open University မှ Academic Director,Professor Andy Lane တို့က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရန်ကုန် တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ ဒဂုံ တက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ မန္တလေး တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် ပြည် တက္ကသိုလ်တို့မှ TIDE သင်တန်းသားများအား Manchester University, Oxford University, Open University နှင့် Irrawaddy Policy Exchange တို့မှ နည်းပြများက သင်တန်းပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို နိုဝင်ဘာ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် အင်း၀ ၉ အဆောင်တွင် ကျင်းပသော မန္တလေးတက္ကသိုလ်ပင်မဆောင် ပြုပြင်မွမ်းမံခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ငါးထပ်စာသင်ဆောင် အဆောက်အအုံ တည်ဆောက်ခြင်း ဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားရာတွင် ရန်ကုန်တက္ကသိုလ် ပြီးလျှင် မန္တလေးတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် တက္ကသိုလ်များ ဖြစ်ကြောင်း၊ တက္ကသိုလ်များအား အာဆီယံအဆင့်၊ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များတွင် နှစ်စဉ်အဆင့်တိုးတက်အောင် ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်တွင် အရည်အသွေးရှိသော ဆရာ ဆရာမများရှိရန် အရေးကြီးကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဒေသအကျိုးပြု အသုံးချသုတေသန လုပ်ငန်းများ ဆောင်ရွက်ကြရန် သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားကြရန် လိုအပ်ကြောင်း၊ တက္ကသိုလ်တွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေး၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးအတွက် အင်တိုက်အားတိုက် မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာတွင်လည်း မိမိတို့ဒေသယဉ်ကျေးမှုအမွေအနှစ်များနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ထည့်သွင်းစဉ်းစား၍ တည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းဦးနှင့် အလုပ်အမှုဆောင် ဦးဝင်းသန်းတို့က အဆောက်အအုံ တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်နှင့် တက္ကသိုလ် ဆရာ ဆရာမများ၊ မြို့မိမြို့ဖများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကုန်စည်ပြပွဲဖွင့်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်တိုင်းရင်းသားလူမျိုးတို့၏ နေ့ထူးနေ့မြတ်ပွဲတော်အဖြစ် ကရင်ပြည်နယ်နေ့ ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၆၃) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ဇာတ်သဘင်အနုပညာ၊ ဒုံးအကပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော်များဖြင့် နှစ်စဉ် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း အစဉ်အလာမပျက်၊ ရိုးရာမပျက် စနစ်တကျဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ် အခြေစိုက် ဒေါနနတ်သမီးကုမ္ပဏီ လီမိတက်မှ ဦးဆောင်ခင်းကျင်းပြသသည့် ကုန်စည်ပြပွဲဖွင့်ပွဲကို ယနေ့နံနက်က ပွဲတော်ကျင်းပသည့် ဘားအံမြို့ သီရိကွင်းအတွင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေး၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်း၊ ဒေါနနတ်သမီးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (**အောက်ပုံ**) တက်ရောက်လာကြသော အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူ လူထုများနှင့်အတူ ကုန်စည်ပြပွဲရှိ ပြခန်းနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထိုကုန်စည်ပြပွဲတွင် အိုး၊ ခွက်၊ ပန်းကန်၊ မွေ့ရာ၊ ခေါင်းအုံး အစရှိသည့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိုင်းရင်းဆေးအမျိုးမျိုး၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အစရှိသည့် မြန်မာနိုင်ငံ ထုတ်ကုန်ပစ္စည်းများဖြင့် ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ခင်းကျင်းပြသရောင်းချလျက်ရှိပြီး နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ချက်လူမျိုးတို့၏ ကြမ္မာငင်သောနေ့စွဲများ ဓာတ်ပုံပြပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ခင်းကျင်းပြသ

**နေပြည်တော် နိုဝင်ဘာ ၆**

ချက်သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ချက်ပြတိုက်မှူးနှင့် ဓာတ်ပုံပညာရှင် Dana Kyndrova စုစည်းထားသည့် ဓာတ်ပုံများကို ချက်လူမျိုးတို့၏ ကြမ္မာငင်သောနေ့စွဲများ (Czech Fateful Dates) အမည်ရှိ ဓာတ်ပုံပြပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)၌ ချက်သမ္မတနိုင်ငံသံရုံး၏ အစီအစဉ်ဖြင့် ခင်းကျင်းပြသမည်ဖြစ်သည်။

အဆိုပါဓာတ်ပုံများသည် ချက်သမ္မတနိုင်ငံသမိုင်း၏ အခက်ခဲဆုံးအချိန်ကာလများကို မှတ်တမ်းတင်နိုင်ခဲ့သော အထင်ကရ ဓာတ်ပုံပညာရှင် ၂၀ တို့၏ လက်ရာများဖြစ်ကြောင်း၊ ဓာတ်ပုံများသည် နာဇီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်း ခံရသည့် ၁၉၃၉ ခုနှစ်မှ လွတ်လပ်ရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် ကြိုးပမ်းခဲ့သည့် ၁၉၈၉ ခုနှစ်အတွင်း ချက်လူမျိုးတို့၏ ဘဝဇာတ်ကြောင်းများ၊ ဓာတ်ပုံများမှ လွတ်လပ်မှုနှင့် ဒီမိုကရေစီအတွက် လှုပ်ရှားရုန်းကန်ခဲ့ရသည့် ၂၀ ရာစု ချက်လူမျိုးတို့၏ နာကျင်ခံစားမှုနှင့် ဝမ်းသာပျော်ရွှင်မှုတို့ကို တွေ့မြင်နိုင်ကြောင်း သိရှိရသည်။

ချက်လူမျိုးတို့၏ ကြမ္မာငင်သောနေ့စွဲများ ဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၁ ရက်မှ ၁၆ ရက်အထိ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း ခင်းကျင်းပြသလျက်ရှိရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

အဆိုပါ ဓာတ်ပုံပြပွဲကို အမျိုးသားပြတိုက် (ရန်ကုန်)၌ စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ခင်းကျင်းပြသပြီးဖြစ်ရာ ယခု အမျိုးသားပြတိုက် (နေပြည်တော်)၌ ဒုတိယအကြိမ်အဖြစ် ထပ်မံခင်းကျင်းပြသခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❑ ရှေ့ဖုံးမှ

အစဉ်အလာမပျက် ကျင်းပသွားမယ့်အကြောင်း သိရှိရပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမသားချင်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြပါစေလို့လည်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**၆၃ နှစ်တိုင်တိုင်ရှိခဲ့ပြီ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်/တိုင်းများ ဖွဲ့စည်းတည်ထောင်ရာမှာ ကရင်လူမျိုးများနေထိုင်တဲ့ ဒေသများကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ဖို့ ပါလီမန်မှာ ထည့်သွင်းစဉ်းစားလာကြပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ - ၆၂ အရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် ဦးစွာသတ်မှတ်ဖွဲ့စည်းခဲ့ပါတယ်။ ဆက်လက်ပြီး ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ- ၁၄ အရ သံလွင်ခရိုင်နဲ့ ဆက်စပ်ဒေသဖြစ်တဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နဲ့သံတောင်ကြီးမြို့နယ်တို့ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပါတယ်။ တစ်ဖန် ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှာ မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်၊ မြို့နယ်ပေါင်း ခုနစ်မြို့နယ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ဖို့ ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးတဲ့ နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ်မှစတင်ပြီး ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ခြင်းဖြစ်တဲ့အတွက် ယခုနှစ်ဆိုလျှင် ၆၃ နှစ်တိုင်တိုင်ရှိခဲ့ပြီ ဖြစ်ပါတယ်။

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ကရင်ပြည်နယ်မှာ ကရင်မျိုးနွယ်စု ၁၁ မျိုးတို့ဟာ ရှေးယခင်ကတည်းကပင် အခြားတိုင်းရင်းသားများနဲ့အတူ ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံရေးမတည်ငြိမ်မှုများရဲ့ရိုက်ခတ်မှုကြောင့် ဖြစ်ပွားခဲ့တဲ့ ကာလရှည်ပြည်တွင်းစစ် ပဋိပက္ခတွေရဲ့နောက်ဆက်တွဲရလဒ်ဆိုးအဖြစ် နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်မလုပ်နိုင်ခဲ့ဘဲ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အဘက်ဘက်မှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါတယ်။ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ပြည်နယ်တွေဟာ ပြည်တွင်းပဋိပက္ခဒဏ်ကို ပိုမိုခံစားခဲ့ကြရပါတယ်။

ယနေ့အချိန်အခါမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရန် ရည်မှန်းချက်ချမှတ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းနေတဲ့ကာလ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအနေနဲ့ အတိတ်သမိုင်းမှာ ကြုံတွေ့ခဲ့ရတဲ့ မလိုလားအပ်တဲ့ အတွေ့အကြုံတွေကို သင်ခန်းစာရယူပြီး စုပေါင်းအင်အားနဲ့ တက်ညီလက်ညီ လက်တွဲလျှောက်လှမ်းရင်း အေးချမ်းသာယာတဲ့ ပြည်ထောင်စုကြီးပေါ်ပေါက်လာအောင် ကြိုးပမ်းဖို့အချိန်အခါကောင်းပဲ ဖြစ်ပါတယ်။

**အခြေခံမူ ၅၁ ချက် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်**

ဒါကြောင့်လည်း မိမိတို့အစိုးရအနေနဲ့ စတင်တာဝန်ယူချိန်ကတည်းက ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများကို ၃ ကြိမ်တိုင်ကျင်းပနိုင်ခဲ့ပြီး ယခုဆိုရင် ပြည်ထောင်စုသဘောတူစာချုပ် အခြေခံမူ ၅၁ ချက် သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါတယ်။

> **“အခုဆိုရင် မြန်မာ- ထိုင်း ချစ်ကြည်ရေးတံတားနှစ်စင်းနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်တော့မှာဖြစ်လို့ ဒေသခံတိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိခံစားရမှာ ဖြစ်”**

ယခင်က ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရတဲ့ ကရင်ပြည်နယ်မှာဆိုရင်လည်း အခုဆိုရင် သေနတ်သံတွေ တိတ်သလောက်ဖြစ်နေပါပြီ။ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက နိုင်ငံတော်အစိုးရဦးဆောင်မှုနဲ့အတူ ကရင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် သတ္တိရှိရှိဆုံးဖြတ်လက်တွဲလာမှုနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အမြော်အမြင်ရှိရှိ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာမှုများကြောင့် ကရင်ပြည်နယ်ဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့အသီးအပွင့်များကို ရရှိခံစားနေရပြီ ဖြစ်ပါတယ်။

ကရင်ပြည်နယ်ဟာ သံလွင်မြစ်နဲ့ ရေတံခွန်၊ စိမ့်စမ်းများ၊ လိုဏ်ဂူများ၊ သဘာဝတောတောင် အလှအပများနဲ့ ပေါကြွယ်ဝပါတယ်။ ဒါဟာ ပြည်တွင်း/ပြည်ပခရီးသွားများအတွက် သဘာဝခရီးသွားလုပ်ငန်းများ မြှင့်တင်ပေးနိုင်ဖို့ အလားအလာကောင်းများပဲ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့အရှေ့တောင်ဘက်မျက်နှာစာမှာ နယ်စပ်စီးပွားရေးကုန်သွယ်မှုအတွက် အဓိကနေရာ ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာ- ထိုင်း ချစ်ကြည်ရေးတံတားနှစ်စင်းနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်တော့မှာဖြစ်လို့ ဒေသခံတိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိခံစားရမှာ ဖြစ်ပါတယ်။

**စုပေါင်းအင်အားနဲ့ လက်တွဲပြီး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိရာမှာ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ လျှပ်စစ်မီးရရှိရေး၊ အသေးစားစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသခံပြည်သူများရဲ့ ပူးပေါင်းပါဝင်ကြိုးပမ်းမှုများကြောင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ရရှိလာမယ်လို့လည်း ယုံကြည်မိပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကို တည်ငြိမ်အေးချမ်းပြီး သာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းတည်ထောင်ရာမှာ တွေ့ကြုံလာရမယ့် အခက်အခဲများနဲ့ စိန်ခေါ်မှုမှန်သမျှကို နိုင်ငံတော်အစိုးရနဲ့အတူ တိုင်းရင်းသားပြည်သူများအားလုံးက စုပေါင်းအင်အားနဲ့ လက်တွဲပြီးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းပေါ်မှာ ကရင်ပြည်နယ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက အေးချမ်းသာယာလှပပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ကရင်ပြည်နယ်ကြီးဖြစ်ပေါ်လာစေရေးအတွက် ဆက်လက်ပြီး စုစည်းညီညွတ်စွာ၊ တွဲလက်မဖြုတ်စွာ ကြိုးပမ်းအကောင်အထည်ဖော်သွားကြဖို့နဲ့ ရရှိဖြစ်ထွန်းနေပြီဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနဲ့အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို အောင်မြင်စွာ တည်ဆောက်နိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

(ပုံ)ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr. Song Tao အား ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏နေအိမ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန် လည်း တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H. E. Mr. Song Tao အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao တို့သည် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။ **(ဓာတ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးဇော်ဌေး၊ ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Sun Haiyan နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



❖ *ရှေ့စာမှ*

နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ *စာမျက်နှာ ၅ သို့* ❖



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**

သတင်းစဉ်





**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**

သတင်းစဉ်



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**

သတင်းစဉ်

❖ *စာမျက်နှာ ၄ မှ*
ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်း**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ကထိန်အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေကျပ် စုစုပေါင်း ၈၅၃၃၉၉၅၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ သတင်းစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# နိုင်ငံသားများ သိထားသင့်သည့် ကမ္ဘာ့အမွေအနှစ်

**မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)**

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုနှင့်သဘာဝအမွေအနှစ်များကို တစ်ကမ္ဘာလုံးကသိရှိပြီး ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် မိမိတို့နိုင်ငံ၏ အမွေအနှစ်များကို ဖော်ထုတ်ကာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ငံများအဖြစ် စာရင်းဝင်နိုင်ရန် ဆောင်ရွက်နေကြသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။

**ပထမဆုံးခြေလှမ်း**

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝအမွေအနှစ်များ ကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံရှိအမွေအနှစ်များကို ကမ္ဘာသိဖြစ်နိုင်စေရန်နှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ပထမဆုံးခြေလှမ်းအနေဖြင့် မြန်မာနိုင်ငံရှိ သမိုင်းကြိုကာလ၏ မြို့ပြယဉ်ကျေးမှုများဖြစ်သော ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသများ ဖြစ်လာနိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ပြီးဖြစ်သည်။

"ကမ္ဘာ့အမွေအနှစ်" ဟူသော စာတန်းတိုလေးတစ်ခုဖြစ်သော်လည်း ဂုဏ်ရည်နှင့် တန်ဖိုးတို့မှာ နက်နဲသိမ်မွေ့လှသည်။ အမွေအနှစ်၏ တန်ဖိုးနှင့် ဂုဏ်ရည်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ ရှေ့ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတို့မှာအတတ်ပညာရှင်၊ စေတနာရှင်တို့နှင့်အတူ ပြည်သူတစ်ရပ်လုံး ပါဝင်ပြီး ဝိုင်းဝန်းစောင့်ရှောက်မှသာ "Heritage of Humanity" ဆိုသည်နှင့်အညီ လူသားများအတွက် အမွေအနှစ်ကောင်းများအဖြစ် ထားရစ်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ယဉ်ကျေးမှုအမွေအနှစ်များအား ရေရှည်တည်တံ့စေရေးအတွက် ၁၉၇၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ယူနက်စကိုအဖွဲ့ကြီးမှူး၍ ကျင်းပခဲ့သော ကွန်ဗင်းရှင်းတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သဘောတူညီချက်ကို ချမှတ်နိုင်ခဲ့ပေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအတွင်းရှိ အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အဆိုပါကွန်ဗင်းရှင်းတွင် ၁၉၉၄ ခုနှစ်၌ သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ထိုကွန်ဗင်းရှင်းအရ နိုင်ငံအသီးသီးရှိ အမွေအနှစ်များအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း စုပေါင်းကာကွယ်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

**ကမ္ဘာ့အမွေအနှစ်စာရင်း**

ကမ္ဘာ့အမွေအနှစ်စာရင်းတွင် (က) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း၊ (ခ) ကမ္ဘာ့သဘာဝ အမွေအနှစ်စာရင်း၊ (ဂ) ယဉ်ကျေးမှုနှင့် သဘာဝရောနှောနေသော ကမ္ဘာ့အမွေအနှစ်စာရင်းဟူ၍ သုံးမျိုးရှိပေသည်။ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရာတွင် (၁) အဆောက်အအုံ၊ (၂) အဆောက်အအုံအစုအဝေး၊ (၃)နေရာ၊ ဒေသတို့ပါဝင်သည်။ ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်း တင်သွင်းရာတွင် သဘာဝသွင်ပြင်လက္ခဏာများ၊ ဘူမိဗေဒနှင့် သဘာဝရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်နေသော နေရာဒေသများပါဝင်သည်။ ယဉ်ကျေးမှုနှင့် သဘာဝရောနှောနေသော နေရာဒေသများ ပါဝင်ပေသည်။

**ဂုဏ်ယူမဆုံး**

အခြားနိုင်ငံများတွင် အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်ချိန်မှ စာတွဲတင်သွင်းနိုင်ချိန်အထိ သုံးနှစ်မှ ၁၀ နှစ်ခန့်အထိ အချိန်ယူကြသည်။ ကမ္ဘာ့အဆင့်မီစံတန်ဖိုးများရှိမှု၊ ခိုင်မာမှု (Integrity)၊ စစ်မှန်မှု (Authenticity) ဆောင်ရွက်ခဲ့သူတို့၏ စိတ်စေတနာနှင့်အပင်ပန်းခံမှု၊ ဒေသခံတို့၏ ပြင်းပြသော ဆန္ဒတို့ကြောင့် ကမ္ဘာ့အမွေအနှစ် ကော်မတီဝင်နိုင်ငံတို့က လေးစားမှု၊ အသိအမှတ်ပြုမှု၊ ချီးကျူးမှု၊ စာနာမှုများနှင့်အတူ တစ်ခဲနက်ထောက်ခံကြသောကြောင့် "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများ" ဖြစ်ခဲ့ရသည်။ ထိုသို့ ကမ္ဘာ့အမွေအနှစ် ရရှိခဲ့သောကြောင့် ဒေသခံတို့၏ပီတိများကို တွေ့မြင်နေရသကဲ့သို့ နိုင်ငံသားအားလုံးလည်း ဂုဏ်ယူမဆုံး ဖြစ်ခဲ့ကြသည်။

UNESCO အဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုနှင့် သဘာဝဆိုင်ရာနေရာဒေသများသည် O.U.V (Outstanding Universal Value) ရှိရန် လိုအပ်ပါသည်။ Outstanding Universal Value ဆိုသည်မှာ လူသားအားလုံးအသိအမှတ်ပြုနိုင်သော တန်ဖိုးဖြစ်ပြီး ယဉ်ကျေးမှု (သို့မဟုတ်)သဘာဝ(သို့မဟုတ်)ရောယှက်လျက်ရှိသည့် ယဉ်ကျေးမှုနှင့်သဘာဝတို့သည် အမျိုးသားရေးအဆင့်အနေဖြင့် ဖြစ်ရိုးဖြစ်စဉ်ထက် သာလွန်တည်ရှိနေပြီး မျက်မှောက်ခေတ်ကာလနှင့် နောင်အနာဂတ် မျိုးဆက်သစ်လူသားမျိုးနွယ်များအတွက်အရေးပါသောအရာအဖြစ် တည်ရှိနေသောအရာများကို သတ်မှတ်သည်။ ယူနက်စကိုအဖွဲ့ကြီးက ၂၀၀၄ ခုနှစ်ကုန်အထိ ယဉ်ကျေးမှုအမွေအနှစ်အတွက် စံနှုန်း ၆ ချက်နှင့် သဘာဝ အမွေအနှစ်အတွက် စံနှုန်း ၄ ချက် သတ်မှတ်ခဲ့ရာ ၂၀၀၅ ခုနှစ်တွင် ယင်း ၁၀ ချက်စလုံးကို တစ်ပေါင်းတစ်စည်းတည်း သတ်မှတ်ခဲ့သည်။ အဆိုပြုတင်သွင်းလာသော နေရာဒေသများသည် "လူသားအားလုံးအသိအမှတ်ပြုနိုင်သည့် တန်ဖိုး (O.U.V)" ရှိရမည့်အပြင် သတ်မှတ်ထားသော စံနှုန်းများနှင့် အနည်းဆုံးတစ်ချက် ကိုက်ညီမှုရှိရမည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရန်အတွက် သတ်မှတ်ထားသော စံနှုန်း (၆) ချက်ရှိရာ စံနှုန်း (၁) သည် လူသားများ ၎င်းတို့၏ယဉ်ကျေးမှုသမိုင်းတစ်လျှောက်တွင် ဖန်တီးပြုလုပ်ထားသည့် တုနှိုင်းမရသော၊ စံပြုလောက်သော၊ ဂန္ထဝင်တွင် ပြောင်မြောက်လှသည့်လက်ရာများ ဖြစ်သည်။ စံနှုန်း (၂) သည် လူသားများ၏ တန်ဖိုးကို ပြောင်းလဲစေသော အရေးပါမှု၊ အချိန်ကာလတစ်ခုအတွင်း (သို့မဟုတ်) ယဉ်ကျေးမှုဒေသတစ်ခုအတွင်း ဗိသုကာလက်ရာ (သို့မဟုတ်)နည်းပညာ၊ အဆောက်အအုံအနုပညာ (သို့မဟုတ်) မြို့တည်ဖွဲ့မှုနှင့် သဘာဝရေမြေပုံစံများ တိုးတက်ပြောင်းလဲလာမှု ဖြစ်သည်။

စံနှုန်း (၃) သည် တည်ရှိနေဆဲဖြစ်သော (သို့မဟုတ်) ကွယ်ပျောက်သွားခဲ့သော ယဉ်ကျေးမှုဓလေ့ (သို့မဟုတ်) မြို့ပြယဉ်ကျေးမှုတစ်ခု၏ အတုမရှိမှု (သို့မဟုတ်) ပြယုဂ်တစ်ခုအနေဖြင့် ကျန်ရှိနေမှုဖြစ်သည်။

စံနှုန်း (၄) သည် လူ့သမိုင်းတွင် သိသာထင်ရှားသော အဆင့်တစ်ခု (သို့မဟုတ်) ထိုထက်ပို၍ ဖော်ပြပေးသော သိသာထင်ရှားသော ပုံစံများဖြစ်သည့် အဆောက်အအုံတစ်ခု (သို့မဟုတ်) ရေမြေဒေသများ ဖြစ်သည်။

စံနှုန်း (၅) သည် လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သော ပြောင်းလဲဖြစ်ပျက်နေသည့် သဘာဝတရားအရ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုနှင့်လူသားများ၏ တုံ့ပြန်မှုများ ဖြစ်သည့် အစဉ်အလာအတိုင်း အခြေချနေထိုင်ခဲ့မှု၊ မြေယာနှင့်ပင်လယ်များကို အသုံးချခဲ့မှုဖြစ်သည်။

စံနှုန်း (၆) သည် လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သောအခါ အရေးပါထင်ရှားမှုများတွင် အဖြစ်အပျက် (သို့မဟုတ်) ရှင်သန်နေဆဲ ထုံးဓလေ့များဖြင့်ဖြစ်စေ၊ အတွေးအခေါ်များဖြင့် ဖြစ်စေ၊ ယုံကြည်မှုများဖြင့်ဖြစ်စေ၊ အနုပညာပိုင်းဆိုင်ရာဖြင့်ဖြစ်စေ၊ စာပေလက်ရာများဖြင့်ဖြစ်စေ တိုက်ရိုက် (သို့မဟုတ်) သိသာထင်ရှားစွာ ဆက်စပ်ဖြစ်ပျက်ခဲ့မှုများ ဖြစ်သည်။

**အကျိုးကျေးဇူးများ**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ခဲ့ပါကလည်း ရရှိနိုင်သော အကျိုးကျေးဇူးများစွာ ရှိပေသည်။ ထိုအချက်များမှာ မိမိတို့ ပိုင်ဆိုင်ထားသော အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာပေါ်တွင် အရေးကြီးဆုံးသော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ နေရာတစ်ခုဖြစ်ကြောင်း အမွှမ်းတင်ဂုဏ်ပြုတင်ပြနိုင်ရန် အခွင့်အလမ်းရရှိစေသည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်အား ပိုမိုထင်ရှားအောင် ပြုလုပ်နိုင်ခြင်း၊ ပိုမိုကောင်းမွန်အောင် ကာကွယ်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ခြင်း၊ အမျိုးသားအမွေအနှစ်များအနက် ဦးစားပေးရမည့် အရေးကြီးသော အမွေအနှစ်များ ဖြစ်လာနိုင်ပေသည်။

**ပိုမိုတိုးတက်မြင့်မားလာ**

ထို့ပြင် ကမ္ဘာ့အမွေအနှစ်ဖြစ်ပေါ်မှုအပေါ် နိုင်ငံတကာမှ စိတ်ဝင်စားလာခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက်လည်းကောင်း၊ အမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးအတွက်လည်းကောင်း အားပေးလှုံ့ဆော်မှုတို့ကို ဖြစ်ပေါ်စေသည်။ ပုဂ္ဂလိက ငွေကြေးထောက်ပံ့သူများကိုလည်းကောင်း၊ ကမ္ဘာ့အမွေအနှစ် ရန်ပုံငွေအဖွဲ့အားလည်းကောင်း၊ ငွေကြေးအထောက်အပံ့ရရှိရန်အတွက် စည်းရုံးနိုင်သော အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။ အမျိုးသားအဆင့်၊ ဒေသအဆင့် ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများ လုပ်ဆောင်ရာ၌လည်းကောင်း နည်းပညာနှင့်လက်တွေ့လုပ်ဆောင်သည့် အလေ့အထကောင်းများ ရရှိနိုင်ခြင်းနှင့် ကမ္ဘာ့အဆင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုကို ရရှိစေနိုင်ခြင်းဖြစ်သည်။ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်းနှင့် လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားလာစေသည်။

အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အထောက်အပံ့များလည်း ရရှိနိုင်စေမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်။ ဒေသခံများအနေဖြင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် စားသောက်ရေးဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုများ ဖွံ့ဖြိုးတိုးတက်လာမည်။ ဒေသထွက် လက်မှုလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည်။ တည်းခိုနေထိုင်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့်အတူ ဒေသတွင်းသွားလာရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခံစားကြရမည်။ ဒေသခံများသည် နိုင်ငံတကာနှင့်ယှဉ်၍ အသိဉာဏ်ပွင့်လင်းလာမှုနှင့်အတူ ဗဟုသုတများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။

ယခုအခါတွင် ကမ္ဘာပေါ်ရှိ ယူနက်စကိုအဖွဲ့ဝင် ၁၆၇ နိုင်ငံမှ အမွေအနှစ်များအား ကမ္ဘာ့အမွေအနှစ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ သဘာဝအမွေအနှစ်ဒေသ ၂၀၉ နေရာ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၈၄၅ နေရာ၊ သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၃၈ ခု စုစုပေါင်း ၁၀၉၂ နေရာတို့အား သတ်မှတ်နိုင်ခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပျူမြို့ဟောင်းသုံးခုဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့အား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရေးဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကာတာနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ရွေးချယ်ရေးကော်မတီအစည်းအဝေးမှ အတည်ပြုသတ်မှတ်ခဲ့ပြီး ဖြစ်သည်။

ယခုအခါ ပုဂံဒေသနှင့် မြောက်ဦးဒေသတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို လေးစားမြတ်နိုး တန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ရာရောက်မည့်အပြင် ကမ္ဘာကသိအောင် ဖွင့်လှစ်ပြသနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ယခုအခါ ပုဂံဒေသနှင့် မြောက်ဦးဒေသတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို လေးစားမြတ်နိုးတန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ရာရောက်မည့်အပြင် ကမ္ဘာကသိအောင် ဖွင့်လှစ်ပြသနိုင်မည်ဖြစ်"**

# ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ ကတ္တရာလမ်းများဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ခဲ့သည့် ကတ္တရာလမ်းများ ဖွင့်ပွဲအခမ်းအနားများကို နိုဝင်ဘာ ၆ ရက် နံနက် ၈နာရီက ကျင်းပသည်။

ရွာကောက်ရပ်ကွက်၊ ဆရာစိုလမ်း၊ ကိုယ့်မင်းကိုယ်ချင်းလမ်းနှင့် ပြည့်စုံလမ်းများ ဖွင့်ပွဲအခမ်း အနားကို ပျဉ်းမနားမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး အောင်၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ပျဉ်းမနားမြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်၊ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦး၊ အမှတ် (၆) မူလွန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချို၊ မြန်မာ့အလင်း သတင်းထောက် ဦးဇော်မျိုးနိုင်၊ ပြည့်စုံလမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ အတွင်းရေးမှူး ဦးစည်သူတို့က ဖွင့်ပွဲမုခ်ဦးထိပ်တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က အမှာစကားပြောကြားပြီး ရမည်းသင်းစုနယ်မြေ အုပ်ချုပ်မှုတာဝန်ခံရာအိမ်မှူး ဦးဇော်မျိုးနိုင်က ရပ်ကွက်နေပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ တာဝန်ရှိ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများက လမ်းတစ်လျှောက် လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**



# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာပြင်သစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Christian Lechervy အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ပြင်သစ်- မြန်မာနှစ်နိုင်ငံလွှတ်တော်အချင်းချင်း ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Christian Lechervy အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြင်သစ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Christian Lechervy အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ- ပြင်သစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်ချင်း ပိုမိုခိုင်မာစွာဆက်သွယ်ဆောင်ရွက်ရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H. E. Mr. Christian Lechervy အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်မှုအခြေအနေ လွယ်ကူတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု တိုင်းတာချက်များမှာ လမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပြောကြား

**နေပြည်တော် နိုဝင်ဘာ ၆**

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော **"၂၀၁၉ ခုနှစ် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မှု အခြေအနေ အစီရင်ခံစာ"** အရ မြန်မာနိုင်ငံ၏ ရမှတ် (အမှတ်အမြင့်ဆုံးနိုင်ငံ၏ရမှတ်ဖြစ်သည့် ၁၀၀ မှတ်သို့ အကွာအဝေး) မှာ ယခင် ၄၄ ဒသမ ၂၁ မှတ်မှ ယခု ၄၄ ဒသမ ၇၂ မှတ်သို့ တိုးမြင့်ရရှိခဲ့ကြောင်း သိရပါသည်။

**အမြင့်ဆုံးအမှတ်**

ယင်းရမှတ်သည် အကောင်းဆုံးနိုင်ငံမှ အညွှန်းကိန်းတစ်ခုချင်းစီ၏ ဆောင်ရွက်ချက်များအပေါ် မူတည် တိုင်းတာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အမြင့်ဆုံးအမှတ်သည် ၁၀၀မှတ်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ အမှတ်မှာ ၄၄ ဒသမ ၇၂ မှတ် ရရှိကြောင်းကို တိုင်းတာဖော်ပြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်မှု အခြေအနေအဆင့်သည် ယခင်နှစ်ကအတိုင်း အဆင့် ၁၇၁ ဖြစ်သည်။ (အဆင့်သည် မြန်မာနိုင်ငံနှင့် အခြား နိုင်ငံများကို နှိုင်းယှဉ်ဖော်ပြသည့်တိုင်းတာမှု ဖြစ်သည်။)

**ပဋိညာဉ်များအတည်ပြုဆောင်ရွက်**

ကမ္ဘာ့ဘဏ်သည် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်မှု အခြေအနေ အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်သည်ဖြစ်ရာ အညွှန်းကိန်း ၁၀ ခု ဖြင့် တိုင်းတာဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၉၀ ကိုတိုင်းတာခြင်း ဖြစ်သည်။ အညွှန်းကိန်း ၁၀ ခုမှာ - စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း၊ ဆောက်လုပ်ခွင့်ရယူခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ ချေးငွေရရှိနိုင်မှု၊ အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း၊ အခွန်ပေးဆောင်မှု၊ ပြည်ပကုန်သွယ်မှု၊ ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်းနှင့် အကြွေးမဆပ်နိုင်မှု အခြေအနေကို ဖြေရှင်းပေးနိုင်မှုစသည်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်မှုအဆင့်သည် ယခုနှစ်တွင် အပြောင်းအလဲ မရှိသော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်မှု အခြေအနေဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဖြစ်သူ ဒုတိယဝန်ကြီး ဦးအောင်ထူးသည် အနာဂတ်အလားအလာအပေါ် အကောင်းမြင်ဆဲဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ လုပ်ဆောင်ချက်တွေ အားလုံးဟာ ယေဘုယျအားဖြင့် တိုးတက်နေပါတယ်။ ဒါပေမယ့် အခြားနိုင်ငံတွေဟာလည်း အလားတူ ဆောင်ရွက်နေကြတယ်။ ဒါ့မှမဟုတ် ပိုမိုကောင်းမွန်အောင် ကြိုးစားနေကြတာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့အဆင့်ဟာ မပြောင်းလဲဘဲ ယခင်အတိုင်းရှိနေတာ ဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောဆိုခဲ့သည်။

**ရည်မှန်းချက်ထားဖို့လိုအပ်**

"ပြီးခဲ့တဲ့နှစ်အတွင်းက မြန်မာနိုင်ငံအနေနဲ့အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တာတွေဟာ ပြုပြင်ပြောင်းလဲရေးအတွက် တိကျခိုင်မာတဲ့မူဘောင်တစ်ခုအနေနဲ့ နေရာယူထားပြီဖြစ်ပါတယ်။ ပါဝင်ဆောင်ရွက်သူများရဲ့ ခိုင်မာတဲ့ သံန္နိဋ္ဌာန်နဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် လာမယ့်နှစ်များအတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်မှု အခြေအနေတွေဟာ သိသိသာသာနဲ့ရေရှည် အစဉ်တစိုက်တိုးတက်လာမှာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါဟာ သံန္နိဋ္ဌာန်ချပြီး ရေရှည်ကြိုးစား ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စဉ်ဆက်မပြတ် တိုးတက်မှုတွေရရှိလာအောင် ရည်မှန်းချက်ထားဖို့လိုအပ်ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောဆိုခဲ့ပါသည်။

**တွန်းအားဖြစ်စေ**

"ရလဒ်အနေနဲ့ကတော့ ကြိုးနီစနစ်တွေ လျော့နည်းပပျောက်သွားမှာ ဖြစ်သလို စီးပွားရေးလုပ်ငန်းတွေ ပိုပြီးလွယ်ကူစွာလုပ်ကိုင်လာနိုင်မယ်၊ သူတို့ရဲ့လုပ်ငန်းတွေကို အကောင်းဆုံးလုပ်ကိုင်ခွင့်ပေးနိုင်တဲ့စီးပွားရေးဝန်းကျင်တစ်ခုကိုရရှိလာမှာ ဖြစ်ပါတယ်။ ဒီတိုးတက်ပြောင်းလဲမှုဟာ ပြည်တွင်း/ ပြည်ပ စီးပွားရေးလုပ်ငန်းတွေအတွက် အရေးကြီးတဲ့သတင်းစကားဖြစ်လို့ ကုမ္ပဏီထူထောင်ခြင်း၊ အလုပ်အကိုင်သစ်များဖန်တီးခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချခြင်း စတဲ့လုပ်ငန်းရပ်တွေမှာ တွန်းအားဖြစ်စေမှာဖြစ်ပါတယ်။"

**ပူးပေါင်းဆောင်ရွက်မှု**

ပြီးခဲ့သည့်နှစ်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှာ - ၂၀၁၈ ခုနှစ် ဇန်နဝါရီလက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မှုအခြေအနေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်း၊ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ဒုတိယသမ္မတဦးမြင့်ဆွေဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ကော်မတီထံသို့ ပုံမှန်အစီရင်ခံမှုများဆောင်ရွက်ခဲ့ခြင်း၊ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် အသေးစိတ်လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ ဝန်ကြီးဌာနများအတွင်း ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ကဏ္ဍနှင့်အများပြည်သူသို့ အသိပညာပေးရန် အစီအစဉ်များရေးဆွဲခြင်း၊ ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် လွှင့်တင်နိုင်မည်ဖြစ်သည့် ဝက်ဘ်ဆိုက်ကို ပြင်ဆင်ရေးသားလျက်ရှိခြင်းစသည်တို့ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

**အသေးစိတ်ဖော်ပြနေ**

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ကထုတ်ပြန်ခဲ့သော ၂၀၁၉ ခုနှစ် အစီရင်ခံစာသည် အချက်အလက်ပေးပို့ရန် သတ်မှတ်ကာလအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး အချက် ၂ ချက်ကို အသိအမှတ်ပြုလက်ခံခဲ့ပါသည်။ ၎င်းတို့မှာကုမ္ပဏီမှတ်ပုံတင်ကြေးကို ထက်ဝက်လျှော့ချခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်မှုပိုမိုအဆင်ပြေစေခြင်းနှင့်လျှပ်စစ်မီးရရှိခြင်းတွင် ယုံကြည်စိတ်ချရမှု တိုးတက်လာခြင်းနှင့် လျှပ်စစ်မီးတာခနှုန်းထားဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားခြင်းစသည်တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ယခုအခါတွင် လျှပ်စစ်မီးပြတ်တောက်မှုကြာချိန်၊ နေရာဒေသနှင့် လျှပ်စစ်မီးပြတ်တောက်ရခြင်း အကြောင်းများကို မှတ်တမ်းမှတ်ရာဖြင့် (ဌာနဆိုင်ရာဝက်ဘ်ဆိုက်တွင်) အသေးစိတ်ဖော်ပြနေပြီ ဖြစ်ပါသည်။

"၂၀၁၉ ခုနှစ် အစီရင်ခံစာအတွက် ပြုပြင်ပြောင်းလဲမှုများကို မှတ်တမ်းယူရာမှာ ၂၀၁၈ ခုနှစ် ဧပြီလကုန် အချိန်အထိ ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုများကိုသာ မှတ်တမ်းတင်တာဖြစ်ပါတယ်။ ဒါကြောင့် လတ်တလောဆောင်ရွက်ထားတဲ့ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်တွေဟာ ဒီနှစ်အစီရင်ခံစာမှာ မပါဝင်ပါဘူး။ ဥပမာ - ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ ကုမ္ပဏီဥပဒေသစ်ပြဋ္ဌာန်းတာ၊ အဲဒီနေ့မှာပဲ အီလက်ထရွန်နစ်စနစ်နဲ့ မှတ်ပုံတင်တဲ့ (MyCo) ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ယခုအခါအွန်လိုင်းမှ ဆောင်ရွက်နိုင်တာ၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာတင်တာနဲ့ လျှပ်စစ်မီးချိတ်ဆက်နိုင်ဖို့ လျှောက်လွှာတင်တဲ့အခါ ဆောင်ရွက်ရမယ့် လုပ်ငန်းအဆင့်တွေကို လျှော့ချလိုက်တာစသည်တို့ ဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောကြားခဲ့ပါသည်။

ထို့အပြင် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေသစ်ကို လွှတ်တော်သို့ တင်သွင်းလိုက်ပြီဖြစ်ပါသည်။ **အောင် (စီးကူး)**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၆၇ / ၂၀၁၈ )**
**၁၃၈၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )**
**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၁၅.၆.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၁/၂၀၁၆) နှင့် ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၁/၂၀၁၈) တို့တွင် ဖော်ပြထားသည့်အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| (၁) ကြည်း ၁၆၅၆၁<br>ဗိုလ်မှူးချုပ် ဝင်းကိုကို | **အစား** | ကြည်း ၂၂၃၈၂<br>ဗိုလ်မှူးကြီး ဟန်သူ |
| (၂) ကြည်း ၂၉၄၇၇<br>ဒုတိယဗိုလ်မှူးကြီး မင်းသော်အေး | **အစား** | ကြည်း ၃၁၇၆၀<br>ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်း |
| (၃) ကြည်း ၂၆၈၃၉<br>ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ | **အစား** | ကြည်း ၂၂၃၈၅<br>ဗိုလ်မှူးကြီး မိုးမင်းသိန်း |
| (၄) ကြည်း ၂၉၁၄၉<br>ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ကျော် | **အစား** | ကြည်း ၂၈၂၀၇<br>ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်း |
| (၅) ကြည်း ၃၃၁၇၀<br>ဗိုလ်မှူး သက်မိုးအောင် | **အစား** | ကြည်း ၂၆၇၉၁<br>ဗိုလ်မှူးကြီး ကျော်စိုးလွင် |
| (၆) ကြည်း ၃၃၅၃၉<br>ဗိုလ်မှူး နှင်းစိုး | **အစား** | ကြည်း ၃၆၃၉၀<br>ဗိုလ်မှူး သန့်ဇင် |
| (၇) ရေ ၃၆၈၁<br>ဗိုလ်မှူး မျိုးကိုကို | **အစား** | ရေ ၄၀၈၉<br>ဗိုလ်မှူး ဇော်မင်းဦး |
| (၈) ကြည်း ၆၇၅၄၀<br>ဗိုလ်ကြီး ဒေါ်ပြည့်ပြည့်သူ | **အစား** | ကြည်း ၆၇၅၁၇<br>ဗိုလ်ကြီး ဒေါ်ခင်ငြိမ်းချမ်း |

**( လုံသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၆၈ / ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )**
**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက် အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါကော်မရှင်၏ကြေညာချက်အမှတ်(၂/၂၀၁၆)၊ ၁၆.၅.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၉/၂၀၁၇)၊ ၆. ၆. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၃/၂၀၁၇)နှင့် ၁၄.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၀/၂၀၁၇)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| (၁) ကြည်း ၁၈၀၇၈<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်အုန်း | **အစား** | ကြည်း ၃၃၇၅၂<br>ဗိုလ်မှူး ဝင်းမင်းသန့် |
| (၂) ကြည်း ၃၄၇၁၁<br>ဗိုလ်မှူး တင့်လွင်အေး | **အစား** | ကြည်း ၃၃၅၂၀<br>ဗိုလ်မှူး ကျော်မိုးသွင် |
| (၃) ကြည်း ၂၉၆၄၃<br>ဒုတိယဗိုလ်မှူးကြီး တင်လင်းဦး | **အစား** | ကြည်း ၂၁၀၉၃<br>ဗိုလ်မှူးကြီး ညွန့်ဝင်းအောင် |
| (၄) ကြည်း ၃၄၈၇၇<br>ဗိုလ်မှူး ဇော်ထွန်း | **အစား** | ကြည်း ၄၂၅၄၈<br>ဗိုလ်မှူး ဇာနည်ထက်အောင် |
| (၅) ကြည်း ၂၅၁၆၈<br>ဗိုလ်မှူး ခင်မောင်ချို | **အစား** | ကြည်း ၃၉၆၈၇<br>ဗိုလ်မှူးကျော်ဖြိုးဝင်း |
| (၆) ကြည်း ၂၉၆၁၅<br>ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော | **အစား** | ကြည်း ၂၃၃၇၈<br>ဒုတိယဗိုလ်မှူးကြီး ဉာဏ်ရွှေ |
| (၇) ကြည်း ၂၇၃၇၀<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး | **အစား** | ကြည်း ၆၇၄၉၁<br>ဗိုလ်ကြီး ဒေါ်အေးသဉ္ဇာကျော် |
| (၈) ကြည်း ၂၉၁၁၀<br>ဗိုလ်မှူး မျိုးမင်းအောင် | **အစား** | ကြည်း ၂၈၀၀၁<br>ဗိုလ်မှူးတင်လတ် |

**( လုံသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၆၉/ ၂၀၁၈ )**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၈ ခုနှစ်၊နိုဝင်ဘာလ ၆ ရက်)**
**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃/၂၀၁၆)၊ ၁၄.၁၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၈/၂၀၁၆)၊ ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂၆/၂၀၁၇)နှင့် ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၆၃/၂၀၁၈)တွင်ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃၀)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| (က) **ကချင်ပြည်နယ်လွှတ်တော်** | | |
| ကြည်း ၂၀၀၈၁<br>ဗိုလ်မှူးကြီး သူရမျိုးတင် | **အစား** | ကြည်း ၂၃၇၄၂<br>ဗိုလ်မှူးကြီး နေလင်းထွန်း |
| (ခ) **ကယားပြည်နယ်လွှတ်တော်** | | |
| ကြည်း ၃၀၆၄၀<br>ဗိုလ်မှူး မျိုးမြင့် | **အစား** | ကြည်း ၃၆၃၅၉<br>ဗိုလ်မှူး အောင်ကိုကို |
| (ဂ) **ကရင်ပြည်နယ်လွှတ်တော်** | | |
| (၁) ကြည်း ၂၈၂၈၈<br>ဒုတိယဗိုလ်မှူးကြီး မင်းရဲထွေး | **အစား** | ကြည်း ၂၂၇၉၈<br>ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း |
| (၂) ကြည်း ၃၆၂၁၇<br>ဗိုလ်မှူး တေဇာအောင် | **အစား** | ကြည်း ၃၅၉၈၅<br>ဗိုလ်မှူး ဇော်လတ်ဝင်း |
| (ဃ) **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | |
| ကြည်း ၂၁၀၅၇<br>ဗိုလ်မှူး ဖုန်းမြင့်နိုင် | **အစား** | ကြည်း ၃၄၇၈၇<br>ဗိုလ်မှူး စိုးဝင်းမြင့် |
| (င) **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | | |
| (၁) ကြည်း ၂၀၅၈၆<br>ဗိုလ်မှူးကြီး မြင့်ဆွေ | **အစား** | ကြည်း ၂၇၃၇၄<br>ဗိုလ်မှူးကြီး အောင်မျိုးမင်း |
| (၂) ကြည်း ၃၄၈၃၆<br>ဗိုလ်မှူး ကိုမင်း | **အစား** | ကြည်း ၄၈၇၄၆<br>ဗိုလ်ကြီး ကျော်စွာဝင်း |
| (စ) **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | |
| (၁) ကြည်း ၂၉၁၄၈<br>ဗိုလ်မှူး ဖြိုးမင်းသန့် | **အစား** | ကြည်း ၄၀၃၉၃<br>ဗိုလ်မှူး အောင်ဆန်းလင်း |
| (၂) ကြည်း ၃၇၇၀၁<br>ဗိုလ်မှူး ဝင်းဟန် | **အစား** | ကြည်း ၃၉၁၆၂<br>ဗိုလ်မှူး ကျော်သူရိန်အောင် |
| (ဆ) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | | |
| (၁) ကြည်း ၂၆၁၃၀<br>ဒုတိယဗိုလ်မှူးကြီး နေမျိုးဝေ | **အစား** | ကြည်း ၂၂၇၀၁<br>ဒုတိယဗိုလ်မှူးကြီး ရဲမြင့် |
| (၂) ကြည်း ၃၃၅၂၆<br>ဗိုလ်မှူး ကျော်မြင့်အောင် | **အစား** | ကြည်း ၃၃၅၃၂<br>ဗိုလ်မှူး မျိုးမင်းလတ် |
| (ဇ) **မွန်ပြည်နယ်လွှတ်တော်** | | |
| (၁) ကြည်း ၁၉၃၁၉<br>ဗိုလ်မှူးကြီး ဝင်းနိုင်ဦး | **အစား** | ကြည်း ၂၆၉၃၉<br>ဗိုလ်မှူးကြီး နေထွဋ်ဦး |
| (၂) ရေ ၃၇၀၀<br>ဗိုလ်မှူး သိန်းဇော် | **အစား** | ရေ ၄၂၁၉<br>ဗိုလ်မှူး နေမျိုးထွန်း |
| (ဈ) **ရခိုင်ပြည်နယ်လွှတ်တော်** | | |
| ကြည်း ၂၄၃၂၇<br>ဒုတိယဗိုလ်မှူးကြီး ချိုဦး | **အစား** | ကြည်း ၂၇၀၁၀<br>ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ် |
| (ည) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | | |
| (၁) ကြည်း ၃၀၅၇၅<br>ဒုတိယဗိုလ်မှူးကြီး သန့်ဇင်လှိုင် | **အစား** | ကြည်း ၂၉၆၉၀<br>ဒုတိယဗိုလ်မှူးကြီး သန်းလွင် |
| (၂) ကြည်း ၂၈၅၂၁<br>ဗိုလ်မှူး မော်သူရိန် | **အစား** | ကြည်း ၃၉၉၉၂<br>ဗိုလ်မှူး အောင်နွေစိုး |
| (၃) ကြည်း ၂၇၄၀၃<br>ဗိုလ်မှူး မျိုးခိုင် | **အစား** | ကြည်း ၃၉၅၉၉<br>ဗိုလ်မှူး ဝေယံလင်း |
| (၄) ကြည်း ၃၆၇၈၁<br>ဗိုလ်မှူး ကျော်ကျော်ဝိုင်း | **အစား** | ကြည်း ၅၄၅၅၇<br>ဗိုလ်ကြီး ကိုကို |
| (၅) လေ ၂၈၅၄<br>ဗိုလ်မှူး မျိုးမင်းထွန်း | **အစား** | လေ ၃၁၃၈<br>ဗိုလ်မှူး ခိုင်မျိုးထွန်း |
| (၆) ကြည်း ၂၇၇၆၉<br>ဗိုလ်ကြီး ခင်မောင်ဝင်း | **အစား** | ကြည်း ၅၂၀၉၀<br>ဗိုလ်ကြီး ရဲရင့်ဝင်း |

*စာမျက်နှာ ၉ သို့*

# မူဘောင်အတိုင်းလုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် အထောက်အကူ အများကြီးပြုနိုင်မယ်

ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း

**NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ကျင်းပခဲ့ပါသည်။**

သုံးရက်တာကျင်းပခဲ့သည့် ယင်းအစည်းအဝေးနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှ ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် အစိုးရအစုအဖွဲ့မှ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

**ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း (တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှ ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဋ္ဌ)**

"ပြီးခဲ့တဲ့ အောက်တိုဘာ ၁၅ ရက်မှာ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် ထိပ်သီးခေါင်းဆောင်တွေနဲ့ အစိုးရဘက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အပါအဝင် ခေါင်းဆောင်ကြီးများ သီးသန့်အစည်းအဝေးလုပ်ပါတယ်။ အဲဒီအစည်းအဝေးမှာ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပါ။ ကောင်းအောင် လုပ်ပေးပါဆိုတဲ့ ညွှန်ကြားချက်ရှိတယ်။ ဒါကြောင့် ဒီအတိုင်း ကျွန်တော်တို့ ဆောင်ရွက်တာ ဖြစ်တယ်။

**လမ်းညွှန်ချက်များ ချပေး**

"နောက် အရေးကြီးတဲ့ ကိစ္စတွေမှာလည်း ခေါင်းဆောင်ကြီးများကိုယ်တိုင်ပါဝင်ပြီး ဆုံးဖြတ်ချက်တွေ၊ လမ်းညွှန်ချက်တွေ ချပေးနိုင်ဖို့ဆိုတာ ရှိပါတယ်။ အဲဒါကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) နဲ့ သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မူဘောင်ကို စနစ်တကျ ထည့်သွင်းဖို့ လိုအပ်ပါတယ်။ ယခင်က JICM ရဲ့ မူဘောင်မှာ JICM ကို ပေးထားတာက တစ်ခုပဲရှိတယ်။ အခက်အခဲရှိရင် ဖြေရှင်းဖို့ဆိုတဲ့ နည်းလမ်းဖြစ်တယ်။ အခုက အခက်အခဲ ရှိရှိ၊ မရှိရှိ UPDJC ကို ကြီးကြပ်ပေးဖို့၊ လမ်းကြောင်းချပေးဖို့၊ လမ်းညွှန်ချက်တွေပေးဖို့ဆိုတာ တကယ့်ထိပ်သီး ခေါင်းဆောင်တွေမှာ အများကြီးပါဝင်ဖို့ လိုအပ်တယ်ဆိုတာ တွေ့ရတယ်။ ဒါကြောင့် JICM ကို လုပ်ပိုင်ခွင့်တွေ အများကြီးပိုပေးပြီး မြှင့်တင်ထားတာရှိတယ်။ အဲဒီမြှင့်တင်ထားတဲ့အပိုင်းကို မူဘောင်မှာ စနစ်တကျ ပြန်ထည့်ထားတယ်။

**စနစ်တကျလုပ်ရန်လို**

"အဲဒါအပြင် ထိပ်သီးအစည်းအဝေးမှာ ဆုံးဖြတ်ပေးလိုက်တာက UPDJC ကို အစည်းအဝေးပုံစံမျိုးနဲ့ လုပ်ရုံနဲ့ မလုံလောက်ဘူး။ UPDJC အတွင်းရေးမှူးအဖွဲ့ကိုလည်း သုံးလတစ်ခါလောက်တွေ့ရုံနဲ့ တိုင်းပြည်အတွက် အရေးကြီးတဲ့ကိစ္စကို အစည်းအဝေးပုံစံလုပ်လို့ အဆင်မပြေဘူး။ အမြဲတမ်း စဉ်ဆက်မပြတ်ကော်မတီတစ်ခုလို လုပ်ဖို့ဆိုတဲ့ ညွှန်ကြားချက်ရှိပါတယ်။ ဒါကြောင့် UPDJC ကို အမြဲတမ်းကော်မတီပုံစံ အစည်းအဝေးထိုင်နိုင်ဖို့နဲ့ အတွင်းရေးမှူးအဖွဲ့လည်း အလုပ်လုပ်နိုင်ဖို့ ရုံးရှိဖို့လိုတယ်။ ရုံးတွေ စနစ်တကျလုပ်ဖို့လိုတယ်။ နည်းပညာအထောက်အကူပေးနိုင်တဲ့ ပညာရှင်တွေနဲ့လည်း စဉ်ဆက်မပြတ်တွေ့ဆုံဖို့ကို ဖန်တီးဖို့လိုတယ်။ ဒါကို ဆောင်ရွက်ဖို့ဆိုတာ ပါပါတယ်။

"အခုဆွေးနွေးပွဲအများစုက လုပ်ငန်း ကော်မတီမှာ လုပ်တာဖြစ်တယ်။ လုပ်ငန်းကော်မတီမှာ အလုပ်လုပ်နိုင်ဖို့အတွက် အခင်းအကျင်းတစ်ခု ဖန်တီးပေးဖို့ လိုတယ်။ ဒါတွေကို အခု အစည်းအဝေးမှာ ဆွေးနွေးထားတယ်။ ဒါကို လူကြီးတွေဆီ တင်ပြမယ်။ မကြာခင်မှာ UPDJC အစည်းအဝေးခေါ်ယူပြီး အတည်ပြုမယ်။ အခုရေးဆွဲနေတဲ့ ပုံစံအတိုင်း ညီလာခံကို ကျင်းပမယ်ဆိုရင် ညီလာခံမှာ ဆုံးဖြတ်အတည်ပြုပေးတဲ့ ပုံစံကိုလည်း တတ်နိုင်သရွေ့ပိုပြီးစနစ်ကျအောင် လုပ်ထားတာရှိတယ်။ အခု မူဘောင်အတိုင်းလုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် အထောက်အကူ အများကြီး ပြုနိုင်မယ်လို့ ပြောချင်ပါတယ်။

**အကောင်းဆုံးဖြစ်အောင် ကြိုးစား**

"အခုအစည်းအဝေးက အတွင်းရေးမှူးနဲ့ နည်းပညာအစည်းအဝေး ဖြစ်တယ်။ ဒါ့ကြောင့် ဒီနေ့ဆွေးနွေးတဲ့ ဆွေးနွေးချက်အားလုံးကို အဖွဲ့အစည်းအသီးသီးမှာ တင်ပြမယ်။ အတည်ပြုမယ်။ ကရင်အမျိုးသားအစည်းအရုံး (KNU) အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး မကြာခင် ကျင်းပရင် ပြန်လည်ပါဝင်မယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ မျှော်လင့်တယ်။ အဲ့ဒီအခါ ကျွန်တော်တို့ တင်ပြတာကို KNU အနေနဲ့ ပြင်ချင်တယ်ဆိုရင် ပြင်လို့ရတယ်။ ဒါကို UPDJC မှာ တင်ပြမယ်။ အဆုံးအဖြတ်ပေးတာကတော့ UPDJC ဖြစ်ပါတယ်။ NCA စာချုပ်အရ ဆောင်ရွက်တာမို့ UPDJC ဟာ မူဘောင်ကို ပြုပြင်နိုင်တဲ့ အာဏာရှိပါတယ်။ နိုဝင်ဘာလအတွင်း UPDJC အစည်းအဝေးခေါ်ဖို့ အစိုးရနဲ့ နိုင်ငံရေးပါတီတွေက တင်ပြတာရှိပါတယ်။ အဲဒါကိုလည်း ဆွေးနွေးဖို့ ယူသွားပြီး PPST မှာ တိုင်ပင်မှာ ဖြစ်ပါတယ်။ အခက်အခဲ အများကြီးရှိပါတယ်။ ဘယ်လောက်ပဲရှိရှိ ကျွန်တော်တို့အားလုံး ကျော်ဖြတ်မယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ဆောင်ရွက်ပါမယ်။"



ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း



ဦးလှမောင်ရွှေ

**ဦးလှမောင်ရွှေ (UPDJC အတွင်းရေးမှူးအဖွဲ့ဝင်)**

"အခုအစည်းအဝေးကရတဲ့ ကျွန်တော်တို့ရဲ့ မူဘောင် သဘောထား စုစည်းချက်တွေကို သက်ဆိုင်ရာအစုအဖွဲ့တွေက သက်ဆိုင်ရာ ခေါင်းဆောင်တွေဆီ ပြန်သယ်သွားမယ်။ UPDJC အတွင်းရေးမှူးတွေရဲ့ အစည်းအဝေးမှာ ဒါကို စုစည်းပြီး (၁၈) ကြိမ်မြောက် UPDJC အစည်းအဝေးမှာ ပြန်လည်တင်သွင်းပြီး ညှိနှိုင်းမယ်။ သဘောတူညီချက်တွေ ယူမယ်။ အဲဒီသဘောတူညီချက်တွေနဲ့အညီ လာမယ့်ညီလာခံကို ဆက်လက်ကျင်းပပါမယ်။ အခု မူဘောင်သုံးသပ်ချက်က ပြီးခဲ့တဲ့ ညီလာခံရဲ့အတွေ့အကြုံကိုယူပြီး ခက်ခဲနေတဲ့ အချို့အပိုင်းတွေကို ရှင်းလင်းလွယ်ကူအောင် လုပ်ဆောင်ဖို့ ဆိုတာရှိတယ်။ ဒါပေမယ့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ဒီမှာ သဘောတူလို့ မရဘူး။ သူတို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ကို ပြန်တင်ပြရမယ်။ အစုအဖွဲ့သုံးစုလုံးရဲ့အမြင်က ကွဲပြားတာ မတွေ့ရဘူး။ ကျွန်တော်တို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့ဘက်မှာ အခက်အခဲမရှိဘူး။ နိုင်ငံရေးပါတီအစုအဖွဲ့လည်း မရှိဘူး။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဘက်မှာတော့ သူတို့ရဲ့ခေါင်းဆောင်တွေကို ပြန်တင်ပြရမယ်ဆိုတဲ့ ကန့်သတ်ချက်ရှိတာကြောင့် သဘောထား စုစည်းချက်လို့ပဲသုံးပြီး အဆုံးသတ်နိုင်တဲ့ အနေအထားပါ။

**ညှိနှိုင်းရန်ရှိ**

နိုဝင်ဘာလ ၁၂ ရက်နဲ့ ၁၃ ရက်မှာတော့ နေပြည်တော်မှာ စုစည်းချက်တွေထဲကနေ သီးခြားတာဝန်ပေးတဲ့ အတွင်းရေးမှူးတွေကနေ လုပ်ငန်းလမ်းညွှန် (ToR) တွေကိုတွေ့ပြီး ညှိဖို့ရှိတယ်။ အတွင်းရေးမှူးအစည်းအဝေးကို အစိုးရ၊ တပ်မတော်ဘက် အဆိုပြုတာရှိတယ်။ အဲဒီရက်တွေမှာ လုပ်နိုင်ဖို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ကလည်း အကြောင်းပြန်ပါမယ်။ နိုဝင်ဘာလ မကုန်ခင် UPDJC အစည်းအဝေးခေါ်နိုင်ဖို့ ညှိနှိုင်းချက်တွေမှာ ပါပါတယ်။ ဒါတွေကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဘက်က အတည်ပြုအကြောင်းပြန်တာမျိုး လုပ်ပေးရမယ်။

**ရဲခေါင်ညွှန့်၊ ဓာတ်ပုံ - ဖိုးထောင်**

စာမျက်နှာ ၈ မှ

(၄) ရှမ်းပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| (၁) ကြည်း ၂၄၉၅၆ ဗိုလ်မှူး ဇော်ထွန်း | အစား | ကြည်း ၃၇၄၆၂ ဗိုလ်မှူး စိုးရန်နိုင် |
| (၂) ကြည်း ၂၆၁၉၀ ဗိုလ်မှူး အောင်မျိုးကြည် | အစား | ကြည်း ၄၀၀၄၆ ဗိုလ်မှူး ပြည့်ဖြိုးအောင် |
| (၃) ကြည်း ၂၄၁၆၆ ဗိုလ်မှူး သန်းထွန်းဦး | အစား | ကြည်း ၃၂၂၅၇ ဗိုလ်မှူး အောင်မျိုးမင်း |
| (၄) ကြည်း ၃၃၅၂၂ ဗိုလ်မှူး အောင်ဇော်မျိုး | အစား | ကြည်း ၄၀၁၃၄ ဗိုလ်မှူး ကျော်ဇင်ထိုက် |
| (၅) ကြည်း ၃၆၁၃၃ ဗိုလ်မှူး ဖြိုးဝေဇော် | အစား | ကြည်း ၃၆၁၃၇ ဗိုလ်မှူး မျိုးမင်းထွန်း |
| (၆) ကြည်း ၃၁၆၅၆ ဗိုလ်ကြီး မြင့်ထွန်းနိုင် | အစား | ကြည်း ၅၆၈၅၂ ဗိုလ်ကြီး ပြည့်စုံကိုကို |
| (၇) ကြည်း ၃၄၉၀၈ ဗိုလ်ကြီး စိုးခိုင် | အစား | ကြည်း ၅၄၄၆၇ ဗိုလ်ကြီး လွှမ်းမိုးအောင် |

(၅) ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

| | | |
|---|---|---|
| (၁) ကြည်း ၃၇၉၆၁ ဗိုလ်မှူး ကိုကိုမောင် | အစား | ကြည်း ၃၃၅၃၅ ဗိုလ်မှူး နိုင်ထူးအေး |
| (၂) လေ ၂၈၈၀ ဗိုလ်မှူး ဝဏ္ဏစိုး | အစား | လေ ၂၈၅၉ ဗိုလ်မှူး ဇေယျာမြင့် |
| (၃) လေ ၃၀၇၄ ဗိုလ်မှူး အောင်ကျော်မိုး | အစား | လေ ၂၉၅၃ ဗိုလ်မှူး မျိုးမြင့်အောင် |

(လုသိန်း)

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အာဆီယံဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်းအနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ကမ္ဘောဒီးယားအသင်းကို ၁၁ ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

မြန်မာအသင်းသည် ပထမပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားကို ရှုံးနိမ့်ခဲ့သောကြောင့် အားကုန်ထုတ်ကစားခဲ့ပြီး အမှတ်ပြည့် ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အနိုင်ဂိုးများကို နိုင်လင်းထွန်းကျော်က သုံးဂိုး၊ ပြည့်ဖြိုးမောင်(၂) နှင့် ပြည့်ဖြိုးမောင်(၃) တို့က နှစ်ဂိုးစီ၊ ကျော်စိုးမိုး၊ အောင်ဇင်ဦး၊ ငြိမ်းမင်းစိုးနှင့် နိုင်ရဲကျော်တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ အုပ်စု(က) အခြားပွဲတွင် မလေးရှားအသင်းက အင်ဒိုနီးရှားအသင်းကို ခုနစ်ဂိုး - ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် ယင်းအုပ်စုတွင် မလေးရှားအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ အင်ဒိုနီးရှားနှင့် မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်စီရထားပြီး ကမ္ဘောဒီးယားအသင်းက နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် အုပ်စု နောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၇ ရက် **(ယနေ့)** တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။

**ရဲရင့်ရှိုင်း**

## မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံအတွင်း ထူးချွန်သော လူငယ်ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မျိုးဆက်သစ်လူငယ် ဂေါက်သီးအားကစားသမားများ အဖွဲ့က ကြီးမှူး၍ လင်းအောင်ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးသည့် ၂၀၁၈-၂၀၁၉ ခုနှစ် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက် တို့တွင် ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် မျိုးဆက်သစ်များအား ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး သက်တမ်းများကို ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက်၊ ၁၈ နှစ်အောက်ဟူ၍ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အန်ဒရူး ဂေါက်သီးစည်းမျဉ်းစည်းကမ်းများနှင့် ဒေသန္တရစည်းမျဉ်းစည်းကမ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် နိုဝင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီအထိ နောက်ဆုံးထား၍ အမည်စာရင်းများအား မျိုးဆက်သစ်လူငယ် ဂေါက်သီးအားကစားသမားများအဖွဲ့မှ ဖုန်း- ၀၉-၅၁၃၂၅၅၁ ၊ ၀၉-၅၀၁၉၈၈၈ တို့သို့ ဆက်သွယ်၍ မှတ်ပုံတင်၊ သန်းခေါင်စာရင်း(မိတ္တူ)များ ပေးပို့၍ စာရင်းပေးသွင်းနိုင်သည်။

ပြိုင်ပွဲဝင်ကြေး အခမဲ့သတ်မှတ်ထားပြီး ခရီးစဉ်အသွားအပြန်နှင့် နေထိုင်စရိတ်များကို မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ အမည်စာရင်းပေးသွင်းထားပြီး အကြောင်းအမျိုးမျိုးကြောင့် လာရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိပါက ပြိုင်ပွဲကျင်းပရေးကော်မတီထံသို့ အချိန်မီ အကြောင်းကြားရန်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

**အများပြည်သူသို့ အသိပေးပန်ကြားခြင်း**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ ဓာတ်အားလိုင်းကြိုးပြတ်ကျခြင်းစသော လျှပ်စစ်နှင့်ပတ်သက်သည့် လိုအပ်ချက်များရှိပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားနိုင်ရန်အတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအသီးသီးတွင် တပ်ဆင်ထားသော တယ်လီဖုန်းများအပြင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရုံးချုပ်၊ Call Center တွင် လက်ရှိဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အော်တိုတယ်လီဖုန်းများအစား အော်တိုဖုန်းအမှတ် (1717) သို့ နိုဝင်ဘာ ၁ ရက်မှစ၍ ပြောင်းလဲဆက်သွယ်ခေါ်ယူပေးနိုင်ပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်းတိုးတက်ဖို့ အစည်းအဝေးတွေ နှစ်ပတ်တစ်ကြိမ် ကျင်းပတယ်။ အစည်းအဝေးကျင်းပပြီးတော့ ကျွန်တော်တို့ ဘာတွေဆက်လုပ်ဖို့ လိုသလဲဆိုတာ ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်တယ်

ဦးအောင်ထူး(ဒုတိယဝန်ကြီး)

## “ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**“ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးဇေယျသူရမွန်တို့က ပါဝင်ဆွေးနွေးကြသည်။**

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ပါ။ ဆက်လက်ပြီးတော့ ဒုတိယဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံမှာ ဒီအညွှန်းကိန်းတွေ တက်အောင် ဘာတွေ လုပ်ဆောင်နေသလဲဆိုတာကိုလည်း ပြောပြပေးပါဦး။**

**ဒုတိယဝန်ကြီး။ ။** ဒီအညွှန်းကိန်းတွေ တိုးတက်အောင် ပတ်သက်ပြီးတော့ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ရှေ့ပိုင်းမှာ ထဲထဲဝင်ဝင် သိပ်ပြီးတော့မသိတဲ့ သဘော ရှိပါတယ်။ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ထဲထဲဝင်ဝင် ပိုပြီးတော့မှ လုပ်လာတဲ့ သဘောရှိတယ်။ အဲဒီအခါမှာ ပထမသူတို့ အညွှန်းကိန်းတွက်တဲ့အခါမှာ ဘာလုပ်သလဲဆိုရင် အစိုးရဌာနတွေကိုလည်း မေးခွန်းတွေ တစ်နှစ်တစ်ခါ မေးတယ်။ အဲဒီမေးခွန်းတွေက ဖေဖော်ဝါရီလလောက်က စပြီးတော့ မေလလောက်အတွင်းမှာ ဖြေရတယ်။ ပြီးရင် မေလဆိုရင် စာရင်းပိတ်ပြီးတော့ တွက်ချက်မှုတွေ လုပ်တယ်။ အဲဒီလိုလုပ်တဲ့အခါမှာ အစိုးရဌာနတွေလည်းမေးတယ်။ ပုဂ္ဂလိကကဏ္ဍတွေကိုလည်း မေးတယ်။ မေးတဲ့အခါ ပုဂ္ဂလိကကဏ္ဍတွေနဲ့ တွဲဖက်ပြီးတော့ လုပ်နေတဲ့ law firm တွေ၊ accounting firm တွေကိုလည်း သူတို့က မေးပြီးတော့ လုပ်ပါတယ်။

အဲဒီလိုမေးပြီးလုပ်တဲ့အခါမှာ တချို့လူတွေက ဒီမေးခွန်းတွေကို အလွယ်တကူ ပြောလိုက်တယ်။ ဥပမာ မေးခွန်းထဲမှာ ဒီကိစ္စက ဟုတ်သလား၊ မဟုတ်ဘူးလား၊ မေးတယ်ဆိုရင် သူကဟုတ်တယ်လို့ ဖြေလိုက်ရင် နောက်ဆက်တွဲမေးခွန်းတွေက ထပ်ပြီးတော့ ရှိလာတယ်။ ရှိလာတဲ့အခါကျတော့ လူတွေက အလွယ်တကူပဲ မသိပါဘူး၊ မဟုတ်ပါဘူးဆိုပြီး ဖြေလိုက်ရင် အဖြေက အလွယ်လေးပဲ။ ဒါပေမယ့် နောက်ကွယ်မှာ အမှန်က မရတဲ့သဘော ရှိတယ်။

နောက်တစ်ခါကျတော့ ကုမ္ပဏီကလုပ်တဲ့လူတွေဟာ လိုင်စင်တွေ၊ ပါမစ်တွေရအောင်လုပ်တဲ့ နေရာမှာ ကိုယ်စားလှယ်တွေနဲ့ လုပ်ကြတယ်။ လုပ်တဲ့အခါမှာ ကိုယ်စားလှယ်တွေက သွားပြီးတော့ လုပ်တယ်။ လုပ်တဲ့အခါမှာ သူတို့ဟာ အမှန်ကုန်ကျတဲ့ဟာတွေကို သူတို့က မှတ်တမ်း မတင်ထားဘူး။ ဥပမာဆိုရင် သွင်းကုန်လိုင်စင် တစ်ခုရဖို့ဆိုရင် ကုမ္ပဏီက ဘယ်လိုသတ်မှတ်ထားလဲဆိုတော့ ဒါဟာ ဒေါ်လာ ၂၀၀ ကျတယ်လို့သတ်မှတ်ထားတယ်။ သူ့ရဲ့ကိုယ်စားလှယ်ကို ဒေါ်လာ ၂၀၀ ပေး လိုက်တယ်။ ဒီဒေါ်လာ ၂၀၀ ကို ကိုယ်စားလှယ်က ဘယ်မှာသုံးလိုက်သလဲတော့ မသိဘူး။



တကယ်တမ်းတွက်ကြည့်တော့ တစ်နေရာစီ တစ်နေရာစီမှာ ပေးလိုက်တာဟာ ဒေါ်လာ ၂၀၀ မရှိဘူး။ ဒေါ်လာ ၁၀၀ လည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ ၅၀ လည်း ဖြစ်ရင်ဖြစ်လိမ့်မယ်။ ဒါပေမယ့် ကုမ္ပဏီရဲ့ပိုင်ရှင်က သူ ဒေါ်လာ ၂၀၀ ပေးလိုက်ရတဲ့အတွက် ကုန်ကျစရိတ်မှာ ဒေါ်လာ ၂၀၀ လို့ ပြောတယ်။ ဒါပေမယ့် ဒေါ်လာ ၂၀၀ မကျဘူး။ အဲဒါတွေကို မှန်မှန်ကန်ကန် မှတ်တမ်း မလုပ်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ကုန်ကျ စရိတ်တိုင်းမှာ ပိုပြီးတော့ ကုန်ကျတာတွေ ရှိတယ်။

နောက်တစ်ခုကတော့ ကြာမြင့်တဲ့အချိန်၊ ကြာမြင့်တဲ့အချိန်နဲ့ ပတ်သက်ပြီးတော့ တချို့ကတော့ ရက်နဲ့ပဲ တွက်နေတယ်။ ရက်နဲ့တွက်တော့ ဒီနေ့ လျှောက်လွှာကို တင်တယ်။ မနက်ဖြန်မနက်မှာ ပြန်ရမယ်။ ကျွန်တော့်ဘက်က တွက်တာကတော့ ၂၄ နာရီအတွင်းမှာ ပြီးတယ်လို့ တွက်တယ်။ ဒါပေမယ့်သူတို့ဘက်မှာ တွက်တဲ့အခါကျတော့ တင်တဲ့ရက်က တစ်ရက်၊ ရတဲ့ရက်က တစ်ရက် ဆိုတော့ နှစ်ရက်ဖြစ်သွားတယ်။ အဲဒီအခါမှာ ကြာတဲ့အချိန်တွေက ပိုပြီးတော့ ကြာသွားတာတွေ ရှိတယ်။ နောက်တစ်ခုက procedure တွေနဲ့ ပတ်သက်ပြီးတော့ တချို့ procedure တွေက ပယ်ဖျက်ထားတာတွေရှိတယ်။ ဒါပေမယ့် အရင်တုန်းက စာရင်းတွေအတိုင်းပဲ သွားပြီးတော့ ဝင်နေတာတွေရှိတယ်။

အဲဒီတော့ ကျွန်တော်တို့တွေ ပုဂ္ဂလိက၊ UMFCCI နဲ့ ပေါင်းပြီးတော့ မေးခွန်းတွေကို ဘယ်လို ဖြေကြမလဲ၊ မေးခွန်းတွေကို သေချာပြန်လေ့လာတယ်။ လေ့လာပြီးတော့ ပုဂ္ဂလိကကဏ္ဍအနေနဲ့လည်း ဒီမေးခွန်းတွေကို သေသေချာချာ ဖြေနိုင်အောင်လို့ ကျွန်တော်တို့ လုပ်တယ်။ နောက်ပြီးတော့ အစိုးရကဏ္ဍအတွင်းမှာလည်း မေးခွန်းတွေကို သေသေချာချာ ဖြေနိုင်အောင် လုပ်တယ်။

ဒီလိုလုပ်တဲ့အခါမှာ တချို့အချက်အလက်တွေဟာ ဦးဇေယျသူရမွန် ပြောသလိုပဲ count မလုပ်ထားတဲ့အချက်တွေ ပါလာတာကို တွေ့ရပါတယ်။ ဒုတိယသမ္မတရဲ့ လမ်းညွှန်ချက်နဲ့ အရင်တုန်းက အထောက်အကူပြုအဖွဲ့ ဆယ်ဖွဲ့ရှိတယ်။ အခု ဒုတိယသမ္မတကြီးက တကယ်လုပ်ဆောင်နိုင်မယ့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေကို အတွင်းရေးမှူးအဆင့်ရှိတဲ့ ပြန်ပြီးဖွဲ့စည်းပါတယ်။ ဆယ်ဖွဲ့မှာ အဖွဲ့ခေါင်းဆောင်တွေကို ပိုပြီးတော့ ထဲထဲဝင်ဝင် ဆောင်ရွက်လာပါတယ်။ အဲဒီလို ဆောင်ရွက်လာတဲ့အပြင် ကမ္ဘာ့ဘဏ်က ကျွမ်းကျင်သူ နှစ်ယောက်ကို ပံ့ပိုးထားတယ်။ နိုင်ငံခြားသားတစ်ယောက်နဲ့ ပြည်တွင်းတစ်ယောက်ပါ။

အဲဒီလို ပံ့ပိုးထားတဲ့အခါ စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်းတိုးတက်ဖို့ အစည်းအဝေးတွေ နှစ်ပတ်တစ်ကြိမ် ကျင်းပတယ်။ အဲဒီလို အစည်းအဝေးကျင်းပပြီးတော့ ကျွန်တော်တို့ ဘာတွေဆက်လုပ်ဖို့ လိုသလဲဆိုတာ ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်တယ်။ တွေ့ရှိချက်က ဘာလဲဆိုတော့ စီးပွားရေးလုပ်ငန်းများလွယ်ကူမှု အညွှန်းကိန်းနဲ့ ပတ်သက်ပြီး အသိပညာပေးမှုက နည်းပါးတာကို တွေ့ရတယ်။ ပုဂ္ဂလိကကဏ္ဍ၊ အများပြည်သူမှာနဲ့ အစိုးရမှာရော နည်းတယ်။ ဒါကြောင့် ပြန်ကြားရေးအစီအစဉ်တစ်ခု ချမှတ်လိုတယ်ဆိုပြီး ချမှတ်ခဲ့ပါတယ်။ ချမှတ်ပြီး အများပြည်သူ သိရှိအောင် ပိုပြီးလုပ်လာပါပြီ။ အခုစကားဝိုင်းဟာလည်း အများပြည်သူသိအောင်လုပ်တဲ့ လုပ်ငန်းတစ်ခုပါ။

အများပြည်သူ ထင်သာမြင်သာ သိအောင်လို့ Ease of Doing Business website ကို ရေးဆွဲနေပါပြီ။ ဒီဟာကို မကြာခင် ထုတ်လွှင့်နိုင်မယ်။ နောက်တစ်ခုက procedure တွေနဲ့ ပတ်သက်ပြီး ဆယ်ဖွဲ့ဟာ SOP လို့ခေါ်တဲ့ standard operating procedure ပါ။ ဥပမာဆိုရင် ဆောက်လုပ်ရေးဆိုင်ရာ ခွင့်ပြုချက်တစ်ခုကို လျှောက်မယ်ဆိုရင် ဘယ်လိုအဆင့်တွေကို လုပ်ဆောင်ရမယ်ဆိုသလဲဆိုတဲ့ အဆင့်တွေကို ဖော်ထုတ်ပါတယ်။ အဲဒီကဏ္ဍကြီး ဆယ်ခုလုံးကို ဖော်ထုတ်ပါတယ်။

ဖော်ထုတ်ပြီးတော့ ဝက်ဘ်ဆိုက်မပေါ်ခင်မှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝက်ဘ်ဆိုက်မှာ procedure တွေကို တင်ထားပါတယ်။ အများပြည်သူတွေအနေနဲ့ ဝင်ရောက်လေ့လာပြီး ရှင်းရှင်းလင်းလင်း သိနိုင်အောင်ပါ။ SOP မှာလည်း ရှုပ်ထွေးမှုရှိပါတယ်။ ဒါတွေကို ရှင်းလင်းလွယ်ကူအောင်ဆိုပြီး လုပ်နေပါတယ်။ ရှင်းလင်းလွယ်ကူအောင်လုပ်ပြီး procedure ကို Ease of Doing Business website မှာ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှာ ဖော်ပြမှာဖြစ်ပါတယ်။ အဲဒီလို ဖော်ပြတဲ့အခါ အများပြည်သူအနေနဲ့ သူတို့ ဘာလုပ်ရမယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိရှိသွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆက်လက်ပြီးတော့ ဒေါ်လှိုင်မော်ဦးအနေနဲ့ dealing with construction permit ရရှိဖို့အတွက် ကော်မတီက ဆောင်ရွက်နေမှုအခြေအနေကိုလည်း ရှင်းပြပေးပါ။**

**ဒေါ်လှိုင်မော်ဦး။ ။** ခုနက ဒုတိယဝန်ကြီးနဲ့ ဦးဇေယျသူရမွန် ပြောပြ ဆွေးနွေးခဲ့တာလည်းရှိပါတယ်။ လျှပ်စစ် indi - cator ကလည်း ပြောတာရှိပါတယ်။ dealing with construction permit မှာလည်း အမှတ်ပေးတာ လေးခုရှိပါတယ်။ စလုပ်တဲ့ construction permit တင်တဲ့အချိန်ကစပြီး အဆောက်အအုံ ဆောက်ပြီးတဲ့ အချိန်အထိ procedure ဘယ်လောက်ရှိတယ်ဆိုတာကို တိုင်းတာရှိပါတယ်။ ပြီးတော့ အချိန်၊ ကုန်ကျစရိတ် တိုင်းတာလည်းရှိပါတယ်။ ဒါတွေ လွယ်ကူရုံနဲ့တင် မရပါဘူး။ ဘယ်လောက်အထိ reliable ဖြစ်တယ်ဆိုတာကိုလည်း အရည်အသွေးနဲ့ ပတ်သက်တဲ့ quality control index ကို တိုင်းပါတယ်။ ပညာရှင်တွေ ဘယ်လောက်ပါသလဲ။

dealing with construction permit indicator မှာအဆင့် ၆၆ ကနေ အဆင့် ၇၃ လောက်အထိ ပြန်ဆင်းတာရှိပါတယ်။ အဲဒါက ဟိုဘက်က မေးခွန်းတွေကို ဒီဘက်က တိတိကျကျ နားမလည်လို့ဖြစ်တာပါ။ နားမလည်ဘဲ ပြန်ဖြေတာတွေ တွေ့ရပါတယ်။ ဒါကြောင့်မို့ dealing with construction permit indicator နဲ့ ပတ်သက်ပြီးတော့ လုပ်နေတာတွေ ဘာတွေရှိတယ်ဆိုတာကို ကမ္ဘာ့ဘဏ်က မှန်မှန်ကန်ကန် သိအောင် ပြန်ပြီးဆန်းစစ် ဆောင်ရွက်ခဲ့တာ ရှိပါတယ်။

ကျွန်မတို့ရဲ့ Procedure တွေနဲ့ ပတ်သက်ပြီး ခက်ခဲနေတဲ့ Procedure တွေ ပြန်ပြင်တာလည်း ရှိပါတယ်။ အဲဒါအပြင် ကမ္ဘာ့ဘဏ် IFC ဘက်က propose လုပ်တာတွေကို ပြန်ပြင်တာလည်း ရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဘယ်လောက်ပဲ ကောင်းအောင်လုပ်လုပ်၊ လုပ်ပေမယ့် အပြင်က မသိဘူး။ မသိတော့ gap ဖြစ်တယ်။ အဲဒီ gap နဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးလမ်းကြောင်း communication ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်း ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့အခါ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှာတင်သလိုပဲ ကျွန်မတို့ ဝက်ဘ်ဆိုက်မှာလည်း အရင်တုန်းက လျှောက်လွှာနဲ့ တချို့အချက်အလက်လောက်သာ တင်ထားရာကနေ အခုတော့ SOP Data တွေပါ တင်ပေးပါတယ်။ ဒါ့ပြင် EC meeting တွေ ဘယ်အချိန်တွေ လုပ်တယ်ဆိုတာပါ တင်ပေးပါတယ်။ ပြီးတော့ IFC ရဲ့ recommendation တွေကိုလည်း တင်ပေးပါတယ်။ သုံးလပတ်တစ်ခါ ဘယ်အမျိုးအစားမှာ လျှောက်လွှာ ဘယ်လောက်ရှိတယ်။ ဒါကို ဘယ်လောက်အထိ လုပ်ဖြစ်တယ်။ ဘယ်လောက်အထိ permit ပေးတယ်ဆိုတာကိုလည်း တင်ပေးပါတယ်။ အဲဒီအပြင် ပညာရှင်တွေနဲ့ ပတ်သက်လို့ ဆောင်ရွက်တာတွေကိုလည်း တင်ပေးပါတယ်။

**ရှင်မင်း၊ ဓာတ်ပုံ-အေးသန်း**

**“တွေ့ရှိချက်က ဘာလဲဆိုတော့ စီးပွားရေးလုပ်ငန်းများလွယ်ကူမှု အညွှန်းကိန်းနဲ့ ပတ်သက်ပြီး အသိပညာပေးမှုက နည်းပါးတာကို တွေ့ရတယ်။ ပုဂ္ဂလိကကဏ္ဍ၊ အများပြည်သူမှာနဲ့ အစိုးရမှာရော နည်းတယ်။ ဒါကြောင့် ပြန်ကြားရေးအစီအစဉ်တစ်ခု ချမှတ်လိုတယ်ဆိုပြီး ချမှတ်ခဲ့ပါတယ်။ ချမှတ်ပြီး အများပြည်သူသိရှိအောင် ပိုပြီးလုပ်လာပါပြီ။ အခုစကားဝိုင်းဟာလည်း အများပြည်သူသိအောင်လုပ်တဲ့ လုပ်ငန်းတစ်ခုပါ”**

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကုံကော်ပန်းဝိုင်းအနီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေ ပေးအပ်

**နေပြည်တော်  နိုဝင်ဘာ ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကုံကော်ပန်းအဝိုင်းအနီး ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ် ၃၁ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက  အလှူငွေများ လက်ခံရယူသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက အလှူငွေကျပ်သိန်း ၂၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း  ဘင်္ဂလားဒေ့ရှ်... ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် တရုတ်ပြည်သူ့ကွန်ဂရက် ဘတ်ဂျက်ရေးရာကော်မတီဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

စီမံကိန်းနှင့်  ဘဏ္ဍာရေးဝန်ကြီးဌာန  ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်  H.E. Mr. M Shahidul  Islam နှင့် ကိုယ်စားလှယ်အဖွဲ့အား လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် တရုတ်ပြည်သူ့ကွန်ဂရက် ဘတ်ဂျက်ရေးရာကော်မတီဥက္ကဋ္ဌ Mr. Zhu Mingchun နှင့် ကိုယ်စားလှယ်အဖွဲ့အား လည်းကောင်း ရုံးအမှတ် ၂၆ တွင် သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဘင်းမ်စတက်နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တရုတ်ပြည်သူ့ကွန်ဂရက်  ဘတ်ဂျက်ရေးရာ  ကော်မတီဥက္ကဋ္ဌနှင့် ဘတ်ဂျက်ရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍  လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဝယ်ယူထားသည့် ATR 72-600 XY-AML လေယာဉ် ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဝယ်ယူထားသည့် ATR 72-600 XY-AML လေယာဉ်သည် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိခဲ့ရာ လေယာဉ်အသစ်ရောက်ရှိကြိုဆိုပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီဒီယာများနှင့်  မြန်မာအမျိုးသားလေကြောင်းဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ  ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ATR-72 လေယာဉ်သစ်ပေါ်သို့  တက်ရောက်ကြည့်ရှု  စစ်ဆေးသည်။

ယင်းနောက် မြန်မာအမျိုးသားလေကြောင်း၏ ATR 72-600 XY AML လေယာဉ်အသစ်ရောက်ရှိသည့် အခမ်းအနားကို ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ  မြန်မာအမျိုးသားလေကြောင်း Hanger တွင် ပြုလုပ်ရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ  ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က ဂုဏ်ပြုစကားပြောကြားပြီး  မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့  ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့  ရောက်ရှိလာသော ATR 72-600 XY-AML လေယာဉ်မှာ မြန်မာအမျိုးသားလေကြောင်း၏  ခုနစ်စင်းမြောက်  ATR  72-600  Series လေယာဉ်သစ်ဖြစ်ပြီး မကြာမီတွင် မြန်မာ အမျိုးသားလေကြောင်း လက်ရှိပျံသန်းလျက်ရှိသောပြည်တွင်းနှင့် ပြည်ပခရီးစဉ်များတွင် ပျံသန်းပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## Rakhine State Investment Fair ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်တွေ  နိုဝင်ဘာ ၆**

Rakhine State Investment Fair ကျင်းပရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဘက်စုံကဏ္ဍစုံတိုးတက်လာမည်**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ငပလီကမ်းခြေတွင် ကျင်းပပြုလုပ်မည့် Rakhine State Investment Fair နှင့် ပတ်သက်၍  ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ဘက်မှ ကြိုတင်ပြင်ဆင်  ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး  ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်သည့် အလားအလာများစွာ  ရှိသော်လည်း ၎င်းတို့ကို  အကောင်အထည်ဖော်ရန် အင်မတန်  အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖော်ထုတ်တင်ပြနိုင်မည့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲနှင့် ပြပွဲများကို ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊  ယခုကျင်းပမည့် Rakhine State Investment Fair သည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့၊ ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ရခိုင်ပြည်သူ၊ ပြည်သားများပါ ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ရခိုင်ပြည်နယ်သည် ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**စစ်တမ်းကောက်ယူ**

ထို့နောက် ပြည်နယ်  ဘဏ္ဍာရေး၊ အခွန်၊  စီမံကိန်းနှင့်  စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊  ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်တို့က  Investment  Fair ဆောင်ရွက်ရခြင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး Myanmar Survey Research မှ တာဝန်ရှိသူတစ်ဦးက  ရင်းနှီးမြှုပ်နှံမှု စစ်တမ်းကောက်ယူခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် Rakhine State Investment Fair  အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်  ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တင်ထွန်း(ပြန်/ဆက်)**



● *ကျော့ဖုံးမှ*

နိုင်ငံပွဲမှာ နိုင်ငံဂုဏ်သိက္ခာအကျမခံဘူး။ ငါတို့ပြီးအောင်လုပ်မယ်ဆိုတဲ့ ကျွန်တော်တို့အဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်နဲ့အားလုံးညီညီညွတ်ညွတ်နဲ့ ကျွန်တော်တို့ အချိန်ခြောက်လလောက် ကြိုးစားခဲ့တာတွေအတွက် အခုလို အခြေအနေမျိုး ရောက်လာတာပါ” ဟု ပြောသည်။

မြန်မာအားကစားသမားများအနေဖြင့်  ဘိလိယက်တွင်  ကိုးဦး၊  စနူကာ (အမျိုးသား)တွင်  ရှစ်ဦး၊  စနူကာ (အသက် ၄၀) နှစ်အထက်တွင် သုံးဦးနှင့် အမျိုးသမီးစနူကာကစားသမား သုံးဦး အပါအဝင်  အားကစားသမား ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ စနူကာတွင်  အောင်ဖြိုး၊ ကိုထက်၊ ဝင်းကိုကိုတို့ ပါဝင်မည်ဖြစ်ပြီး ဘိလိယက်တွင်  ကိုနေသွေးဦး၊ အောင်ဌေး၊ ချစ်ကိုကို၊ မင်းစည်သူထွန်း တို့ ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစား ငါးမျိုးပါဝင်မည်ဖြစ်ကာ ဘိလိယက်ပြိုင်ပွဲများဖြစ်သည့် 150 UP နှင့် Long Point  ပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ  ကျင်းပမည်ဖြစ်ပြီး  နိုဝင်ဘာ ၁၄ ရက်နှင့်  ၁၇ ရက်တို့တွင်  ဆီမီးဖိုင်နယ်ပွဲစဉ်များကို  လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင်  ဖိုင်နယ်ပွဲစဉ်များ  ကျင်းပမည် ဖြစ်သည်။ စနူကာပြိုင်ပွဲများ၏ ဆီမီးဖိုင်နယ်ပွဲစဉ်ကို  ၂၆ ရက်တွင်  ကျင်းပမည်ဖြစ်ကာ ဖိုင်နယ်ပွဲစဉ်ကို ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ  ပွဲစဉ်များကို  ရုပ်သံလိုင်းများမှ  တိုက်ရိုက်ထုတ်လွှင့်နိုင်ရန်  စီစဉ်လျက်ရှိပြီး  e.snooker.pl ဝက်ဘ်ဆိုက်ဘ်တွင်လည်း ပွဲစဉ်အနိုင်အရှုံးရလဒ်များကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲများကို  ပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာသွားရောက်ကြည့်ရှုနိုင်ရေးအတွက်  မော်တော်ယာဉ်များစီစဉ်ထားပြီးအောင်ဆန်းအားကစားပြိုင်ကွင်းမှ နံနက် ၈ နာရီခွဲတွင် တစ်ကြိမ်နှင့် ညနေ ၄ နာရီတွင်  တစ်ကြိမ်  ကြိုဆို၍ပြိုင်ပွဲကျင်းပရာ  Grand Mercureဟိုတယ်သို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး  ဟိုတယ်မှ  မွန်းလွဲ၂ နာရီတွင်  တစ်ကြိမ်၊ ည ၈ နာရီခွဲတွင် တစ်ကြိမ် အောင်ဆန်းအားကစားပြိုင်ကွင်းသို့ ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

### အများအားဖြင့် သာယာမည်

**နေပြည်တော်  နိုဝင်ဘာ ၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်  ထစ်ချုန်းရွာမည်။ နေပြည်တော်နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

◆ *ကျော့ဖုံးမှ*

Recurve တစ်ဦးချင်း အမျိုးသမီးရှုံးထွက်ပြိုင်ပွဲမှ ပြည့်စုံနှင်း၊ ကြေးတံဆိပ်တစ်ခုကို  Recurve အမျိုးသား တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ ထိုက်လင်းဦးတို့က  ရယူပေးခဲ့သည်။

ဇင်သူရိန်မှူးသည် Compound အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဟောင်ကောင်ကစားသမား Tsui Wai Hung ကို ၁၄၁-၁၃၆ မှတ်ဖြင့် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဇင်သူရိန်မှူးသည် ပြိုင်ပွဲတစ်လျှောက် အမှားအယွင်းမရှိခဲ့ဘဲ ကွာတားဖိုင်နယ် ကျော်လင်းထွန်း (မြန်မာ) ကို ၁၄၁-၁၃၇ မှတ်၊ ဆီမီးဖိုင်နယ်တွင်  Daliya Saidara ကို ၁၄၀-၁၃၈ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လာအိုကစားသမားက  ကြေးတံဆိပ်ရရှိသည်။ Compound အမျိုးသမီး တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် Kanyavee  (ထိုင်း)က ရွှေတံဆိပ်၊ ခက်ခက်တုန် (မြန်မာ) က ငွေတံဆိပ်၊ Nareumon (ထိုင်း) က ကြေးတံဆိပ်ရရှိသည်။ ခက်ခက်တုန်သည် ဗိုလ်လုပွဲတွင်  ထိုင်းကစားသမားကို  ၁၃၆-၁၃၁  မှတ်ဖြင့်  ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။  Recurve  တစ်ဦးချင်း  အမျိုးသမီးပြိုင်ပွဲတွင် Lee Shuk Kwan(ဟောင်ကောင်)က  ရွှေတံဆိပ်၊ ပြည့်စုံနှင်း(မြန်မာ)က  ငွေတံဆိပ်၊  Cheng Ching Yi (ဟောင်ကောင်) က  ကြေးတံဆိပ်၊  အမျိုးသားပြိုင်ပွဲတွင် Emdadul (ဘင်္ဂလားဒေ့ရှ်) က ရွှေတံဆိပ်၊ Denchai (ထိုင်း) က  ငွေတံဆိပ်၊ ထိုက်လင်းဦး  (မြန်မာ)  က  ကြေးတံဆိပ်၊ Compound အမျိုးသမီးတစ်ဦးချင်း  Ranking Round ပြိုင်ပွဲတွင် Nareumon (ထိုင်း) က ရွှေတံဆိပ်၊ Kanyavee (ထိုင်း)က ငွေတံဆိပ်၊ Phone Kamkeo (လာအို) က ကြေးတံဆိပ်ရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို  နိုဝင်ဘာ ၇ ရက်  **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲနှင့် Mixed Team ပြိုင်ပွဲတို့  ကျင်းပမည်ဖြစ်သည်။  နိုဝင်ဘာ ၆ ရက် ပွဲစဉ်များအပြီးတွင်  မြန်မာအသင်းက  ရွှေခုနစ်ခု၊ ငွေငါးခု၊ ကြေးငါးခုဖြင့် နိုင်ငံအလိုက် ပထမနေရာတွင် ဦးဆောင်နေပြီး ထိုင်းအသင်းက ရွှေသုံးခု၊ ငွေလေးခု၊ ကြေးတစ်ခု၊ ဟောင်ကောင်အသင်းက  ရွှေနှစ်ခု၊  ငွေနှစ်ခု၊  ကြေးလေးခု၊  ဘင်္ဂလားဒေ့ရှ် အသင်းက  ရွှေတစ်ခု၊  ငွေတစ်ခု၊  လာအိုအသင်းက  ငွေတစ်ခု၊ ကြေးသုံးခု  ဆွတ်ခူးရရှိထားသည်။

**ရဲရင့်ရှိုင်း**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၆**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပရာ အခမ်းအနားသို့ သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဆပ်ကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာလွတ်လပ်ရေးနေ့ သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမော်ထွန်းက အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဒေါက်တာသိန်းဝင်း က သဝဏ်လွှာပြုစုရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာအား ညှိနှိုင်းဆွေးနွေး အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတေသနဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် သုတေသနဖွံ့ဖြိုးရေး၊ သုတေသနအသင်းအဖွဲ့များ ပေါ်ပေါက်လာစေရေးနှင့် မြန်မာနိုင်ငံသုတေသနအသင်းကြီး ပြန်လည်ထူထောင်နိုင်ရန် နည်းလမ်းများ ရှာဖွေရေးတို့ကို ရည်ရွယ်လျက် သုတေသနဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၀ရက်တွင် ရန်ကုန်မြို့ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာအောင်ကြီး၊ ဒေါက်တာတိုးလှ၊ ဦးအေးချို့နှင့်ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) တို့က ဆောင်ရွက်သွားမည်ဖြစ်ပြီး စာတမ်းရှင်များအဖြစ် နံနက်ပိုင်းတွင် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) က မြန်မာနိုင်ငံတွင် ဘာသာ၊ စာပေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံ စာတမ်းကိုလည်းကောင်း၊ ဦးဇော်အောင် (ဖွံ့ဖြိုးရေးသုတေသီ)က မြန်မာနိုင်ငံသုတေသနဖွံ့ဖြိုးရေး အကြံပြုချက်စာတမ်းကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း) က အမိန့်တော်များထဲမှ မင်းတုန်းမင်းလက်ထက် တရားစီရင်ရေး စာတမ်းကို လည်းကောင်း၊ ဒေါက်တာတိုးလှနှင့် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)တို့က မြန်မာနိုင်ငံ သုတေသနအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် အလားအလာ စာတမ်းကို လည်းကောင်း ဖတ်ကြားသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲသို့ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)သို့ ဖုန်း-၀၁ ၃၈၇၅၆၈၊ Fax - ၀၁ ၃၈၇၅၆၈၊ E-mail iprd.rnd@gmail.com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### ❐ *ကျောဖုံးမှ*

မြန်မာ-ကမ္ဘောဒီးယားပွဲအတွက် ကြိုတင်လက်မှတ်များကို မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး)၊ ဗထူးဘောလုံးကွင်း၊ Central Point Shopping Mall တို့၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းအဖြစ် အထူးတန်း ငွေကျပ် ၅၀၀၀ နှင့် ရိုးရိုးတန်း ငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။ ထို့ပြင် အွန်လိုင်းမှလည်း ရောင်းချပေးလျက်ရှိသည်။

**ယှဉ်ပြိုင်ကစားမည်**

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၈ ရက်တွင် စတင်မည်ဖြစ်ပြီး အုပ်စုပွဲများကို လေးရက်တစ်ပွဲနှုန်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် လာအိုအသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်အသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် မလေးရှားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အာဖရိကဝက်အပြင်းဖျားရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပြန့်ပွားမှုမရှိစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အပါအဝင် ပြည်နယ်အချို့တွင် အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် အာဖရိက ဝက်အပြင်းဖျားရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ယင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က အာဖရိက ဝက်အပြင်းဖျားရောဂါသည် DNA အမျိုးအစား ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရောဂါပိုး သယ်ဆောင်သော ကြားခံလက်ခံကောင်ဖြစ်သည့် မွှားတွယ်ခြင်း၊ ကိုက်ခြင်းအပြင် ရောဂါပိုး ကူးစက်ခံထားရသော ဝက်၏အသားနှင့် ဝက်ထွက်ပစ္စည်းများမှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်ပြီး အိမ်မွေးဝက်များနှင့် တောဝက်များတွင် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ကြောင်း၊ လူများတွင်မူ ရောဂါကူးစက်နိုင်ခြင်း လုံးဝမရှိပါကြောင်း၊ အဆိုပါရောဂါပိုးသည် ကူးစက်မှုနှုန်းမြင့်မားပြီး ကာကွယ်ဆေးနှင့် ကုသဆေးများ မရှိခြင်းတို့ကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) မှ အရေးကြီးရောဂါအဖြစ်သတ်မှတ်၍ ဖြစ်ပွားလာပါက သုတ်သင်ရှင်းလင်းမှု ပြုရန်သာ မှတ်ချက်ပြုထားပါကြောင်း။

အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လားရှိုးနှင့် မူဆယ်ခရိုင်အတွင်း ဝက်နှင့် ဝက်ထွက်ပစ္စည်းများ တရားမဝင်ဝင်ရောက်ခြင်းကို ပိတ်ပင်တားဆီးနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဆယ်နယ်စပ်ဂိတ်စခန်းများတွင် ဝက်နှင့် ဝက်ထွက်ပစ္စည်း တရားမဝင်ဝင်ရောက်မှုများ တားဆီးပိတ်ပင် ကန့်သတ်သည့် သတိပေးဗီနိုင်းပိုစတာများ စိုက်ထူခြင်းနှင့် အဆိုပါရောဂါအကြောင်း အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါရောဂါနှင့် ပတ်သက်၍ အသိပညာ အတွေ့အကြုံများ မျှဝေနိုင်ရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ပူးပေါင်းကာ အာဖရိကဝက်အပြင်းဖျား ရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ကြောင်း။

အာဖရိကဝက်အပြင်းဖျားရောဂါသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်း မရှိသေးသော်လည်း အိမ်နီးချင်း ယူနန်ပြည်နယ်၌ ဖြစ်ပွားနေခြင်း၊ ဗိုင်းရပ်စ်ပိုးသည် ရောဂါဖြစ်ဝက်၏ အသားနှင့် ဝက်ထွက်ပစ္စည်းများ၊ အထူးသဖြင့် ဝက်အူချောင်း၊ အေးခဲဝက်သားနှင့် ဆားနယ်ဝက်သားများတွင် တာရှည်စွာ အသက်ရှင်နေထိုင်နိုင်ပြီး ကူးစက်ပျံ့နှံ့နိုင်သည့်အတွက် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ချမှတ်ဆောင်ရွက်သွားရန်နှင့် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်သွားရန် လိုအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက အာဖရိက ဝက်အပြင်းဖျားရောဂါအကြောင်း သိကောင်းစရာများနှင့် တရုတ်နိုင်ငံတွင် လက်ရှိရောဂါ ဖြစ်ပွားနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်) တို့မှ ကိုယ်စားလှယ်များ၊ ပညာရှင်များသည် မြန်မာနိုင်ငံအတွင်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တားဆီးကာကွယ်ရေးဆိုင်ရာ နည်းလမ်းများအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများအတွက် ဂျာစီစပွန်ဆာပေး




**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများအတွက် ဂျာစီစပွန်ဆာပေးမည့် ထိုင်းနိုင်ငံမှ Warrix အားကစားကုမ္ပဏီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ စပွန်ဆာစာချုပ် ချုပ်ဆိုပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။ **(ဓါပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကား ပြောကြားပြီး Warrix အားကစားကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr.Wisan က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် Warrix အားကစားကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr.Wisan တို့ စပွန်ဆာစာချုပ် ချုပ်ဆိုပြီး ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်တရ လက်ဆောင်ပေးအပ်သည်။ ယင်းနောက် Warrix အားကစားကုမ္ပဏီက ဂျာစီ လက်ဆောင်ပေးအပ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက လက်ခံရယူသည်။

ထို့နောက် တက်ရောက်လာသည့် မီဒီယာများက သိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ Warrix အားကစားကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr.Wisan တို့က ပြန်လည်ဖြေကြားသည်။ Warrix အားကစားကုမ္ပဏီသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ဂျာစီနှင့် ငွေသားအပါအဝင် စုစုပေါင်း ဒေါ်လာ ၅ ဒသမ ၆၇ သန်းကြေးရှိ ခြောက်နှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဖြစ်ကြောင်း သိရသည်။ Warrix အားကစားကုမ္ပဏီသည် လက်ရွေးစင်အသင်းအနေဖြင့် အာဆီယံထိပ်သီး ထိုင်းနှင့် မြန်မာအသင်းတို့ကို ဂျာစီစပွန်ဆာပေးထားပြီး အရှေ့တောင်အာရှနိုင်ငံများမှ ကလပ်အသင်းများကိုလည်း စပွန်ဆာပေးထားသည်။ မြန်မာ့လက်ရွေးစင်အမျိုးသားအသင်း၏ ဂျာစီမိတ်ဆက်ပွဲကို ယနေ့ညပိုင်းတွင် မြန်မာပလာဇာ၌ ကျင်းပခဲ့ပြီး မန္တလေးမြို့၌လည်း ထပ်မံကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် စတင်ဝတ်ဆင်ကစားမည်ဖြစ်ပြီး အမျိုးသမီးလက်ရွေးစင်အသင်းမှာမူ ၂၀၂၀ အိုလံပစ်ခြေစစ်ပွဲတွင် ဝတ်ဆင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း၊ ဓာတ်ပုံ-စိုးညွန့်**

# ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြစ်ကြီးနား နိုဝင်ဘာ ၆**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းမပေါ်ရှိ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၃ နာရီခန့်က မူးယစ်ဆေးဝါး သတင်းအရ စစ်ဆေးရှာဖွေရာမှ မော်တော်ယာဉ်ပေါ်တွင် သိုဝှက်၍ သယ်ဆောင်လာသည့် ငွေကျပ် ၂၁၉၃ သိန်းတန်ဖိုးရှိ ဘိန်းဖြူဆပ်ပြာခွက် ၁၅၅ ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀၀ အား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ ဒုတိယရဲအုပ်အောင်ကိုကို ဦးစီးတပ်ဖွဲ့ဝင်များသည် ပြည်နယ်အကူ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ၂၁ မိုင် တာဝန်ကျ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းလျက် မူးယစ်ဆေးဝါး သတင်းအရ စောင့်ဆိုင်းနေစဉ် နမ္မတီးမှ မြစ်ကြီးနားဘက်သို့ ဂျုံးခေါင်မောင်းနှင်ပြီး တင်အောင်လင်း လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ ရှေ့ခြမ်းဝဲဘက်နှင့် ယာဘက်ခြေနင်းခုံအောက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်ထည့်ထားသည့် ဘိန်းဖြူဆပ်ပြာခွက် ၇၆ ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ အားလည်းကောင်း၊ ယာဉ်၏ ရှေ့ဘန်ဘာ အံဝှက်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၈ ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၇၆၀အား လည်းကောင်း၊ နောက်ဖုံးဘန်ဘာအံဝှက်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၆၁ ခွက် စုစုပေါင်း ငွေကျပ် ၁၃၀၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူဆပ်ပြာခွက် ၁၅၅ ခွက်မှ ဘိန်းဖြူအလေးချိန် (၁ ဒသမ ၆၂၇၅) ကီလိုနှင့် ငွေကျပ် ၈၉၁ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀၀ ပြား၊ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းလေးလုံးနှင့် မူးယစ်ဆေးဝါးရောင်းချရရှိ ငွေကျပ်သိန်း ၈၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများမှာ မူဆယ်မြို့နေ ဇော်တန်(ခ)ဇော်ဂမ်(စုံစမ်းဆဲ)ဆိုသူက မူဆယ်မှ မြစ်ကြီးနားနေ တင်အောင်လင်းနှင့်ဇနီးဖြစ်သူ မလွမ်းနော(ခ) ဘုတ်ရန်လွမ်းနောတို့ထံ ပို့ဆောင်ခိုင်းခြင်းဖြစ်ကာ တင်အောင်လင်းက နမ္မတီးမြို့အထိ လာရောက်ခေါ်ဆောင်ခဲ့ကြောင်းနှင့် ဂျုံးခေါင်အား မြစ်ကြီးနားမြို့ ပလန(၁)နေ မမွန်းမိုင်(၁၉ နှစ်)က ဖုန်းဖြင့်ဆက်သွယ်ကာ မြစ်ကြီးနားမြို့ အဝင်မော်ဖောင်းကျေးရွာအထိ လာရောက်ကြိုနေမည်ဆိုကာ ယုဇနရပ်ကွက်နေ ဆိုင်းဒူအောင်(ခ)ဒူဒူ (၂၁ နှစ်) မောင်းနှင်ပြီး မမွန်းမိုင်(၁၉ နှစ်) စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို မော်ဖောင်းကျေးရွာတွင် ဖမ်းဆီးရမိ ခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများ လက်ခံထားရှိမည့် တပ်ကုန်းရပ်ကွက် အင်ဂျန်ဒုံနယ်မြေနေ တင်အောင်လင်း၏ နေအိမ်အား ဝင်ရောက်စစ်ဆေးရာ မူးယစ်ဆေးဝါးများထားရှိမည့် အခန်းသော့ ထိန်းသိမ်းသူ ဝေါ်ဆာ(၂၂ နှစ်)ကို တွေ့ရှိရပြီး အခန်းအတွင်း ဝင်ရောက်စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ယင်းအခန်းနှင့်ကပ်လျက် တင်အောင်လင်း၏ အခန်းအတွင်းမှ ခရီးဆောင်ကျောပိုးအိတ်နှင့် ထည့်ထားသည့် မူးယစ်ဆေးဝါးရောင်းချရရှိသည့် ငွေကျပ်သိန်း ၈၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဂျုံးခေါင်၊ တင်အောင်လင်း၊ ဆိုင်းဒူအောင်(ခ)ဒူဒူ၊ ဝေါ်ဆာ၊ မမွန်းမိုင်နှင့် ဖမ်းဆီးမမိသေးသူ မလွမ်းနော(ခ) ဘုတ်ရန်လွမ်းနော၊ ဇော်တန်(ခ)ဇော်ဂမ်တို့ကို မြစ်ကြီးနား နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## မြန်မာ့ရုပ်မြင်သံကြား

၇.၁၁.၂၀၁၈(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား" (အပိုင်း-၂)
- ၉း၃၀ - "ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဇန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
- ၁၀း၅၀ - စိုက်ပျိုးရေးရာအဖြေရှာ "ပြင်ဦးလွင်မှလီလီပန်းအလှ"
- ၁၁း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အမုန်းတွေခေါက်ထားလိုက်"
- ၁၂း၃၅ - တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ဟောကြားသော "သင့်သဘောအတိုင်းပါပဲ တရားတော်"
- ၁၅း၃၀ - "ထူးခြားအံ့ဖွယ်လိုဏ်ဂူများနှင့် ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဖွားစည်မြေမှာ"

**ညပိုင်း**

- ၁၆း၃၅ - "One Championship Pursuit of Greatness (အောင်လအန်ဆန်လက်ဝှေ့)"
- ၁၇း၀၅ - အနုပညာခန်းရိပ်သာ "အဆိုတော်စည်သူထားနှင့် တွေ့ဆုံခြင်း"
- ၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မွိ"
- ၁၈း၂၀ - Football Magazine
- ၁၈း၃၅ - "ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ရှိရာဆီ"(ပြတိုက်)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ဓလေ့ရိုးရာချစ်စရာ ကိုးခရိုင်မြေကဖက်စိမ်းလက်မှုပညာ"

## ကမာရွတ်မြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ကျောက်မျက်ရတနာရွှေထည်ပစ္စည်း ခိုးယူသွားသူအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၆**
ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိကျောက်မျက်ရတနာရွှေထည်ပစ္စည်းများ ခိုးယူသွားသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၂ နာရီခန့်တွင် ဒေါ်.... သည် ကမာရွတ်မြို့နယ်ရှိ နိုဗိုတယ်ဟိုတယ်တွင် ရောက်ရှိနေစဉ် ၎င်းနှင့်အတူပါလာသည့် အိမ်အကူ အမျိုးသမီးအား နေအိမ်၌ထားရှိသည့် ကျောက်မျက်ရတနာပစ္စည်းများကိုယာဉ်မောင်းဖြစ်သူ ကျော်သူရနှင့်အတူ သွားရောက်ယူခိုင်းခဲ့ပြီးနောက် ဒေါ်------ က အိမ်အကူအမျိုးသမီးအား ကျောက်မျက်ရတနာပစ္စည်းများကို ၎င်း၏ကားပေါ် သွားရောက် ထားခိုင်းခဲ့ကြောင်း၊ ထို့နောက် ဒေါ်------ နှင့် အိမ်အကူတို့သည် ကားရှိရာသို့ ပြန်လာခဲ့ရာ ယာဉ်မောင်းဖြစ်သူ ကျော်သူရမှာ ကား၌ မတွေ့ရှိ၍ ဖုန်းဆက်သော်လည်း စက်ပိတ်ထားပြီး ကားပေါ်တွင်ထားရှိသည့် ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ကျောက်မျက်ရတနာ ရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူ ကျော်သူရအား ဥပဒေအရ အရေးယူပေးရန် ကမာရွတ်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

ပြစ်မှုကျူးလွန်သူ ကျော်သူရအား အောက်တိုဘာ ၂၈ ရက် ည ၈ နာရီတွင် ကမာရွတ်မြို့နယ် (၃)ရပ်ကွက်၌ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးရာ ၎င်းသည် ကျောက်မျက်ရတနာ ရွှေထည်ပစ္စည်းများအား ခိုးယူခဲ့ကြောင်း၊ ယခင်ကရင်းနှီးခဲ့သူ ကြည့်မြင်တိုင်မြို့နယ်နေ ရွှေပန်းထိမ်ဆရာ အောင်သူမျိုး(ခ) သားကြီး ထံတွင် ခိုးယူခဲ့သော ကျောက်မျက်ရတနာ ရွှေထည်ပစ္စည်းထဲမှ အချို့အား အပ်နှံထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ည ၁၁ နာရီတွင် အောင်သူမျိုး(ခ) သားကြီးအား ၎င်း၏နေအိမ်တွင် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကျော်သူရနှင့် အောင်သူမျိုး (ခ)သားကြီးတို့ကို အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ခန္တီး-ဟုမ္မလင်းသွားဗျူဟာလမ်းမ၌ ငွေကျပ်သိန်း ၆၄၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ခန္တီး နိုဝင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီး-ဟုမ္မလင်းသွား ဗျူဟာလမ်းမပေါ်တွင် နိုဝင်ဘာ ၅ ရက် ည ၁၁ နာရီခွဲခန့်က ရဲအုပ်မောင်ဇော်နှင့်အဖွဲ့သည် အဆိုပါလမ်းမပေါ်၌ ညကင်းတာဝန်ထမ်းဆောင်နေစဉ် ဟုမ္မလင်းမြို့မှ ခန္တီးမြို့ဘက်သို့ ဌေးပိုနှင့် ဒေါ်ခင်မြ စီးနင်းလာသော ဆိုင်ကယ်နှင့် ဒေါ်ခင်အေး စီးနင်းလာသော ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးနေစဉ် ဌေးပိုက ထွက်ပြေးသွားခဲ့ပြီး ခေါ်ခင်မြ စီးနင်းလာသောဆိုင်ကယ်၏ ခွကြားတွင်ထားသော လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူအမှုန့်ရောင်စုံဆပ်ပြာခွက် ၅၄ ခွက် စုစုပေါင်းအလေးချိန် ဂရမ် ၅၄၀ (ကာလတန်ဖိုး ငွေကျပ် ၆၄၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါမူးယစ်ဆေးဝါးများကို အင်းတော်မြို့နယ် နီလယ်ကွန်ကျေးရွာနေသူ ရှမ်းအမျိုးသမီးတစ်ဦးထံမှ ဘိန်းဖြူပါဆပ်ပြာခွက်တစ်ခွက်လျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ဝယ်ယူပြီး ဆိုင်ကယ်ဖြင့် ဇန်းမော်-ပင်လည်ဘူး-ဖောင်းပြင်-ဟုမ္မလင်းမြို့များကိုဖြတ်၍ သယ်ဆောင်လာပြီး ခန္တီးမြို့နယ်အတွင်းရှိ ကျောက်မှော်၊ ပယင်းမှော်များသို့ ပို့ဆောင်မည်ဟု ပြစ်မှုကျူးလွန်သူ နှစ်ဦးက ပြောသည်။

ဆက်လက်၍ ဒေါ်ခင်အေး(၅၂ နှစ်)၊ ဒေါ်ခင်မြ (၄၅ နှစ်) ခန္တီးမြို့နယ် ကောင်းဟိန်ကျေးရွာနေသူနှင့် ထွက်ပြေးသူ ဌေးပို (၃၇ နှစ်) ခန္တီးမြို့နယ် ကောင်းဟိန်ကျေးရွာနေသူတို့ကို ခန္တီးမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

## ရွှေပြည်သာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူအား စစ်ဆေးရာမှ အခြားခိုးမှုများဖော်ထုတ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၆**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ခိုးမှုကျူးလွန်သူအား စစ်ဆေးရာတွင် ခိုးမှုရှစ်မှုနှင့် လက်ကိုင်တယ်လီဖုန်းမျိုးစုံ ၂၄ လုံး ဖော်ထုတ်ရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မျိုးချစ်သူ(၂၁ နှစ်) မဟော်သဓာလမ်း (တ/၁၅)ရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူမှာ လက်ကိုင်ဖုန်းများ လိုက်လံရောင်းချနေကြောင်း သတင်းအရ စစ်ဆေးရာ လက်ကိုင်ဖုန်းမျိုးစုံသုံးလုံးအား တွေ့ရှိရပြီး ပိုင်ဆိုင်ကြောင်း အထောက်အထားမပြသနိုင်၍ လှော်ကားနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။ ၎င်းအား စစ်ဆေးရာ ၂၀၁၈ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ရွှေပြည်သာမြို့နယ်အတွင်းရှိ နေရာမျိုးစုံမှ လက်ကိုင်ဖုန်း ၂၁ လုံးအား ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သောကြောင့် လက်ကိုင်ဖုန်းမျိုးစုံ စုစုပေါင်း ၂၄ လုံး ခိုးယူသူကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိသည်။

**သတင်းစဉ်**



## မေတ္တာမြို့၌ ညီအစ်ကိုချင်း ခိုက်ရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**မေတ္တာ နိုဝင်ဘာ ၆**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့အမှတ်(၃)ရပ်ကွက် (ဟိန္ဒူးချောင်းကျေးရွာ) ကိုမျိုးဇော်အောင်၏ ရော်ဘာခြံတွင် ယနေ့ မွန်းလွဲ ၂ နာရီခန့်က ညီအစ်ကိုချင်း ခိုက်ရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုမျိုးဇော်အောင်၏ ရော်ဘာခြံအတွင်းရှိ အလုပ်သမားတဲတွင် ဇင်ကို(၂၅ နှစ်) ဥယျာဉ်ခြံအလုပ်သမား အညာကန်ကျေးရွာ မန်ကျည်းလှကျေးရွာအုပ်စု ရေစကြိုမြို့နယ်နေသူအား ညီအရင်းဖြစ်သူ စိုင်းလင်းအောင်(၂၀ နှစ်) ဥယျာဉ်ခြံအလုပ်သမားက ဆိုင်ကယ်သော့တောင်းရာမှ မပေးသည့်ကိစ္စနှင့် ပတ်သက်၍ ခိုက်ရန်ဖြစ်ပွားပြီး သစ်သားရိုးတပ် ဓားဦးချွန်ဖြင့် လည်ပင်းဝဲဘက်ကို တစ်ချက်ထိုးခဲ့ရာ အဆိုပါဒဏ်ရာဖြင့် ဇင်ကို(၂၅ နှစ်)မှာ အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စိုင်းလင်းအောင်(၂၀ နှစ်)အား မေတ္တာမြို့နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေတ္တာ(ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ ဆေးလိပ်စက္ကူပုံးအကြီး ၂၉ ပုံးနှင့် အလွတ် ၂၅ တောင့် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၆**
မောင်တောမြို့နယ်မြောက်ပိုင်း နယ်မြေ(၂) မင်္ဂလာညွန့်ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေစိုးမိုးရေး လှည့်ကင်းဆောင်ရွက်နေစဉ် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် တမန်းသားကျေးရွာနှင့် မင်္ဂလာညွန့်ကျေးရွာကြားရှိ ပြူးမချောင်းအတွင်းရှိ ချုံအတွင်းမှ Marble တံဆိပ်ပါ ဆေးလိပ်စက္ကူပုံးအကြီး ၂၉ပုံးနှင့် အလွတ် ၂၅ တောင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅၄၀၀၀၀ ခန့်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်လုစ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ငွေကျပ်သိန်း ၆၂၀ ခိုးယူသူအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၆**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်ရုံတစ်ရုံမှ ငွေကျပ်သိန်း ၆၂၀ ခိုးယူသူအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက စက်ရုံငွေစာရင်းအခန်းတွင်းသော့ခတ်ထားခြင်း မရှိသော သံဗီရိုအတွင်း ထားရှိသည့် ငွေကျပ် ၉၅၇ သိန်းကျော် အနက်မှ ငွေကျပ်သိန်း ၆၂၀ ပျောက်ဆုံးနေကြောင်းသိရ၍ ခိုးယူသွားသူအား အရေးယူပေးရန် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား စုံစမ်းရာ စက်ရုံ၏ ညစောင့်ဝန်ထမ်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၈)ရပ်ကွက်နေ သူရိန်မိုးဖြစ်ကြောင်း သိရပြီး အောက်တိုဘာ ၂၆ ရက်တွင် ဖမ်းဆီးရမိခဲ့ကာ ငွေများကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ ခိုးယူရရှိသော ငွေများဖြင့် ဝယ်ယူခဲ့သောပစ္စည်းများနှင့် ကျန်ငွေ ကျပ်သိန်း ၅၇၀ ကို ပြန်လည်သိမ်းဆည်းရမိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမေရိကန်သို့ ဦးတည်လာသည့် ရွှေ့ပြောင်းအခြေချသူလူအုပ်ကြီး မက္ကဆီကိုစီးတီး၌နားခို

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၆**

ဗဟိုအမေရိကမှရွှေ့ပြောင်းအခြေချနေထိုင်သူများသည် တနင်္လာနေ့က မက္ကဆီကိုစီးတီးရှိ အားကစားရုံအတွင်း နားခိုခဲ့ကြပြီး ပြန်လည်အုပ်စုဖွဲ့ခဲ့ကြသည်။ အမေရိကန်သို့ဦးတည်လာသော ရွှေ့ပြောင်းအခြေချနေထိုင်သူ လူအုပ်ကြီးတွင် အကြမ်းဖက်မှုများဖြစ်ပွားနေသည့် ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာ၊ အယ်ဆာဗေဒိုတို့မှ အများဆုံး ပါဝင်သည်။

ယင်းလူအုပ်ကြီးထဲမှ လူပေါင်း ၅၀၀၀ ခန့်မှာ လာမည့်နေ့များအတွင်း ကျန်ရှိနေသေးသော လူအုပ်ကြီးနှင့်ပေါင်းပြီး ဆက်လက်ချီတက်မှုများ ပြုလုပ်သွားမည်ဟု ခန့်မှန်းရကြောင်း အာဏာပိုင်များကပြောသည်။ ပထမအသုတ်အဖြစ် လူပေါင်း ၄၇၀ ခန့် ပါဝင်သော လူအုပ်ကြီးသည် တနင်္ဂနွေနေ့က မက္ကဆီကိုစီးတီးသို့ရောက်ရှိခဲ့ပြီး မြို့တော်၏အရှေ့ဘက်တွင်ရှိသော အားကစားရုံကြီးအတွင်း နားခိုခဲ့ကြသည်။

မက္ကဆီကိုအာဏာပိုင်များက ၎င်းတို့ကို အားကစားရုံအတွင်း၌ နားခိုစရာများ ပြုလုပ်ပေးထားပြီး အစားအစာနှင့် ရေများ ထောက်ပံ့ပေးထားသည်။ တနင်္လာနေ့ ညနေပိုင်းတွင် လူပေါင်း ၄၀၀၀ ခန့်သည် အဆိုပါ စခန်းများသို့ ထပ်မံရောက်ရှိလာသည်။ နောက်ထပ် ၁၀၀၀ ခန့်မှာ လာမည့် ဗုဒ္ဓဟူးနေ့တွင် မက္ကဆီကိုစီးတီးသို့ ရောက်ရှိလာလိမ့်မည်ဟု ခန့်မှန်းရသည်။

မက္ကဆီကိုအလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို ဖြတ်ကျော်လာပြီးနောက် ရွှေ့ပြောင်းအခြေချနေထိုင်သူ လူအုပ်ကြီးသည် ပြန့်ကျဲသွားသော လူအုပ်ကြီးကို ပြန်လည်စုစည်းလျက်ရှိသည်ဟု အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြောသည်။ ကလေးငယ်များအပါအဝင် မိသားစုလိုက် ရွှေ့ပြောင်းလာသော လူအုပ်ကြီးသည် တဲများအတွင်း အိပ်စက်နေသူများရှိသလို ကြမ်းပြင်ပေါ်တွင် အိပ်စက်ရသူများလည်း ရှိသည်။ အလွန်အေးသော ညသန်းခေါင်အချိန်တွင် အပူချိန်မှာ ၁၂ ဒီဂရီ ဆဲလ်စီးရပ် ရှိသည်။ "အေးလွန်းပြီး ချောင်းဆိုးနေတဲ့အတွက် တစ်ညလုံး အိပ်စက်လို့ မရနိုင်ဘူး" ဟု အသက် ၂၃ နှစ်အရွယ် ဟွန်ဒူးရပ်စ်မှ ကာလာမန်ဘာရီနိုက ပြောသည်။



မက္ကဆီကိုစီးတီးရှိ အားကစားရုံအတွင်း နားခိုနေကြသော ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

၎င်းသည် ခင်ပွန်းဖြစ်သူ၊ ယောက်မဖြစ်သူတို့နှင့်အတူ ခရီးကြမ်းတွင် ပါဝင်ခဲ့သူလည်းဖြစ်သည်။ အားကစားရုံအတွင်းဆေးဝန်ထမ်းများလည်း ချထားပေးကြောင်း သိရသည်။ အခြားသောရွှေ့ပြောင်းသွားလာသူများမှာ အလှူရှင်များ လှူဒါန်းထားသော အဝတ်အစားများထဲမှာ အနွေးဓာတ်ရရှိအောင် အနွေးထည်များ၊ ခြေအိတ်၊ လက်အိတ်များ ရှာဖွေနေကြရင်း အလုပ်ရှုပ်နေကြသည်။

ရွှေ့ပြောင်းအခြေချနေထိုင်သူများမှာ ဗဟိုအမေရိကနိုင်ငံများဖြစ်သည့် ဟွန်ဒူးရပ်စ်၊ အယ်ဆာဗေဒို၊ ဂွါတီမာလာတို့မှ ဆင်းရဲမွဲတေမှုနှင့် နယ်မြေတွင်း မငြိမ်မသက်မှုများကြောင့် ထွက်ပြေးလာသူများလည်းဖြစ်သည်။ **အေအက်ဖ်ပီ**

# မာဆေးမြို့၌ အဆောက်အအုံပြိုကျပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများစတင်

**ပါရီ နိုဝင်ဘာ ၆**

ပြင်သစ်နိုင်ငံ မာဆေးမြို့လယ်ရှိ ဟောင်းနွမ်းနေသော အဆောက်အအုံ ပြိုကျပြီးနောက် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရန် ကယ်ဆယ်ရေးသမားများသည် တနင်္လာနေ့ညက ညလုံးပေါက် အလုပ်လုပ်ခဲ့ကြသည်။ တနင်္လာနေ့ နံနက် ၉ နာရီခန့်က ကပ်လျက်တည်ရှိသော အဆောက်အအုံနှစ်ခု ပြိုကျခဲ့ပြီး အပျက်အစီးများကြောင့် လမ်းများ ပိတ်သွားခဲ့သည်။

သေဆုံးသူအနည်းငယ်သာ ရှိမည်ဟု မျှော်လင့်ကြောင်းလည်း မာဆေးမြို့တော်ဝန်က ပြောသည်။ ပါရီမြို့မှ မာဆေးမြို့သို့ အပြေးလာခဲ့သော အိုးအိမ်ဝန်ကြီးကလည်း ယခုအချိန်သည် အချိန်လု၍ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်သား ၁၀၀ ခန့်မှာ အနံ့ခံခွေးများဖြင့် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြပြီး ဒရုန်းကို အသုံးပြု၍ အပျက်အစီးများအပေါ်မှလည်း ရှာဖွေမှုများ ပြုလုပ်နေသည်။ ဘေးမှ ဖြတ်သွားဖြတ်လာ လူနှစ်ဦးလည်း အဆောက်အအုံပြိုကျမှုကြောင့် ဒဏ်ရာရရှိခဲ့ကြသည်။

အိမ်နီးချင်းအဆောက်အအုံများ၌ နေထိုင်သူအချို့ကိုလည်း အာဏာပိုင်များက နေရာရွှေ့ပြောင်းချထားပြီး ဖြစ်သည်ဟု ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖိလစ်က အေအက်ဖ်ပီသို့ပြောသည်။



အပျက်အစီးများကြားမှ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေသည့် ကယ်ဆယ်ရေးသမားများကို တွေ့ရစဉ်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ကလည်း ကယ်ဆယ်ရေးသမားများ ညလုံးပေါက်ရှာဖွေရေး လုပ်ကိုင်ခဲ့သည့်အတွက် ချီးကျူးခဲ့သည်။ ယခုလိုဖြစ်ရပ်မျိုးမှာ ပြင်သစ်နိုင်ငံတွင် ရှားပါးသော ဖြစ်ရပ်တစ်ခုလည်း ဖြစ်သည်။ ၂၀၁၅ ခုနှစ် အစိုးရ အစီရင်ခံစာတွင် မာဆေးမြို့ရှိ ဒေသခံ တစ်သိန်းခန့်မှာ ကျန်းမာရေးနှင့် လုံခြုံရေးအတွက် အာမခံချက်မပေးနိုင်သော အိမ်ရာများတွင် နေထိုင်ကြလျက်ရှိကြောင်း ဖော်ပြထားသည်။ **အေအက်ဖ်ပီ**

## ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လေ့လာရေး ကော်မတီအဖွဲ့ တောင်ဆူဒန်သို့ ရောက်ရှိ

**ဂျူဘား နိုဝင်ဘာ ၆**

ကလေးငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လေ့လာရေးကော်မတီအဖွဲ့သည် ငြိမ်းချမ်းရေးစာချုပ်အရ ကလေးများကို ကာကွယ်ပေးရေးနည်းလမ်းများကို ရှာဖွေရန် ဆူဒန်နိုင်ငံသို့ ရောက်ရှိနေကြသည်။ တောင်ဆူဒန်ရှိ ကုလသမဂ္ဂမစ်ရှင်အဖွဲ့က ယခုရောက်ရှိလာသော ကော်မတီအဖွဲ့သည် တနင်္ဂနွေနေ့က ဂျူဘားသို့ရောက်ရှိခဲ့သည်ဟုပြောသည်။

ကုလသမဂ္ဂ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အစိုးရ အရာရှိကြီးများ နှင့် တွေ့ဆုံကာ အဆင့်မြင့်အရာရှိကြီးများအဆင့် ဆွေးနွေးပွဲပြုလုပ်သွားမည် ဖြစ်သည်။ ကလေးများအပေါ် အကာအကွယ်ပေးရေး နည်းလမ်းများကို ရှာဖွေရန် ဦးစားပေးဆွေးနွေးသွားမည်ဖြစ်သည်။ ကလေးများအပေါ်တွင် အကြမ်းဖက်မှုများ ရှောင်ရှားရန် အဓိကဆွေးနွေးသွားမည် ဖြစ်သည်။

အဆိုပါအဖွဲ့သည် ဆူဒန်နိုင်ငံ၌ နေထိုင်စဉ်အတွင်း ပီဘောနှင့် ဘော်မြို့တို့သို့လည်း သွားရောက်ရန်ရှိပြီး ပဋိပက္ခဖြစ်ပွားနေသော လက်နက်ကိုင်အဖွဲ့များ၏ ကလေးများအပေါ် ပြစ်မှုကျူးလွန်မှုများကို ကြည့်ရှုသွားမည်ဖြစ်ကာ ဒေသခံအာဏာပိုင်များနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။

တောင်ဆူဒန်နိုင်ငံသား လေးသန်းခန့်မှာ နိုင်ငံအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# ရုရှားသမ္မတပူတင်နှင့် ပါရီတွင် တွေ့ဆုံရန် မသေချာတော့ဟု အမေရိကန်သမ္မတထရမ့်ဆို

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းသည် လာမည့်သီတင်းပတ်တွင် ပါရီမြို့၌ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံရန်မှာ မသေချာတော့ဟု တနင်္လာနေ့က ပြောခဲ့သည်။ "ပါရီမှာ ရုရှားသမ္မတနဲ့တွေ့ဆုံဖို့ဆိုတာ မသေချာတော့"ဟု အမေရိကန်သမ္မတ ထရမ့်က သတင်းထောက်များကို ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးများကို ဦးတည်လုပ်ဆောင်နေရသည့်အတွက် ရုရှားသမ္မတနှင့် တွေ့ဆုံရန် မသေချာတော့ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်နှင့် ရုရှားမှ အရာရှိများသည် သမ္မတနှစ်ဦးစလုံးမှာ ပါရီမြို့တွင် တွေ့ဆုံမည်ဟု တစ်ညီတစ်ညွတ်တည်း ပြောခဲ့ကြသည်။ ပါရီမြို့၌ ပြုလုပ်မည့် ပထမကမ္ဘာစစ်ပြီးဆုံးခြင်း နှစ် ၁၀၀ ပြည့် အခမ်းအနားသို့ တက်ရောက်ရင်း တွေ့ဆုံရန် သဘောတူခဲ့ကြခြင်းဖြစ်သည်။

ထရမ့်က ၎င်းနှင့် ပူတင်တို့သည် ဂျီ ၂၀ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံရန်ရှိသည်ဟု ပြောကြားခဲ့ရာ ယင်းအစည်းအဝေးသည် အာဂျင်တီးနား၌ ယခုလကုန်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန် လွန်ခဲ့သောလက ဂျော်ဂျီယာသို့ ရောက်ရှိစဉ်အတွင်းကလည်း ပါရီမြို့၌ သမ္မတထရမ့်နှင့် ပူတင်တို့မှာ ခေတ္တတွေ့ဆုံနိုင်ကြောင်း ပြောခဲ့သည်။

အမေရိကန်၏ ပိတ်ဆို့မှုများ ရုရှားပေါ်သို့ ဆက်လက်ရှိနေပြီး အိုင်အင်န်အက်ဖ်ဟုခေါ်သည့် အမေရိကန်နှင့် ရုရှားတို့ကြား ချုပ်ဆိုထားသည့် နျူကလီးယားစာချုပ်မှလည်း အမေရိကန်က ထွက်ထားသည့်အတွက် လတ်တလောတွင် အမေရိကန်နှင့် ရုရှားတို့၏ ဆက်ဆံရေးအခြေအနေမှာ အေးစက်လျက်ရှိသည်။

**ဆင်ဟွာ**



အမေရိကန်သမ္မတထရမ့်နှင့် ရုရှားသမ္မတပူတင်တို့ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၆ ရက်က ဖင်လန်နိုင်ငံ သမ္မတနန်းတော်၌ တွေ့ဆုံခဲ့ကြစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### သီရိလင်္ကာ လွှတ်တော် အစည်းအဝေးကို မကြာမီ ပြန်လည်ကျင်းပရန် သမ္မတ ညွှန်ကြား

ကိုလံဘို နိုဝင်ဘာ ၆

သီရိလင်္ကာလွှတ်တော်အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်တွင် ပြန်လည်ကျင်းပနိုင်ရန် သမ္မတ မိုင်သရီပါလာ ဆီရီဆီနာက ညွှန်ကြားလိုက်ပြီး ဝန်ကြီးချုပ်သစ်အဖြစ် ၎င်းကိုယ်တိုင်ခန့်အပ်ခဲ့သည့် မဟင်ဒါ ရာဂျာပက်ဆာကို အတည်ပြုနိုင်ရေး လွှတ်တော်အမတ်များက မဲခွဲဆုံးဖြတ်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

အခုလို လွှတ်တော်အစည်းအဝေး ပြန်စရန် မကြာသေးမီကမှ သမ္မတက ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခင် ဝန်ကြီးချုပ် ရန်နေးဝုစ်ခရမန် ဆင်းဂ်နှင့် ၎င်း၏ အစိုးရအဖွဲ့ကို သမ္မတက ဖြုတ်ချခဲ့ပြီးနောက် မဟင်ဒါ ရာဂျာပက် ဆာကို လွှန်ခဲ့သည့်လက ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံရေးအတိုက်အခံ အင်အားစုများ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် အမေရိကန်ပြည်ထောင်စု အပါအဝင် ပြည်ပအစိုးရများက လွှတ်တော်ကို ချက်ချင်းပြန်ခေါ်ပြီး နိုင်ငံရေးအကျပ်အတည်းမှ အဆုံးသတ်အောင်လုပ်ဆောင်ရန် သမ္မတအား တိုက်တွန်းထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### အီရတ်အနောက်ဘက်တွင် နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်

ဘဂ္ဂဒက် နိုဝင်ဘာ ၆

အီရတ်နိုင်ငံ အနောက်ဘက် ကန္တာရတစ်လျှောက်တွင် အီရတ်အစိုးရတပ်ဖွဲ့များ လုံခြုံရေးများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အိုင်အက်စ်အစွန်းရောက်များကို ရှင်းလင်းရေးများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

နီနီဗာ၊ ဆာလာဒင်၊ အန်ဘာ ပြည်နယ်များနှင့် ဆက်စပ်နေသည့် ကန္တာရတစ်လျှောက်တွင် အိုင်အက်စ် လက်နက်ကိုင်တပ်ကျန်များကို အမြစ်ပြတ် ရှင်းလင်းမှုများ မကြာသေးမီက စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်းနှင့် နယ်မြေရှင်းလင်းမှုများကို အီရတ်-ဆီးရီးယားနယ်စပ်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေး စစ်ဌာနချုပ်က ကြေညာခဲ့သည်။

ယခု ရက်ပိုင်းများတွင် အီရတ်-ဆီးရီးယား နယ်စပ်လုံခြုံရေးအခြေအနေသည် အပြောင်းအလဲဖြစ်နေကြောင်း သိရပြီး အောက်တိုဘာ ၂၆ ရက်က အိုင်အက်စ်လက်နက်ကိုင် ၂၀၀ကျော်က အီရတ်နှင့်ကပ်လျက်ရှိသည့် Deir ez-Zor ပြည်နယ်အရှေ့ပိုင်း ကျေးရွာကို တိုက်ခိုက်ခဲ့ရာ ဆီးရီးယားတပ်ဖွဲ့ဝင်များ ကျဆုံးခဲ့ပြီး နယ်မြေများဆုံးရှုံးခဲ့ကြောင်း သိရသည်။ အိုင်အက်စ် အစွန်းရောက်များ အီရတ်နယ်မြေများအတွင်းသို့ ဝင်ရောက် တိုက်ခိုက်ခြင်းမှ ကာကွယ်ရန်နှင့် လုံခြုံရေးအင်အားတိုးမြှင့်ရန် နိုဝင်ဘာ ၂ ရက် က တင့်ကား၊ သံချပ်ကာယာဉ်စသည့် လက်နက်ကြီးတပ်ဖွဲ့များကို နယ်စပ်သို့ ပို့ဆောင်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# အတိုင်းအတာတစ်ခုအထိ ခရီးပေါက်လာပြီဖြစ်တဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး

**ထွန်းသစ်စ**

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့အကြား ပထမဆုံးအကြိမ်ပြုလုပ်ခဲ့တဲ့ သမိုင်းတွင်မယ့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီက စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကပ်ပီလာဟိုတယ်မှာပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်တွေ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ ကတိကဝတ်တွေ ထားရှိခဲ့ကြပါတယ်။**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် မြောက်ကိုရီးယားထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ ကင်ယောင်ချိုတို့ကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

### ဦးစားပေးဆွေးနွေးခဲ့

အမေရိကန်-မြောက်ကိုရီးယားတွေ့ဆုံဆွေးနွေးပွဲဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေ အရည်ပျော်ပြီး ကောင်းမွန်တဲ့ဘက်ကို ရောက်ရှိစေမယ့် အနေအထားဖြစ်စေခဲ့ပါတယ်။ နှစ်နိုင်ငံ တကယ့် တွေ့ဆုံညှိနှိုင်းမယ့် ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ် နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ် ဒုံးကျည်လက်နက်ဆိုင်ရာ နည်းဗျူဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယား နိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိကဦးစားပေး ဆွေးနွေးခဲ့ပါတယ်။

### ဒီနေ့အချိန်အထိ ညှိနှိုင်းမှုတွေ ဆက်လက်လုပ်ဆဲ

ပထမဆုံးအကြိမ် ပြုလုပ်ခဲ့တဲ့ သမိုင်းဝင် အမေရိကန်ပြည်ထောင်စုနဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ရဲ့ ထိပ်သီးအစည်းအဝေးမှာ နှစ်နိုင်ငံ ဆက်ဆံရေးကို တည်ဆောက်သွားနိုင်ခဲ့ပြီး နျူကလီးယားကင်းစင်ရေး နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုတွေကို ဆက်လက် လုပ်ဆောင်ခဲ့တာဟာ ဒီနေ့အချိန်အထိပဲ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့နှစ်နိုင်ငံအနေနဲ့ သမိုင်းဝင်မယ့် ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်နိုင်ခဲ့ပြီး အတိတ်ကို အတိတ်မှာပဲ ထားခဲ့ဖို့ သဘောတူခဲ့ပါတယ်။ သမိုင်းတွင်မယ့် စာချုပ်တစ်ခုကိုလည်း လက်မှတ်ရေထိုးနိုင်ခဲ့ပါတယ်။ အခုလို အစည်းအဝေး ပေါ်ပေါက်လာခဲ့တဲ့အတွက်လည်း အမေရိကန်သမ္မတထရမ့်ကို ကျေးဇူးတင်ပါတယ်၊ အဲဒီလိုပဲ ကမ္ဘာကြီးအနေနဲ့ အဓိကပြောင်းလဲမှုတွေကို တွေ့မြင်ရတော့မှာဖြစ်ပါတယ်လို့ မြောက်ကိုရီးယားခေါင်းဆောင်က ပြောခဲ့ပါတယ်။

အဲဒီစာချုပ်ဟာ အလွန်အရေးကြီးပါတယ်။ အတော်လေးပြည့်စုံ ကျယ်ပြန့်တဲ့ စာချုပ်လည်းဖြစ်ပါတယ်။ အတိတ်ကို အတိတ်မှာထားခဲ့ပြီး နှစ်နိုင်ငံကြား ကဏ္ဍသစ်တွေကို စတင်ဆောင်ရွက်နိုင်တော့မှာပါလို့ အမေရိကန်သမ္မတ ထရမ့်က ပြောခဲ့ပါတယ်။

နှစ်နိုင်ငံ လက်မှတ်ရေးထိုးပွဲပြီးတဲ့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းဘေးမှာရပ်ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ ကျွန်တော်တို့ နောက်ထပ် အများကြီးတွေဖို့ ရှိသေးတယ်လို့ ပြောခဲ့ပါတယ်။

### တိုးတက်မှုဖြစ်စဉ်တစ်ခု

ဆိုခဲ့သလိုပါပဲ နှစ်နိုင်ငံခေါင်းဆောင်တွေဟာ ကိုယ်စားလှယ်အသီးသီး စေလွှတ်ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဆွေးနွေးမှုတွေ နောက်ထပ် လုပ်ဆောင်ခဲ့တာဟာ ကမ္ဘာကြီးအတွက် အပြုသဘောဆောင်တဲ့ တိုးတက်မှုတစ်ခုပဲ ဖြစ်ပါတယ်။

နှစ်နိုင်ငံသမိုင်းဝင် ထိပ်သီးအစည်းအဝေးပြုလုပ်နိုင်ခဲ့တဲ့ အကျိုးရလဒ်ကြောင့် နျူကလီးယား ဒုံးကျည်ထိပ်ဖူး ၂၄ ခုထက်မနည်း ပိုင်ဆိုင်ခဲ့တဲ့ မြောက်ကိုရီးယားက အမေရိကန်ကို ချိန်ရွယ်ပစ်လွှတ်နိုင်မယ့် တိုက်ချင်းပစ်နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တည်ဆောက်မှုကို ပိတ်သိမ်းမှုတွေလုပ်ဆောင်ခဲ့တာဟာ နျူကလီးယားစစ်ပွဲ ဖြစ်ပွားမှုကို ရှောင်ရှားပြီး ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ဖို့ ကောင်းမွန်တဲ့အလားအလာပဲ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ ဒါတွေဟာ ကမ္ဘာကြီးအတွက် ကောင်းကျိုးတွေယူဆောင်လာတာပဲဖြစ်ပါတယ်။ နှစ်နိုင်ငံ သမိုင်းဝင်အစည်းအဝေးကျင်းပနိုင်ပြီး ကိုယ်စားလှယ်တွေ အပြန်အလှန်စေလွှတ်တဲ့ နျူကလီးယား ကင်းစင်ရေးအတွက် ဆက်လက်ကြိုးစား ဆောင်ရွက်မှုဟာ နျူကလီးယားစစ်ပွဲ ဖြစ်ပွားမယ့်ဘေးကို ကြိုတင်ရှောင်ရှားခဲ့တာပဲဖြစ်ပါတယ်။

### အကြောင်းတရားတစ်ခု

အခုဆိုရင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မိုက်ပွန်ပီအိုဟာ သူ့အနေနဲ့ အခုတစ်ပတ်အတွင်းမှာပဲ နယူးယောက်မှာ မြောက်ကိုရီးယားနိုင်ငံရဲ့တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီးတော့ နျူကလီးယားကင်းစင်ရေးအတွက် ဆက်လက်ဆွေးနွေးသွားမယ်လို့ နိုဝင်ဘာ ၄ ရက်က ပြောခဲ့ပါတယ်။ ဒါဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့ရဲ့ ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးနိုင်ဖို့ အကြောင်းတရားတစ်ခုလည်း ဖြစ်နိုင်ပါတယ်။

တကယ့်ကိုပဲ ကောင်းမွန်တဲ့တိုးတက်မှုတွေ ပြုလုပ်နိုင်မယ်လို့ မျှော်လင့်ကြောင်းနဲ့ ခေါင်းဆောင်နှစ်ဦးအနေနဲ့ နျူကလီးယားကင်းစင်ဖို့ တွေ့ဆုံဆွေးနွေးမှုတွေ ရှေ့တိုးလုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ကြောင်းလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောပါတယ်။ ပွန်ပီအိုဟာ ကင်ယောင်ချိုနဲ့ အခုတစ်ပတ်နှောင်းပိုင်းမှာ တွေ့ဆုံမှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။ သူတို့နှစ်ဦးရဲ့ တွေ့ဆုံမှုဟာ ပထမအကြိမ် ခေါင်းဆောင်ကြီးနှစ်ဦးတွေ့ဆုံပြီး ငါးလအကြာမှာ တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။

### အလေးအနက်ထားစဉ်းစား

မြောက်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာနကတော့ အကယ်၍ အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့ အရေးယူမှုတွေ မရုပ်သိမ်းဘူးဆိုရင် ပြုံယမ်းအနေနဲ့လည်း သူ့ရဲ့ နျူကလီးယားလက်နက် အစီအစဉ်ကို ပြန်လည်ပြုလုပ်ဖို့ အသေအချာ အလေးအနက်ထား စဉ်းစားနေပါတယ်လို့ ပြောပါတယ်။

ပွန်ပီအိုကတော့ အဆိုပါ ကြေညာချက်ကို အလေးမထားသလိုဖြစ်ခဲ့ပြီး သူ့အနေနဲ့ စိုးရိမ်ပူပန်မှု သိပ်မရှိဘူးလို့ ဆိုပါတယ်။ မိမိတို့တွေ နျူကလီးယားကင်းစင်ဖို့ အာရုံစိုက်ထားပါတယ်။ ဘယ်သူတွေနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်မလဲ။ သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေက ဘာတွေလဲဆိုတာ သိထားပါတယ်လို့ သူကပြောပါတယ်။ မိမိတို့ရဲ့ အန္တိမ ရည်ရွယ်ချက်မရောက်မချင်း မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးဆိုင်ရာ အရေးယူ ပိတ်ဆို့မှုတွေ လုံးဝ ရုပ်သိမ်းပေးဦးမှာ မဟုတ်သေးဘူးလို့ ပွန်ပီအိုက ဆက်လက် ပြောခဲ့ပါတယ်။

### တင်းမာမှုလျော့နည်းခဲ့

နှစ်ဖက်ဖြစ်နိုင်တဲ့ အစည်းအဝေးနဲ့ပတ်သက်ပြီးတော့ အမေရိကန် သက်တမ်းဝက် ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလိုလောက်မှာ ဖြစ်နိုင်ခြေရှိနေပါတယ်။ အဲဒီလိုပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားနဲ့ တင်းမာမှုသိပ်မရှိတော့ပါဘူး။ သူ့အနေနဲ့ အမေရိကန်သမ္မတဖြစ်ဖြစ်ချင်းမှာ အမေရိကန်နဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ ဆက်ဆံရေးဟာ တင်းမာခဲ့ပြီး နှစ်နိုင်ငံ သမိုင်းဝင်အစည်းအဝေး ကျင်းပနိုင်ခဲ့ပြီးနောက် တင်းမာမှု လျော့နည်းလာခဲ့ပါတယ်။

စင်ကာပူမှာလုပ်ခဲ့တဲ့ ပထမအကြိမ် အစည်းအဝေးပြီးကတည်းက မြောက်ကိုရီးယားနိုင်ငံအနေနဲ့ နောက်ထပ် ဒုံးကျည်စမ်းသပ်ပစ်လွှတ်တာလည်း မရှိတော့ပါဘူး။ ကိုရီးယားစစ်ပွဲအတွင်း မြောက်ကိုရီးယားနိုင်ငံမှာ ကျဆုံးခဲ့တဲ့ အမေရိကန် စစ်သည်တော်တွေကိုလည်း ပြန်လည်သယ်ဆောင်လာနိုင်ခဲ့ပါတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပွန်ပီအိုက ပြောပါတယ်။

### ရလဒ်ကောင်းတွေအတွက် ဆက်လက်လုပ်ဆောင်မယ်

လအနည်းငယ်အတွင်း အတော်လေး အောင်မြင်လာခဲ့ကြောင်းနဲ့ ကောင်းမွန်တဲ့ ရလဒ်တွေ ဆက်လက်ဆောင်ကြဉ်းနိုင်ဖို့အတွက် ဒီတစ်ပတ် နယူးယောက်တွေ့ဆုံမှုဟာ ဆက်လက်လုပ်ဆောင်ရဦးမှာ ဖြစ်ပါတယ်လို့ သူက ပြောခဲ့ပါတယ်။ တိုးတက်မှုဖြစ်စဉ်ကတော့ အနည်းငယ်နှေးကွေးနေသယောင် တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝါရှင်တန်ဟာ ပြုံယမ်းအပေါ် နျူကလီးယားကင်းစင်ရေး လုံးဝ အကောင်အထည်ဖော်ပြီးမှသာ စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုကို လမ်းဖွင့်ပေးမှာဖြစ်တဲ့အတွက် အခုလို တိုးတက်မှု နှေးကွေးနေတာပဲ ဖြစ်ပါတယ်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံမယ့် နှစ်နိုင်ငံဆွေးနွေးပွဲအတွက်လည်း အချိန်နဲ့နေရာတို့ကို ညှိနှိုင်းဖို့ ဆက်လက် ဆောင်ရွက်နေကြောင်းလည်း ပွန်ပီအိုက ပြောပါတယ်။ အကယ်၍သာ နှစ်နိုင်ငံခေါင်းဆောင်တွေ ထပ်မံတွေ့ဆုံနိုင်ခဲ့မယ်ဆိုပါက ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးဟာ လျင်လျင်မြန်မြန် အကောင်အထည်ပေါ်လာမလားဆိုတာတော့ မသိသေးပါဘူး။ သို့သော်လည်း လက်ရှိအချိန်အထိ နျူကလီးယားကင်းစင်ရေး နှစ်နိုင်ငံဆောင်ရွက်မှုကတော့ အတိုင်းအတာတစ်ခုအထိ ခရီးပေါက်နေပြီဆိုတာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"စင်ကာပူမှာလုပ်ခဲ့တဲ့ ပထမအကြိမ်အစည်းအဝေးပြီးကတည်းက မြောက်ကိုရီးယားနိုင်ငံအနေနဲ့ နောက်ထပ် ဒုံးကျည်စမ်းသပ်ပစ်လွှတ်တာလည်း မရှိတော့ပါဘူး။ ကိုရီးယားစစ်ပွဲအတွင်း မြောက်ကိုရီးယားနိုင်ငံမှာ ကျဆုံးခဲ့တဲ့ အမေရိကန်စစ်သည်တော်တွေကိုလည်း ပြန်လည်သယ်ဆောင်လာနိုင်ခဲ့ပါတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပွန်ပီအိုက ပြော"**

# လေးမျက်နှာမြို့နယ်ရှိ မျိုးသန့်စံပြစိုက်ခင်းကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**လေးမျက်နှာ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စုရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ကွင်းတွင် မိုးစပါး ဆင်းသုခ မျိုးသန့်စံပြစိုက်ခင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၄ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ရာ သရုပ်ပြပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးရန်၊ အရည်အသွေးမြင့်အထွက်တိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပညာရှင်များ၏ နည်းပညာပေးမှုများအပေါ် ယုံကြည်လက်ခံ၍ တောင်သူများ၏ အတွေ့အကြုံနှင့် လိုက်ပါဆောင်ရွက်ရန်၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အတွေးအမြင်နှင့် ဗဟုသုတများအောင် လေ့လာရန်နှင့် တောင်သူတစ်ဦးချင်း၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအထိ စိုက်ပျိုးရေးကဏ္ဍဖြင့် မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းဝင်းကလည်း ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ကွင်းရှိ တောင်သူများအနေဖြင့် လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းများ၊ စနစ်တကျ စပါးစိုက်ပျိုးနည်းစနစ်များ၊ မြေပြုပြင်ရေးလုပ်ငန်းအတွက် ဌာနမှ မြေချဉ်ငန်စမ်းသပ်ပြီး ထုံးထည့်သွင်းထားရှိမှု အခြေအနေများ၊ သိပ္ပံနည်းကျပျိုးထောင်၍ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် အပင်အရည်အသွေးနှင့် အထွက်နှုန်းတိုးနိုင်မည့် အခြေအနေများကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စပါးရိတ်စက်ဖြင့် စံကွက်ရိတ်သိမ်းမှုကို သရုပ်ပြသခဲ့ရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများက လေ့လာကြည့်ရှုခဲ့ကြပြီး စံကွက်ရိတ်သိမ်းမှုမှ တစ်ဧကလျှင် စပါး ၁၁၄ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ရွှေမိုး (ပြန်/ဆက်)**



# တောင်ငူမြို့နယ်မှ ပျက်စီးသွားသော တံတားများအတွက် သစ်နှင့်ထောက်ပံ့ငွေ ပေးအပ်

**တောင်ငူ နိုဝင်ဘာ ၆**

တောင်ငူမြို့နယ် ကမ်းနီကျေးရွာအုပ်စု၊ ညောင်စခန်းနှင့် ကရင်နီကုန်းကျေးရွာလမ်းပေါ်ရှိသဘာဝဘေးကြောင့်ပျက်စီးသွားသော တံတားများကို အသစ်ပြန်လည် တည်ဆောက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သစ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ကရင်နီကုန်းကျေးရွာ၌ နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

သစ်နှင့် ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး ပျက်စီးသွားသောတံတားကို အသစ်ပြန်လည်တည်ဆောက်ရန် သစ် ၁၄ ဒသမ ၇၆ တန်နှင့် လုပ်အားခနှင့် အထွေထွေစရိတ်ထောက်ပံ့ငွေ ကျပ် ၃၆၉၀၀၀၀ ကို ဝန်ကြီးချုပ်က ကမ်းနီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများထံ ပေးအပ်သည်။ **(ယာပုံ)** ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ရွှေလေးအင်း ကျေးရွာအုပ်စု ပိတောက်ကုန်း-ကျွန်းကြီးလမ်းပေါ်ရှိ ပျက်စီးသွားသောတံတားကို ပြန်လည်တည်ဆောက်ရန် သစ် ၁၁ ဒသမ ၇၉ တန်နှင့် လုပ်အားခနှင့် အထွေထွေထောက်ပံ့ငွေကျပ် ၂၉၄၇၅၀၀ ကို ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် ရပ်မိရပ်ဖများထံ ပေးအပ်ခဲ့သည်။

ထို့နောက် ဒေသခံများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ တင်ပြခဲ့ပြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

**ဟိန်းထက် (ပြန်/ဆက်)**



# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က တောင်ကြီးမြို့ရှိ ပြည်နယ်အစည်းအဝေးခန်းမ(၁)၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးစိုးဇော်က ရှမ်းပြည်နယ် အုပ်ချုပ်မှုသမိုင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းနှစ်ဦးအား ပြည်နယ်ဝန်ကြီးချုပ်က ငွေသားဆုများ ချီးမြှင့်ပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ခွင့်အနည်းဆုံးခံစားခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦးအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ဆုများ ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအတွက် ဝတ်စုံများကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးစိုးဇော်က ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အမှုထမ်း၊ အရာထမ်းများ တက်ရောက်ခဲ့သည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့တွင် ရိုးရာလှေလှော်ပြိုင်ပွဲ ထည့်သွင်းကျင်းပ

**ဘားအံ နိုဝင်ဘာ ၆**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့တွင် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားအတွင်း ရိုးရာလှေလှော်ပြိုင်ပွဲကိုလည်း တတိယအကြိမ်မြောက်အဖြစ် ထည့်သွင်းကာ နိုဝင်ဘာ ၅ ရက်မှစ၍ ဘားအံမြို့ ကန်သာယာကန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

(၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် လှေလှော်ပြိုင်ပွဲဝင်အသင်းများက စတင်ယှဉ်ပြိုင်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံလှေလှော်ဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ရိုးရာလှေလှော်ပြိုင်ပွဲကို အမျိုးအစားများခွဲ၍ကျင်းပရာ အမျိုးသား ငါးတက်လှော်ပြိုင်ပွဲတွင် ၂၃ သင်း၊ အမျိုးသား သုံးတက်လှော်ပြိုင်ပွဲတွင် ၂၂ သင်း၊ အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲတွင် ရှစ်သင်းနှင့် အမျိုးသမီး သုံးတက်လှော်ပြိုင်ပွဲတွင် ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ပွဲစဉ်တစ်ခုလျှင် အသင်းသုံးသင်းစီ ယှဉ်ပြိုင်ရကာ ပန်းဝင်အသင်းနှစ်သင်းကို ရွေးချယ်၍ ဒုတိယအကြိမ် ဆက်လက်ယှဉ်ပြိုင်စေပြီးနောက် စံချိန်အကောင်းဆုံးအသင်းများကို ထပ်မံရွေးချယ်၍ နိုဝင်ဘာ ၇ ရက်တွင် ဗိုလ်လုပွဲစဉ်ကို ယှဉ်ပြိုင်စေပြီး ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်တွင် ပြည်နယ်သူ ပြည်နယ်သားများအတွက် ပျော်ပွဲရွှင်ပွဲတစ်ရပ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြစေရန်၊ မြန်မာ့ရိုးရာအမွေအနှစ် ရိုးရာအားကစားနည်းများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်များဖြင့် လှေလှော်ပြိုင်ပွဲကို တတိယအကြိမ် ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး ဘားအံမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများမှ အသင်းများ၊ ဌာနဆိုင်ရာအသင်းများ၊ ဝါသနာရှင်ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများက လှေပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။

# တောင်ကြီးမြို့၌ ကျောင်းအခြေပြု လူထုစက်ဘီးစီးနင်းပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဆေးလိပ်ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် လှုပ်ရှားမှုအစီအစဉ်အရ ကျောင်းအခြေပြု လူထုစက်ဘီးစီးနင်းပွဲကို နိုဝင်ဘာ ၄ ရက်က တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်ပန်းခြံရှေ့၌ ကျင်းပခဲ့သည်။

လူထုစက်ဘီးစီးနင်းပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မြို့နေ စက်ဘီးစီးဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ တပျော်တပါး ပါဝင်၍ ဗိုလ်ချုပ်ပန်းခြံရှေ့မှ စတင်တာထွက် စီးနင်းပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်မှ မြင်းရပ်အထိ၊ မြင်းရပ်မှ အရှေ့မြို့ပတ်လမ်းတစ်လျှောက်၊ အရှေ့မြို့ပတ်လမ်းမှ ဘုရင့်နောင်လမ်းနှင့် ဘုရင့်နောင်လမ်းမှ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံအထိ စီးနင်းခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**



# ဝါကျွတ်ချိန်တွင် နမ့်ခမ်းမြို့မှ ရှမ်းအိုးစည်လုပ်ငန်းများ ရောင်းအားကောင်းနေ

**နမ့်ခမ်း နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်၌ ဝါကျွတ်အချိန် ပွင့်လင်းရာသီကာလတွင် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဓလေ့ပွဲတော်များကို မြို့ပြနှင့်ကျေးလက်ဒေသအနှံ့အပြားတွင် ကျင်းပနေကြသောကြောင့် ပွဲလမ်းများတွင်တီးခတ်သည့် ရှမ်းအိုးစည် ပြုလုပ်ရောင်းချသည့် လုပ်ငန်း လုပ်ကိုင်သူများ ရောင်းအားကောင်းပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရှမ်းအိုးစည်များ ဝယ်ယူကြရာတွင် အိုးစည်အပြင် လင်းကွင်း၊ မောင်းငါးလုံးတပ်ဆင်ထားသော မောင်းစင် စသည်ဖြင့် အစုံလိုက်ဝယ်ယူကြကြောင်း သိရသည်။ ရိုးရာအလှူမင်္ဂလာပွဲတော်မှန်သမျှတွင် ရှမ်းအိုးစည်ကို တီးခတ်ကြရသောကြောင့် နမ့်ခမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသာမက မူဆယ်၊ ကွတ်ခိုင်ဒေသများနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသများရှိ ရှမ်းတိုင်းရင်းသားများကလည်း မိမိတို့ရပ်ရွာဒေသတွင် အသုံးပြုရန်အတွက် ရှမ်းအိုးစည်များကို လာရောက်ဝယ်ယူကြသကဲ့သို့ ပြန်လည် ရောင်းချမည့်သူများကလည်း



အော်ဒါမှာယူပြီး ဝယ်ယူနေကြကာ လတ်တလောတွင် နမ့်ခမ်းမြို့နယ်မှ ရှမ်းအိုးစည်လုပ်ငန်းများ လက်မလည်အောင် လုပ်ကိုင်ရောင်းချနေကြရကြောင်း သိရသည်။

**ဥက္ကာမင်း (နမ့်ခမ်း)**

# တိုင်းရင်းကြက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန် ယင်းမာပင်မြို့၌ အသိပညာပေးဟောပြော

**ယင်းမာပင် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးပွားလာစေရန်အတွက် တိုင်းရင်းကြက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ အသိပညာပေးဟောပြောပွဲများကို ကုန်းရွာကျေးရွာ၊ မြို့သစ်ကျေးရွာနှင့် မင်းဖူးကျေးရွာတို့၌ နိုဝင်ဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲများတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်မင်းက ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦးက မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့်အချက်များနှင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များအကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိဒေါက်တာဝင်းဇော်ဟိန်းက တိရစ္ဆာန်မျိုးမြှင့်ခြင်းအကြောင်းကိုလည်းကောင်း၊ ယင်းမာပင်ခရိုင်ဦးစီးမှူး ဒေါက်တာမက်အောင်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနေသော မျိုးကောင်းမျိုးသန့်များနှင့် ရောဂါကာကွယ်ကုသရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအောင်က ကြက်ရောဂါကာကွယ်ဆေးများအကြောင်းကိုလည်းကောင်း အသေးစိတ် ဟောပြောခဲ့ကာ ကျေးလက်နေပြည်သူများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ဝေသည့် တိရစ္ဆာန်မွေးမြူရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

"ကျေးလက်ပြည်သူတွေဟာ နေ့စဉ် တိရစ္ဆာန်များနဲ့ ထိတွေ့နေရတယ်။ မွေးမြူရေးမလုပ်ရင်တောင် နေ့စဉ်စားသောက်နေရတဲ့ အစာ၊ အသား၊ ငါး၊ နို့၊ ဥတွေဟာ တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်ပါတယ်။ ဒါကြောင့် သန့်ရှင်းသော အစာ၊ ဘေးကင်းသော အစာရရှိရန်အတွက် တိရစ္ဆာန်များရဲ့ကျန်းမာရေးဟာလည်း အလွန်အရေးကြီးပါတယ်။ မြင်သာသော ရောဂါကူးစက်မှုသာမက မမြင်သာသော ရောဂါဖြစ်မှုများဖြစ်တတ်တာကိုလည်း သတိထားသင့်ပါတယ်၊ ဒါကြောင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များကို ကျင့်သုံးမွေးမြူသင့်ပါတယ်"ဟု ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနမှူးက ပြောသည်။

**သန်းငွေအောင် (ကနီ)**

# လက်ပံခြေပေါ်ရွာမှတောင်သူများ တစ်နှစ်ပတ်လုံး ပြောင်းဖူးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေကောင်း

**ညောင်ဦး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် လက်ပံခြေပေါ်အုပ်စုရှိ လက်ပံခြေပေါ် ကျေးရွာသည် ညောင်ဦး-မြင်းခြံ-ပခုက္ကူ ကားလမ်းမကြီးဘေးတွင် တည်ရှိကာ ဒေသခံများသည် လယ်ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး လက်ရှိအချိန်တွင် တောင်သူအများစုအနေဖြင့် တစ်နှစ်ပတ်လုံး ပြောင်းဖူးစိုက်ပျိုးရောင်းချခြင်းဖြင့် ဝင်ငွေကောင်းနေကြောင်း သိရသည်။



လက်ပံခြေပေါ်အုပ်စုအတွင်းရှိ ကျေးရွာများသည် တစ်နှစ်ပတ်လုံး ပြောင်းဖူးများသာ စိုက်ပျိုးကြပြီး တစ်နှစ်လျှင် လေးကြိမ်အထိစိုက်ပျိုးကြောင်း၊ သကြားပြောင်းဖူးနှင့် အစီးပြောင်းဖူးများကို စိုက်ပျိုးကြကာ အချို့တောင်သူများက မြစ်ရေတင်ရေဖြင့်စိုက်ပျိုးကြပြီး အချို့တောင်သူများက မြေအောက်ရေတူးဖော်၍ စိုက်ပျိုးကြကြောင်း၊ ထွက်ရှိလာသည့်ပြောင်းဖူးများကို ကားလမ်းမကြီးဘေးတွင် ပုံထားကာ ဘုရားဖူးကားများသို့ ရောင်းချသလို မြင်းခြံ၊ ပခုက္ကူ၊ ငါ့သရောက်၊ ညောင်ဦးနှင့် ပုဂံမြို့များမှ ပြောင်းဖူးပွဲစားများကလည်း လာရောက် ဝယ်ယူကြကြောင်း၊ ပလင်းကမ်းသာယာ ဆင်စခန်းကလည်း ဆင်စာအတွက် ပြောင်းဖူးအများအပြား လာရောက်ဝယ်ယူကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ပြောင်းဖူးပွဲစားများက လာရောက်ဝယ်ယူရာတွင် ကားဖြင့်တင်ပို့ရပြီး တစ်ခါပို့လျှင် ပြောင်းဖူးနှစ်သောင်းမှသုံးသောင်းအထိ တင်ပို့နေရကြောင်း တစ်နှစ်ပတ်လုံး ပြောင်းဖူးစိုက်ပျိုးရောင်းချနေသည့် တောင်သူ ဦးဝင်းတင်က ပြောသည်။

မိုးရာသီတွင် ပြောင်းဖူးစိုက်လျှင် ရက် ၉၀ ဖြင့် ပြောင်းဖူးရရှိကာ နွေရာသီ စိုက်ပျိုးချိန်တွင် ၇၅ ရက်ဖြင့် ပြောင်းဖူးပေါ်ကြောင်း သိရသည်။ ပြောင်းဖူးကို တစ်နှစ်လျှင်လေးကြိမ်အထိ စိုက်ပျိုးနိုင်သလို ဈေးကွက်လည်းရှိသောကြောင့် ဒေသခံများအနေဖြင့် တစ်နှစ်ပတ်လုံးပြောင်းဖူးတစ်မျိုးတည်းကိုသာ စိုက်ပျိုးရောင်းချခြင်းဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း ပြောင်းဖူး စိုက်ပျိုးရောင်းချသည့် ဒေသခံတောင်သူများထံမှ သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကျိုင်းလပ်မြို့၌ တောင်သူပညာပေးဆွေးနွေး

**ကျိုင်းလပ် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် ပတ်ဝန်းကျင်ရွာများရှိ ဒေသခံတောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က ကျာခမ်းကျောက်ကျေးရွာအုပ်စု နမ့်ဆီး(အာခါ)ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှဝင်းက မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျိုင်းလပ်မြို့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းရွှေက နွေစပါးနှင့် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး ဒေသခံတောင်သူ ၄၁ ဦးက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီးနောက် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးအပ်ခဲ့သည်။

ကျိုင်းလပ်မြို့နှင့် ပတ်ဝန်းကျင်ရွာများရှိ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးအပြင် ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးလျက်ရှိရာ ဒေသစားသုံးရန်အပြင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ရည်ရွယ်လျက် ယခု ပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၀/၁၀၈၀ ကျပ် | ၁၁၁၀/၁၁၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၅ ကျပ် | ၁၁၁၅/၁၁၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၇၀/၁၀၂၀ ကျပ် | ၁၀၅၀/၁၀၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၆၀/၁၀၇၀ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၂ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၆ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၉ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၉ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၅၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၄၄၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက် G- Fatt စိုးရိမ်နေ

လူငယ်အဆိုတော် G-fatt ၏ ပထမဦးဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၁ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်း၌ ပြုလုပ်မည်ဖြစ်ပြီး ဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုး၊ ဖြိုးလေး (Snake) တို့ ပါဝင်ကူညီသွားမည်ဖြစ်သည်။ G-Fatt သည် ၎င်း၏ ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက် စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တစ်ယောက်တည်း ဆိုမှာပါ၊ ဒါပေမယ့် featuring အနေနဲ့ ကျွန်တော်နဲ့ ပါဝင်သီဆိုကူညီမယ့်သူတွေကတော့ ကျွန်တော့်သူငယ်ချင်းတွေပါမယ်၊ G-family ပါမယ်၊ Frenzo production က Artists တွေပါမယ်။ ပွဲကို အပိုင်းလေးတွေခွဲပြီးတော့ စီစဉ်ထားပါတယ်၊ DJ နဲ့ ပထမပိုင်းဖျော်ဖြေဖို့ ပြင်ဆင်ထားတယ်။ နောက်ပြီး ကျွန်တော့်သူငယ်ချင်းတွေနဲ့ သီဆိုမယ်၊ ပြီးရင် G-Family၊ Frenzo production တို့ပေါ့၊ တစ်ပွဲလုံးဆိုရင်တော့ အပုဒ် ၃၀ ကျော်လောက်တော့ရှိမယ်၊ သီချင်းတွေကတော့ သူငယ်ချင်းတွေ ရွေးပေးထားတာရော၊ ပရိသတ်တွေ ရွေးပေးတာရော၊ ကျွန်တော်အကြိုက်ဆုံးတွေရောပါမယ်၊ ပထမဆုံး One Man Show ဖြစ်တော့ ပျော်လည်းပျော်တယ်၊ စိတ်လည်းလှုပ်ရှားတယ်၊ စိုးရိမ်မိတာလေးတွေလည်းရှိတယ်၊ ဘာကိုစိုးရိမ်တာလဲဆိုတော့ ချွတ်ယွင်းချက်လေးတစ်ခုခု ရှိမလားဆိုပြီးတော့လေ၊ ပထမဆုံးစလုပ်ရတာဆိုတော့ အတွေ့အကြုံကလည်း မရှိဘူးလေ၊ ကျွန်တော်ကတော့ အကောင်းဆုံး၊ အတတ်နိုင်ဆုံး ကိုယ့်ဘက်က အပြည့်အဝ ပေးဆပ်ချင်တယ်၊ ဖျော်ဖြေချင်တယ်၊ တစ်ခုခုအဆင်မပြေဖြစ်မှာတော့ စိုးရိမ်နေတယ်"ဟု G-Fatt က ပြောသည်။

"မှတ်တိုင်ဖြစ်မလားဆိုတော့ ကျွန်တော်ကတော့ အကောင်းဆုံးလုပ်ထားတယ်၊ ဒီရက်ပိုင်းလည်း ရှိုးပွဲမစခင်အချိန်ပေါ့၊ ၁၀ ရက်လိုသေးတော့ ဘာလိုမလဲဆိုပြီး ဟိုဟာလေးဖြည့် ဒီဟာလေးဖြည့်နဲ့တော့ ထပ်ဖြည့်နေတယ်။ ပထမဆုံးလည်းဖြစ်တော့ ကြိုးစားထားပါတယ်၊ အားစိုက်ထားတယ်၊ ပထမဆုံးပွဲဆိုတော့ အကောင်းဆုံးဖြစ်ချင်တယ်၊ Life & Dance အကအဖွဲ့ပါမယ်၊ Secret Peases ပါမယ်၊ သူတို့အဖွဲ့ကတော့ ကျွန်တော့်ရဲ့သီချင်းတွေမှာ performance လုပ်မှာပါ၊ နန်းဆုကလည်း ဘေးနားကနေ လိုအပ်တာလေးတွေ လုပ်ပေးပါတယ်"ဟုလည်း ပွဲအတွက် စီစဉ်နေမှုများနှင့်ပတ်သက်၍ G-Fatt က ဆက်ပြောသည်။

လက်မှတ်များကို နိုဝင်ဘာ ၄ ရက်မှ စတင်ရောင်းချနေပြီး ဈေးနှုန်းမှာ လက်မှတ်တစ်စောင်ကို ကျပ်တစ်သောင်းဖြစ်ကြောင်း၊ ၄ရက်မှ၁၀ရက်အတွင်း လက်မှတ်ဝယ်သူများအတွက် သီချင်းအသစ်များပါသော Music Video အခွေ ၁၀၀၀ ပြုလုပ်ထားပြီး လက်မှတ်ဝယ်သည့်ဆိုင်တွင် လက်ဆောင်ထုတ် ယူနိုင်ကြောင်း၊ ရှိုးပွဲနေ့တွင်လည်း ပထမဆုံးရောက်လာသည့် ပရိသတ်များအတွက် အမှတ်တရလက်ဆောင်လေးများ စီစဉ်ထားကြောင်း သိရသည်။

"ပွဲကို live လွှင့်ဖို့ကတော့ အခုချိန်ထိ အစီအစဉ်မရှိသေးပါဘူး၊ ဗီဒီယိုပြန်ရိုက်ပြီးတော့ မလာနိုင်တဲ့ ပရိသတ်တွေအတွက် အခွေလေးထုတ်ဖို့တော့ စီစဉ်ထားပါတယ်၊ ဒီပွဲက ဖျော်ဖြေပွဲဆိုတာထက် ကျွန်တော့်ဘဝရဲ့အမှတ်တရနေ့တစ်နေ့ကို ဖန်တီးတယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါက ကျွန်တော်တစ်ယောက်တည်းရဲ့နေ့ မဟုတ်ဘဲ ပရိသတ်တွေရဲ့နေ့လည်း ဖြစ်ပါလိမ့်မယ်။ ၁၁ နာရီ




၁၁ မိနစ်မှာ နာရီကြည့်မိရင် တစ်ယောက်ယောက်ကို သတိရသလို တစ်ယောက်ယောက်က ကိုယ့်ကိုသတိရတယ်ဆိုတဲ့ အယူအဆလို ကျွန်တော့်ပရိသတ်တွေကလည်း ကျွန်တော့်ကို အမြဲတမ်း သတိရနေဖို့အတွက် ၁၁ လပိုင်း ၁၁ ရက်နေ့မှာ လုပ်တာပါ"ဟုလည်း G-Fatt က ဆက်ပြောသည်။

**ကိုလင်း**

# စည်သူလွင်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပမည်

ဂီတသက်တမ်း ၂၃ နှစ်အတွင်း တစ်ကိုယ်တော် တေးစီးရီးခွေများစွာနှင့်အတူ စုံတွဲတေးသီချင်းပေါင်းများစွာဖြင့် အောင်မြင်ခဲ့သည့် အဆိုတော်စည်သူလွင်အနေဖြင့် ၂၀၀၄ ခုနှစ်က ပထမဆုံးတစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်ခဲ့ပြီးနောက် အေးချမ်းမေ၊ တင်ဇာမော်တို့နှင့်တွဲ၍လည်း စုံတွဲဂီတဖျော်ဖြေပွဲများ ပြုလုပ်ခဲ့သည်။ ယခုဆိုလျှင် ပရိသတ်နှင့် လေးနှစ်ကျော်ဝေးကွာနေခဲ့သည့် စည်သူလွင်၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့တာမွေမြို့နယ်ရှိ ရွှေထွဋ်တင် ကွင်း၌ ကျင်းပမည်ဖြစ်ပြီး လက်မှတ်များကို ကျပ်တစ်သိန်း၊ ကျပ်ငါးသောင်း၊ ကျပ်သုံးသောင်း သတ်မှတ်ရောင်းချသွားမည်ဟု သိရသည်။ ထိုပွဲနှင့်ပတ်သက်၍ စည်သူလွင်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး - တစ်ကိုယ်တော်ဖျော်ဖြေပွဲ ဒုတိယအကြိမ် ဖြစ်လာခဲ့တာက။**

ဖြေ - ကျွန်တော်တစ်ကိုယ်တော်ပွဲမလုပ်တာဆို လေးနှစ်ကျော်လောက်ရှိပါပြီ၊ ကြားထဲမှာတော့ စုံတွဲခွေအနေနဲ့တော့ လုပ်ခဲ့တယ်၊ တစ်ကိုယ်တော်ပွဲလုပ်မယ် လုပ်မယ်နဲ့ အခုမှ ဒုတိယမြောက် တစ်ကိုယ်တော်ပွဲကို လုပ်ဖြစ်ခဲ့တာပါ၊ ကျွန်တော့်အနေနဲ့ တစ်ခါလာလည်း ဒီသီချင်း၊ နောက်တစ်ခါလာလည်း ဒီသီချင်းတွေချည်းဖြစ်နေမှာကို အလွန်ကြောက်ပါတယ်၊ ကျွန်တော်တို့ခေတ်တုန်းကဆို ပြန်ဆိုတေးတွေပေါ့၊ အခွေတိုင်းလိုလိုမှာ အမြဲပါဖြစ်ခဲ့တယ်၊ ကျွန်တော် ပြန်ဆိုတဲ့အခါ ပရိသတ်အကြိုက်ကိုရခဲ့ပါတယ်၊ ဒါပေမယ့် တစ်ကိုယ်တော်ပွဲလုပ်တဲ့အခါမှာ အဲဒီသီချင်းတွေထည့်ဆိုတာမရှိခဲ့ပါဘူး၊ အခုတော့ ကိုယ့်ရှေ့က စီနီယာအဆိုတော်ကြီးတွေရဲ့သီချင်းတွေကို လာမယ့်နိုဝင်ဘာ ၁၀ ရက်နေ့ညမှာ ဂုဏ်ပြုတဲ့အနေနဲ့ ပြန်လည်သီဆိုသွားမယ်လို့ စိတ်ကူးလေးရခဲ့တာကနေ ဒီပွဲ ဖြစ်လာခဲ့တာပါ၊ ကိုယ့်ဘဝရဲ့ အစိတ်အပိုင်းလေးတစ်ခုလည်းဖြစ်ခဲ့တဲ့ ပြန်ဆိုတေးလေးတွေကို ဒီပွဲမှာ ပရိသတ်တွေ ပြန်လည်ကြားရမှာမို့ ဒီပွဲနာမည်ကိုတောင် A Part of Me ဆိုပြီး ပေးဖြစ်တာပါ။

**မေး - ဖျော်ဖြေပွဲအတွက် ပြင်ဆင်ထားတာတွေရှိလား၊ သီချင်းပုံစံတွေရော ပြောင်းလဲသွားမှာလား။**

ဖြေ - တေးသီချင်းစုစုပေါင်း ၃၀ ကျော် သီဆိုသွားမှာပါ၊ ဟေမာနေဝင်း၊ ဂျူဝဲလ်တို့နဲ့အတူ အဆိုတော်ကြီး ခုနစ်ယောက်ရဲ့သီချင်းတွေကို ကျွန်တော်ပြန်ဆိုမှာပါ၊ ဒီပွဲက ကျွန်တော့်သီချင်းတွေထက် မူရင်းအဆိုတော်ကြီးတွေရဲ့ သီချင်းတွေကိုပဲ ဆိုမှာပါ၊ ဒီပွဲမှာ မူရင်းအဆိုတော်တွေရဲ့အရသာတွေလည်း ပျောက်မသွားအောင် ကျွန်တော့်အနေနဲ့ သေချာဂရုစိုက်ရပါတယ်၊ အထူးသဖြင့် မိန်းမဆိုးလို သီချင်းမျိုးလေးတွေကို သူ့ရဲ့မူရင်းပုံစံထက် လျော့မသွားသလို ပိုလည်းမပိုအောင် သတိထားမှာပါ၊ တခြားတက်သစ်စအဆိုတော်လေးတွေဆိုလို့ သီချင်းက အတိမ်းအစောင်းဖြစ်ခဲ့ရင် နားလည်လို့ရတယ်လေ၊ ကျွန်တော်တို့ဆိုလို့ မှားသွားရင် ဒါကမဖြစ်သင့်ဘူးဆိုတော့ ကိုယ့်သီချင်းဆိုတာထက် ပိုဂရုစိုက်ရပါတယ်။



**မေး - အဆိုတော်တွေအနေနဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲတွေက သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ပြောကြတယ်။ ကိုစည်သူအတွက်ရော သမိုင်းဖြစ်စေမယ့်အရာတွေရှိခဲ့လား။**

ဖြေ - ကျွန်တော့်အနေနဲ့ ပြောမယ်ဆို ကျွန်တော် ငါးတန်း၊ ခြောက်တန်းကျောင်းသားဘဝကတည်းက အဆိုတော် ဖြစ်ချင်ခဲ့တာပါ၊ အဆိုတော်ဖြစ်ခဲ့ပြန်တော့လည်း ကိုယ့်သီချင်းတွေ ရွေးချယ်တဲ့အခါ ကိုယ့်အတွက်ဆိုတာထက် အများအတွက် ပိုပြီးဦးစားပေးလုပ်ခဲ့တဲ့ စိတ်ကြောင့် ပရိသတ်ရဲ့အားပေးမှုက အတိုင်းမသိရခဲ့တယ်၊ ကိုယ့်ကိုယ်ကိုယ်ပြောတာထက် ပရိသတ်က ဆုံးဖြတ်ပေးမှာပါ၊ ကျွန်တော် ဝါသနာ ရော အသက်မွေးခဲ့တာရောဆိုတော့ ဘဝနဲ့ ဒီအလုပ်က ထပ်တူကျခဲ့ပါတယ်၊ တခြားအလုပ်တွေ ကျွန်တော်ပြောင်းပြီးလုပ်ခဲ့တာမရှိဘူး၊ ဒီဂီတအလုပ်တစ်ခုတည်းကိုပဲ ကျွန်တော်လုပ်ခဲ့တယ်၊ အဲ့တော့ သမိုင်းရှိတာမရှိတာထက် ကိုယ်ချစ်တဲ့ ဒီအလုပ်နဲ့ ပရိသတ်ကိုပဲ ကျွန်တော်အမြဲချစ်နေမှာပါ။

**ကိုလင်း**

# ၁၀၁၄ ရုပ်ရှင်တွင် ရတနာဗိုလ်က ရသလောက်အခန်းကို ကြိုးစားသရုပ်ဆောင်မည်

အနုပညာပျိုးခင်းမှတစ်ဆင့် သရုပ်ဆောင်လောကထဲ ရောက်ရှိလာခဲ့ပြီး ဘောစိရုပ်ရှင်တွင် တက္ကသိုလ်ဂွမ်းပုံ၏တူမအဖြစ်နှင့် ပရိသတ်သတိထားမိလာကာ ကာဗွန်ဒိုင်အောက်ဆိုက်ရုပ်ရှင်တွင် လူသိများလာသည့် ရတနာဗိုလ်က ၁၀၁၄ ဟုအမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားကြီးတွင်လည်း ရသလောက် အခန်းများကို ကြိုးစားသရုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဆိုသည်။

"အခုရိုက်မယ့်ကားကြီးကတော့ ညီမအတွက် တကယ်ကိုကြိုးစားရမယ့် ကားကြီးတစ်ကားပါပဲ၊ ကိုယ့်ထက်ဝါရင့်တဲ့ အနုပညာရှင်ကြီးတွေပါတော့ အထူးသတိထားပြီး ကြိုးစားရမှာပါ၊ ပညာတွေလည်းအများကြီးရမယ့် ကားမျိုးပါ၊ ပြီးတော့ မြန်မာ့သမိုင်းကြောင်းကိုအခြေခံပြီး ရိုက်ကူးတဲ့ ကားတစ်ကားဖြစ်တာမို့ ပိုတာဝန်ကြီးတယ်၊ ညီမ ဒီကားကြီးရဲ့ဇာတ်ညွှန်းကို ဖတ်ခဲ့တဲ့အချိန်မှာ ဇာတ်ကားထဲမှာပါဝင်မယ့် ခမ်းနားမှုတွေက စိတ်ဝင်စားစရာကောင်းတယ်၊ ညီမ ကာရိုက်တာက မြို့မှာ နာမည်ကြီးတဲ့ သူဌေးကြီးတစ်ဦးရဲ့သမီး၊ သရုပ်ဆောင်ဒေါင်းက အရည်းကြီးရဲ့သားတစ်ယောက်၊ သူနဲ့ ညီမက တားဆီးထားတဲ့ကြားက ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ ခေတ်က အရည်းကြီးသာသနာ ထွန်းကားတဲ့ အချိန်ဖြစ်နေတယ်၊ အဲဒီအချိန်မှာ ဗုဒ္ဓဘာသာကိုပဲ ယုံကြည်သက်ဝင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ယုံကြည်ချက်တွေ၊ ခိုင်မာမှုတွေကို ပညာပေးအနေနဲ့ရိုက်မယ့် ကားတစ်ကားပါ"ဟု ရတနာဗိုလ်က ပြောသည်။

မြန်မာ့ရုပ်ရှင်လောကတွင် အရည်အသွေးကောင်းမွန်သောရုပ်ရှင်ဇာတ်ကားများ ပေါ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကာ ထုတ်လုပ်သူများအနေဖြင့်လည်း ဇာတ်အိမ်ခိုင်မာသော ဇာတ်လမ်းကောင်းများ၊ ပရိသတ်ပညာရစေမည့် ကားများကို ထုတ်လုပ်ရိုက်ကူးလာခြင်းနှင့်ပတ်သက်၍လည်း ရတနာဗိုလ်က "အခုနောက်ပိုင်း အလွန်ကောင်းတဲ့ကားတွေတွေ့လို့ အားကျတာတော့အမှန်ပဲ၊ နောက်ထပ် ရုံတင်ပြသမယ့် ကားကြီးတွေ အများကြီးရှိတယ်၊ ကြတ်ဂူ၊ မုန်းစွဲ၊ မီ စတဲ့ကားတွေဆို ရိုက်ထားတာ အလွန်ကောင်းတယ်၊ ကားကြီးတွေပါ၊ ကိုယ်တိုင်မပါဝင်ရပေမယ့် သဘောကျပြီး ကြိုက်တဲ့ ကားကောင်းတွေပါ၊ ညီမအနေနဲ့ဆို ဗီဒီယိုဈေးကွက်က ပျက်သွားတဲ့အခါနဲ့လည်း ကြုံနေရတယ်၊ ရုပ်ရှင်ဘက်မှာဆိုလည်း ညီမတို့က အငယ်တွေဖြစ်နေတာမို့ ကိုယ့်ထက်စီနီယာအစ်မတွေထက်တော့ ပိုအခက်အခဲဖြစ်ရတာပေါ့၊ ဒါပေမယ့်လည်း ကိုယ်က အနုပညာရှင်အဖြစ် ခံယူထားတာဆိုတော့ ကိုယ့်အတွက် ရသလောက်အခန်းကို ကြိုးစားရတာပေါ့၊ ညီမအနေနဲ့ ကိုယ်တိုင်ထုတ်လုပ်ပြီး ရိုက်နိုင်တာမျိုးလည်းမရှိတော့ တတ်နိုင်သမျှ ပရိသတ်လက်ခံနိုင်အောင် ကြိုးစားနေပါတယ်"ဟုလည်း ရတနာဗိုလ်က ဆက်ပြောသည်။

**ကိုလင်း**



## ရန်ကုန်ရှေ့နေအသင်း (၇၅)နှစ်ပြည့် စိန်ရတုသဘင် ရန်ပုံငွေဂီတပွဲတော်ကျင်းပမည်

ရန်ကုန် ရှေ့နေအသင်း၏ (၇၅)နှစ်ပြည့် စိန်ရတုသဘင် ရန်ပုံငွေဂီတပွဲတော်ကို နိုဝင်ဘာ ၁၁ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ရှေ့နေအသင်းဥက္ကဋ္ဌ ဦးချစ်ကိုကိုက "ကျွန်တော်တို့ ရန်ကုန်ရှေ့နေအသင်းဆိုတာ ၁၉၄၃ ခုနှစ်ကတည်းက စတင်ခဲ့တာပါ၊ ဖက်ဆစ်ဂျပန်ခေတ်ကို ဖြတ်ခဲ့ကြရတယ်၊ နောက်တစ်ခါ ဗြိတိသျှအစိုးရပြန်ဝင်လာတော့ ဗြိတိသျှလက်ထက် ဖြတ်သန်းရတယ်၊ နောက် ပထစခေတ် ပြီးသွားတဲ့အခါကျတော့ တော်လှန်ရေးကောင်စီကနေ ပြည်သူ့တရားစီရင်ရေး၊ အဲဒီကနေ တပ်မတော်အစိုးရ၊ အခုနောက်ဆုံး ဒီမိုကရေစီအစိုးရလက်ထက်ရောက်မှပဲ ကျွန်တော်တို့လုပ်ဖြစ်ခဲ့တဲ့ ပထမဆုံး ရန်ကုန်ရှေ့နေအသင်းကြီးရဲ့(၇၅)နှစ်ပြည့် စိန်ရတုပွဲတော် ဖြစ်လာတာပါ၊ အသင်းသူအသင်းသားတွေ အခုဆို ၆၀၀၀ လောက်ရှိပြီ၊ အားလုံးလည်း စုစုစည်းစည်း ဖြစ်ချင်တာကြောင့် ရန်ပုံငွေလည်းရမယ်၊ အထိမ်းအမှတ်လည်းဖြစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဖြစ်တာပါ"ဟု ပြောသည်။

ဂီတဖျော်ဖြေပွဲတွင် ကုံကော်တောမျိုးအောင်၊ ဂျေမောင်မောင်၊ လူမင်း၊ ချစ်ကောင်း၊ ရင်ဂို၊ ဂရေဟမ်၊ ဗညားဟန်၊ နေမင်းအိမ်၊ ဂျူနီယာ ချစ်ကောင်း၊ မေဆွိ၊ ကော်နီ၊ အိမ့်ချစ်၊ အိုင်ရင်းဇင်မာမြင့်၊ အေသင်ချိုဆွေ၊ ပန်းအိဖြူ၊ ပန်းရောင်ခြယ်တို့ ပါဝင်မည်ဖြစ်ပြီး အဆိုတော်များအနေဖြင့် ငွေကြေးမယူဘဲ ခင်မင်မှုအရ လာရောက်ဖျော်ဖြေခြင်းဖြစ်ကြောင်း၊ လက်မှတ်များကို ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၁၀၀၀၀ ဟု သတ်မှတ်ထားပြီး အမှတ်(၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်ရှေ့နေအသင်းတွင် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ ရန်ကုန်ရှေ့နေအသင်းအနေဖြင့် ယခင်က မဂ္ဂဇင်းစာအုပ်များ၊ ပြက္ခဒိန်များပြုလုပ်ပြီး ရန်ပုံငွေ ရှာဖွေခဲ့ကာ ယခုလို ဂီတဖြင့် ရန်ပုံငွေရှာဖွေခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### စပိုက်ဂဲလ်အဖွဲ့ ပြန်လည်စုစည်းပြီး ယူကေတစ်လွှား ဖျော်ဖြေမည်

၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွေတုန်းက အောင်မြင်ခဲ့တဲ့ စပိုက်ဂဲလ်အဖွဲ့ဟာ သူတို့အဖွဲ့ ပြန်လည် ပေါင်းစည်းပြီး လာမယ့် နွေရာသီမှာ ယူကေတစ်လွှား ခြောက်ရက်ကြာ နယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်သွားမှာဖြစ်ပါတယ်လို့ ကြေညာခဲ့ပါတယ်။ မယ်လာနီခရစ်ဟွန်း ၊ မယ်လာနီဘရောင်း၊ ဂျယ်ရီဟော်နာ၊ အီမာဘန်တွန်တို့ဟာ နယ်လှည့် ဖျော်ဖြေပွဲတွေ ပြုလုပ်ဖို့ အဖွဲ့ပြန်လည်ဖွဲ့ခဲ့တာပါ။

ဒါပေမယ့်လည်း စပိုက်ဂဲလ်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဗစ်တိုးရီးယားဘက်ခမ်းကတော့ ဒီအဖွဲ့မှာပြန်လည်ပါဝင်လာနိုင်ဖွယ်ရာ မရှိပါဘူး။ ဗစ်တိုးရီးယားဘက်ခမ်းကတော့ ဖက်ရှင်လိုင်းနဲ့စီးပွားရေးကိုပဲ ဦးစားပေးလုပ်ဆောင်သွားဖို့ရှိတဲ့အတွက် ဒီပွဲမှာပါဝင်နိုင်မှာ မဟုတ်ပါဘူး။ ဗစ်တိုးရီးယားဟာ အဖွဲ့မှာ သူမပါနိုင်ပေမယ့် သူ့ရဲ့သူငယ်ချင်းတွေကို အကောင်းဆုံး အားပေးသွားမယ်လို့ ဆိုပါတယ်။ ၁၉၉၄ ခုနှစ်က ဖွဲ့စည်းခဲ့တဲ့ စပိုက်ဂဲလ်အဖွဲ့ဟာ ကမ္ဘာမှာလူကြိုက်များတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ခဲ့ ပါတယ်။

၁၉၉၈ ခုနှစ်မှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျယ်ရီဟာ အဖွဲ့ကနေထွက်သွားတဲ့နောက် စပိုက်ဂဲလ်အဖွဲ့ဟာ ကျန်အဖွဲ့သားတွေနဲ့ပဲ ရှေ့ဆက်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာတော့ သူတို့အဖွဲ့ကွဲသွားပြီလို့တရားဝင်ကြေညာခဲ့တဲ့အတွက် ကမ္ဘာအနှံ့ကပရိသတ်တွေ ဝမ်းနည်းခဲ့ရပါတယ်။ အဖွဲ့ကွဲသွားပြီး ခုနစ်နှစ်အကြာမှာ စပိုက်ဂဲလ်အဖွဲ့ဟာပြန်လည်စုစည်းပြီး နယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီ နောက် ၂၀၁၂ ခုနှစ်လန်ဒန်အိုလံပစ်မှာလည်း တစ်ကြိမ်ပြန်လည်စုစည်းပြီး တင်ဆက်ခဲ့ကြပါတယ်။ အခုအဖွဲ့ကိုပြန်လည်စုစည်းမယ်ဆိုတဲ့ သတင်းဟာလည်း လန်ဒန်အိုလံပစ်ပွဲအပြီး ၁၀ နှစ်အကြာမှ ပြန်လည်ထွက်ပေါ်လာတဲ့သတင်းပါပဲ။

**ဟယ်လို**



### ဒဲမီလိုဗာတိုတစ်ယောက် အချစ်သစ်တွေ့သွားပြီလား

ဆေးလွန်သွားတဲ့အတွက် ဆေးရုံတက်ခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးစခန်းကို တက်ခဲ့ရတဲ့ ဒဲမီလိုဗာတိုဟာ ထူထောင်ရေးစခန်းက ထွက်ခွင့်ရပြီးတဲ့နောက် ပထမဆုံးအကြိမ်အဖြစ် သူငယ်ချင်းတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အသက် ၂၆ နှစ်အရွယ် ဒဲမီလိုဗာတိုဟာ နိုဝင်ဘာ ၃ ရက်က ဘီဗာလီတောင်ကုန်းက စားသောက်ဆိုင်တစ်ခုမှာသူငယ်ချင်းတွေနဲ့ တွေ့ဆုံခဲ့တာဖြစ်ပြီး ဒဲမီကို ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်နဲ့တွေ့ဆုံနေတာကိုလည်း မြင်တွေ့ရပါတယ်။ ဒဲမီတို့အတွဲဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ ညနေစာစားသောက်နေပြီး လက်ချင်းချိတ်ထားတာကိုလည်း တွေ့ရပါတယ်။ ဒဲမီနဲ့ အဖွဲ့ကျနေတဲ့ အမျိုးသားမိတ်ဆွေဟာ ဟင်နရီအလက်ဇန်းဒါး လီဗီဆိုသူဖြစ်ပြီး အဝတ်အစားဒီဇိုင်နာတစ်ယောက် ဖြစ်တယ်လို့သိရပါတယ်။ ဒဲမီဟာ ပြန်လည်ထူထောင်ရေးစခန်းမှာ ရက်ပေါင်း ၉၀ ကြာနေထိုင်ခဲ့ရတာလည်း ဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးစခန်းမှာ နေရတာနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေကိုတော့ ဒဲမီဟာလူသိရှင်ကြားပြောဆိုတာမျိုး မရှိပါဘူး။ အခုအချိန်ဟာ ကျန်းမာရေးအတွက်ပြန်လည်ကုသရမယ့်အချိန်နဲ့ လမ်းကြောင်းမှန်ပေါ်လျှောက်လှမ်းနိုင်ဖို့ ကြိုးစားနေတဲ့အချိန်ပါပဲလို့ ဒဲမီက သူ့ရဲ့ဆိုရှယ်မီဒီယာမှာရေးသားခဲ့ပါတယ်။ ဒီတော့ ဒဲမီနဲ့ ဟင်နရီတို့ ချစ်နေကြပြီလား၊ သူငယ်ချင်းအဆင့်ပဲလားဆိုတာကိုတော့ ဘယ်သူမှ အတိအကျ မသိရသေးပါဘူး။ **ဟောလီဝုဒ်လိုက်ဖ်**



မြူး

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၄၆)

# ဥပဒေအတွေးနှင့် စာချုပ်များ



**ဦးဟန်ညွှန့် (ဥပဒေ)**

**နိုင်ငံတကာအမြင်**

ဥပဒေအတွေးနှင့် နိုင်ငံတကာအမြင်အကြောင်း ပြီးခဲ့သည့်အပတ်က ကျွန်တော်ရေးခဲ့သည်။ နိုင်ငံတကာအမြင်သည် ဥပဒေအတွေးတွင် မရှိမဖြစ် လိုအပ်သည်။ နိုင်ငံတကာနှင့် ပြောဆိုဆက်ဆံရာတွင်ဖြစ်စေ၊ စာချုပ်ချုပ်ဆိုရာတွင်ဖြစ်စေ နိုင်ငံတကာအမြင်ရှိမှဖြစ်သည်။ ကျယ်ပြန့်သော နိုင်ငံတကာအမြင်ဖြင့်သာ စာချုပ်များ ချုပ်ဆို၊ အောင်မြင်လေ့ရှိပေသည်။




သို့ဖြစ်၍ ဥပဒေအတွေးနှင့် စာချုပ်များ ဆက်စပ်ပုံကို တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

**ဥပဒေအကြံဉာဏ်ပေးရေးဌာန**

ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ဥပဒေအကြံဉာဏ်ပေးရေးဌာန ဖွဲ့စည်းထားရှိသည်။ လုပ်ငန်းတာဝန်များကိုလည်း ခွဲဝေသတ်မှတ်ထားသည်။ ကျွန်တော်တို့ခေတ်နှင့်မတူ။ တစ်မူထူးခြားစွာ တိုးတက်ပြောင်းလဲလာသည်။ ဌာနခွဲအသစ်တွေ တိုးချဲ့ဖွဲ့စည်းလာနိုင်သည်။ ဝန်ထမ်းအင်အားတွေလည်း တိုးပွားလာပေသည်။ နည်းဥပဒေများတွင် ဖော်ပြထားပေသည်။

ဥပဒေအကြံဉာဏ်ပေးရေးဌာနကို အောက်ပါဌာနခွဲများဖြင့် ဖွဲ့စည်းထားရှိသည်-

(က) အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ

(ခ) စီးပွားရေးစာချုပ်စာတမ်းများ ဌာနခွဲ

(ဂ) အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာနခွဲ

**စာချုပ်စာတမ်းများစိစစ်ခြင်း**

ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများက ဥပဒေအကြံဉာဏ်တောင်းခံသည့်အခါ စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(က) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်စာတမ်းများ

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက မြန်မာနိုင်ငံအတွင်း ရုံးဖွင့်လှစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်များ

(ဂ) လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များ

(ဃ) နယ်နိမိတ်သတ်မှတ်ရေး နယ်ခြားဒေသစီမံခန့်ခွဲရေးဆိုင်ရာ စာချုပ်စာတမ်းများ

(င) နှစ်နိုင်ငံ လေကြောင်းပျံသန်းရေး၊ ရေကြောင်းသွားလာရေး၊ ကုန်းလမ်းပို့ဆောင်ရေးစာချုပ်စာတမ်းများ

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာချုပ်စာတမ်းများ

(ဆ) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ စာချုပ်စာတမ်းများ

(ဇ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းက နည်းပညာ၊ ငွေရေးကြေးရေး အကူအညီပေးရေးဆိုင်ရာ စာချုပ်စာတမ်းများ

(ဈ) ပြည်ပနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းက အထောက်အပံ့ပေးသည့် စာချုပ်စာတမ်းများ

(ည) နှစ်နိုင်ငံအကြား ချုပ်ဆိုမည့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့်အခြားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်စာတမ်းများ

(ဋ) စီးပွားရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာ၊ ဆွေးနွေးမှုမှတ်တမ်း၊ သဘောတူညီမှု မှတ်တမ်း၊ အထောက်အပံ့ စီမံကိန်းနှင့်ဆိုင်သော စာချုပ်စာတမ်းနှင့် အခြားစာချုပ်စာတမ်းများ

(ဌ) နည်းဥပဒေခွဲ(က)မှ (ဋ)အထိပါ စာချုပ်စာတမ်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းနှင့် ရပ်စဲခြင်းဆိုင်ရာ စာချုပ်စာတမ်းများ

**အခြေခံ**

ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်စာတမ်းများတွင်ပါဝင်ရန် ဥပဒေအကြံပြုချက်တောင်းခံသည့် ကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံပြီး စိစစ်ရမည်-

(က) အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အင်္ဂါရပ်များဖြစ်သည့် စာချုပ်ဝင်များ၊ ရည်ရွယ်ချက်၊ အမျိုးအစား၊ လုပ်ငန်းစဉ်၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ စာချုပ်၏ ဝိသေသလက္ခဏာ၊ စာချုပ်ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပျက်ပြယ်ခြင်း၊ သက်တမ်းကုန်ဆုံးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပြန်လည်အတည်ပြုခြင်းနှင့် စာချုပ်ပြန်လည်ပေါင်းစည်းခြင်းနှင့် သက်ဆိုင်ရာ ကဏ္ဍများ

(ခ) စာချုပ်တွင် ပါဝင်ခြင်းဖြင့် မည်သည့်အချိန်တွင် စတင်အသက်ဝင်မည်ဖြစ်ခြင်း

(ဂ) စာချုပ်ကို ခြွင်းချက်ပြုခြင်း၊ အတည်ပြုပါဝင်ကြောင်း အကြောင်းကြားခြင်း၊ စာချုပ်အပ်နှံခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း နည်းလမ်းများ

(ဃ) စာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် နည်းလမ်းများနှင့် စာချုပ်မှ နုတ်ထွက်နိုင်သည့် နည်းလမ်းများ

(င) အငြင်းပွားမှု ဖြေရှင်းခြင်းနည်းလမ်းများ

**စိစစ်ရမည့်အချက်များ**

ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် နည်းဥပဒေ ၄၃ ပါ စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အဓိကအားဖြင့် အခြေခံပြီး စိစစ်ရမည်-

(က) စာချုပ်တွင် ပါဝင်ခြင်းဖြင့် အချုပ်အခြာအာဏာကို ထိပါးနိုင်ခြင်းရှိ၊ မရှိ

(ခ) စာချုပ်ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှု ရှိ၊ မရှိ

(ဂ) စာချုပ်တွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းဖွယ်ရာ ရှိ၊ မရှိ

(ဃ) စာချုပ်တွင် ပါဝင်ခြင်းကို အကြောင်းပြု၍ တည်ဆဲဥပဒေများကို ပြင်ဆင်ရန် သော်လည်းကောင်း၊ ဥပဒေအသစ် ပြဋ္ဌာန်းရန်သော်လည်းကောင်း လိုအပ်ခြင်း ရှိ၊ မရှိ

(င) စာချုပ်တွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးရမည့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များ ရှိ၊ မရှိ

(စ) စာချုပ်တွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်အပေါ် ငွေရေးကြေးရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ဖွယ်ရာ ရှိ၊ မရှိ

(ဆ) နှစ်နိုင်ငံ တန်းတူရည်တူရှိမှုအပေါ် အခြေခံထားခြင်း ရှိ၊ မရှိ

(ဇ) နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ခြင်း ရှိ၊ မရှိ

(ဈ) မြန်မာနိုင်ငံသို့ ပေးအပ်မည့် ကျွမ်းကျင်မှုအကူအညီနှင့် အထောက်အပံ့များသည် အနှောင်အဖွဲ့များပါရှိခြင်း ရှိ၊ မရှိ

(ည) စာချုပ်တွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်တွင် အခြားတာဝန်များ တင်ရှိလာနိုင်ခြင်း ရှိ၊ မရှိ

(ဋ) စာချုပ်တွင် ပါဝင်ခြင်းမပြုမီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်ခြင်း ရှိ၊ မရှိ၊ စဉ်းစား၊ သုံးသပ်၊ ချိန်ဆရပေသေးသည်။

**တာဝန်ပေးအပ်မှု**

အကူအညီတောင်းခံမှု၊ တာဝန်ပေးအပ်မှုများအရ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် နိုင်ငံတကာအစည်းအဝေးများ တက်ရောက်ခြင်း၊ နိုင်ငံတော်ကိုယ်စားဆွေးနွေးခြင်း၊ စာတမ်းဖတ်ခြင်း၊ ဥပဒေရေးရာစိစစ်မှုများ ပြုလုပ်ရခြင်းရှိပေသည်။ နိုင်ငံတော်ကိုယ်စား အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ တာဝန်များကိုလည်း အထောက်အကူပြု ပါဝင်ရပေသည်။ ကြီးလေးသော တာဝန်ဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိအဆင့်ဆင့်၏ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်မှု တစ်စိတ်တစ်ဒေသ မျှသာဖြစ်ပါသည်။

(စာချုပ်များအကြောင်းမျှသာ ရှိသေးသည်)

**စေတနာ**

ဥပဒေအတွေးတွေးမိရင်း နိုင်ငံတကာအမြင်အကြောင်း ပါဝင်လာခြင်းပါ။ ၂၀၁၆၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများစာအုပ်မှ သိမှတ်စရာများ၊ ဌာနများ၊ ဌာနခွဲများ၊ ဥပဒေအရာရှိများ၏ အခန်းကဏ္ဍကြီးမားကျယ်ပြန့်ပုံကို တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

**“နိုင်ငံတကာအမြင်သည် ဥပဒေအတွေးတွင် မရှိမဖြစ် လိုအပ်သည်။ နိုင်ငံတကာနှင့် ပြောဆိုဆက်ဆံရာတွင်ဖြစ်စေ၊ စာချုပ်ချုပ်ဆိုရာတွင်ဖြစ်စေ နိုင်ငံတကာအမြင်ရှိမှ ဖြစ်သည်။ ကျယ်ပြန့်သော နိုင်ငံတကာအမြင်ဖြင့်သာ စာချုပ်များချုပ်ဆို၊ အောင်မြင်လေ့ရှိပေသည်”**

# မြန်မာနိုင်ငံ လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(က) **နိုင်ငံခြားလူမွဲမှုခင်း** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် မြီရှင်အားလုံး သို့မဟုတ် အများစု၏ အကျိုးစီးပွားအတွက် လူမွဲခံယူခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေတစ်ရပ်အရ စွဲဆိုသော ကြားဖြတ်မှုခင်း အပါအဝင် တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ မှုခင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပြန်လည်ထူထောင်ရန် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အလို့ငှာ နိုင်ငံခြားတရားရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသည့် မြီစားပိုင်ပစ္စည်းများနှင့် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မှုခင်းများလည်း သက်ဆိုင်စေရမည်။

(ခ) **နိုင်ငံခြားအဓိကလူမွဲမှုခင်း** ဆိုသည်မှာ မြီစား၏အဓိကအကျိုးစီးပွားရှိသည့် နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားလူမွဲမှုခင်းကို ဆိုသည်။

(ဂ) **နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်း** ဆိုသည်မှာ မြီစားက ဆောင်ရွက်နေသည့် ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသော လုပ်ငန်းခွင်တည်ရှိရာနိုင်ငံရှိ နိုင်ငံခြားအဓိကမှုခင်းမဟုတ်သည့် လူမွဲမှုခင်းကို ဆိုသည်။

(ဃ) **နိုင်ငံခြားကိုယ်စားလှယ်** ဆိုသည်မှာ မြီစားပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရေးလုပ်ငန်းအား စီမံခန့်ခွဲရန် သို့မဟုတ် နိုင်ငံခြား လူမွဲမှုခင်းများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ရန် ခန့်အပ်ထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယာယီအားဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလည်း ပါဝင်သည်။

(င) **နိုင်ငံခြားတရားရုံး** ဆိုသည်မှာ နိုင်ငံခြားလူမွဲမှုခင်းကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းကို ဆိုသည်။

(စ) **လုပ်ငန်းခွင်** ဆိုသည်မှာ မြီစားက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို လုပ်သားအင်အားနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်းမဟုတ်သော လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်သည့်နေရာကို ဆိုသည်။

**ဤအပိုင်းနှင့် သက်ဆိုင်ခြင်း**

၃၇၀။ (က) ဤအပိုင်းသည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်-

(၁) နိုင်ငံခြား လူမွဲမှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံခြားတရားရုံး သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်တစ်ဦးက အကူအညီ တောင်းခံလာသည့်ကိစ္စ၊ သို့မဟုတ်

(၂) မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ လူမွဲမှုခင်းနှင့် ပတ်သက်၍ နိုင်ငံခြားတိုင်းပြည်သို့ အကူအညီတောင်းခံသည့်ကိစ္စ၊ သို့မဟုတ်

(၃) မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းတို့ မြီစားတစ်ဦးတည်းအပေါ် အပြိုင်ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ သို့မဟုတ်

(၄) မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ဆောင်ရွက်သည့် လူမွဲမှုခင်းတစ်ရပ်တွင် ပါဝင်ရန် တောင်းဆိုခွင့်ရှိသည့် နိုင်ငံခြား တိုင်းပြည်ရှိမြီရှင် သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားသည့်ကိစ္စ။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များသည် ဘဏ်များ၊ ငွေရေးကြေးရေး လုပ်ငန်း အဖွဲ့အစည်းများ၊ အာမခံလုပ်ငန်းများနှင့် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် မှုခင်းများနှင့် မသက်ဆိုင်စေရ။

**နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာတာဝန်များ**

၃၇၁။ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အခြားနိုင်ငံ သို့မဟုတ် နိုင်ငံများနှင့် ချုပ်ဆိုထားပြီး အာဏာသက်ရောက်သည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်များအရ နိုင်ငံတော်၏တာဝန်နှင့် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များ ဆန့်ကျင်ကွဲလွဲနေလျှင် ထိုအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် အခြားသောသဘောတူညီချက်က လွှမ်းမိုးစေရမည်။

**စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်း**

၃၇၂။ နိုင်ငံခြားလူမွဲမှုခင်းများကို အသိအမှတ်ပြုခြင်း၊ နိုင်ငံခြားတရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စများနှင့် စပ်လျဉ်း၍ ဤအပိုင်းပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှဲအပ်သည့် တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိက ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

**ဤဥပဒေအရ မှတ်ပုံတင်ထားသည့်လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ကြီးကြပ်ရေးကောင်စီအနေဖြင့် နိုင်ငံခြားတိုင်းပြည်တွင် ဆောင်ရွက်ရန်အာဏာ**

၃၇၃။ နိုင်ငံခြားလူမွဲမှုခင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် နိုင်ငံခြား ဥပဒေတွင် ခွင့်ပြုထားသည့်အတိုင်း မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီတို့အား နိုင်ငံခြားလူမွဲမှုခင်းများတွင် ဆောင်ရွက်စေနိုင်သည်။

**အများပြည်သူဆိုင်ရာမူဝါဒအရ ငြင်းဆိုခြင်း**

၃၇၄။ လျှောက်ထားမှုတစ်ရပ်သည် နိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်ကွဲလွဲနေပါက ဤအပိုင်းအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က လွှဲအပ်သည့်တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိသည် အဆိုပါလျှောက်ထားမှုကို ငြင်းဆိုနိုင်သည်။

**အခြားဥပဒေများအရ နောက်ဆက်တွဲအကူအညီများ ထပ်မံပေးခြင်း**

၃၇၅။ နိုင်ငံတော်၏ အခြားတည်ဆဲဥပဒေများအရ နိုင်ငံခြားကိုယ်စားလှယ်အား တရားရုံး သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ကြီးကြပ်ရေးကောင်စီတို့မှ နောက်ဆက်တွဲအကူအညီ ထပ်မံပေးနိုင်သည့်အာဏာကို ဤအပိုင်းအရ ကန့်သတ်ခြင်းမရှိစေရ။

**အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

၃၇၆။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူရာတွင် နိုင်ငံတကာစံနှုန်းများကို သဘောရိုးဖြင့် လိုက်နာဆောင်ရွက်ခြင်းနှင့် ယင်းတို့ကို လက်တွေ့အသုံးချရာတွင် တစ်ပြေးညီဖြစ်စေခြင်းတို့ကို အလေးထားထည့်သွင်း စဉ်းစားရမည်။

**အခန်း (၃)**

**နိုင်ငံခြားကိုယ်စားလှယ်များနှင့် မြီရှင်များ နိုင်ငံတော်ရှိတရားရုံးများသို့ လျှောက်ထားခွင့်၊ တိုက်ရိုက်လျှောက်ထားခွင့်**

၃၇၇။ နိုင်ငံခြားကိုယ်စားလှယ်သည် နိုင်ငံတော်အတွင်းရှိ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခွင့်ရှိသည်။

**စီရင်ပိုင်ခွင့်ကန့်သတ်ခြင်း**

၃၇၈။ နိုင်ငံခြားကိုယ်စားလှယ်က နိုင်ငံတော်အတွင်းရှိ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားသည်ဆိုရုံမျှဖြင့် နိုင်ငံရပ်ခြားရှိ မြီစားပိုင်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းကိစ္စရပ်များအားလုံးသည် ဤလျှောက်ထားမှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ဤဥပဒေအရ လူမွဲမှုခင်းစတင်ရန် နိုင်ငံခြားကိုယ်စားလှယ်က လျှောက်ထားခြင်း**

၃၇၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီလျှင် နိုင်ငံခြားကိုယ်စားလှယ်တစ်ဦးသည် မြန်မာနိုင်ငံ မြီစားပြန်လည်ထူထောင်ရေးနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး ဥပဒေအရ လူမွဲမှုခင်းစတင်ဆောင်ရွက်ရန် လျှောက်ထားခွင့်ရှိသည်။

**ဤဥပဒေအရ လူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ် ပါဝင်ဆောင်ရွက်ခြင်း**

၃၈၀။ နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ မြီစားနှင့်ပတ်သက်သည့် မှုခင်းတွင် နိုင်ငံခြားသားကိုယ်စားလှယ်သည် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**ဤဥပဒေအရ နိုင်ငံခြားမြီရှင်များက လျှောက်ထားခွင့်**

၃၈၁။ (က) ပုဒ်မခွဲ (ခ) အရ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ လူမွဲမှုခင်း တစ်ခုတွင် ပါဝင်သူ သို့မဟုတ် စတင်ဆောင်ရွက်သူ နိုင်ငံခြားမြီရှင်များသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များကဲ့သို့ တန်းတူအခွင့်အရေး ရရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ တောင်းဆိုမှုများ အဆင့်သတ်မှတ်ချက်ကို ထိခိုက်ခြင်း မရှိစေရမည့်အပြင် နိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေးဆိုင်ရာ တောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများအား ငြင်းပယ်ပိုင်ခွင့်ကိုလည်း ထိခိုက်ခြင်း မရှိစေရ။ သို့ရာတွင် အထက်ပါနိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေးဆိုင်ရာ တောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများအပေါ် တောင်းဆိုမှုများမှအပ နိုင်ငံခြားမြီစားတစ်ဦး၏ တောင်းဆိုမှုသည် ဤဥပဒေအရ သတ်မှတ်ထားသည့် ဦးစားပေးမဟုတ်သည့် တောင်းဆိုမှုများအဆင့် သတ်မှတ်ချက်ထက် မနိမ့်စေရ။

**ဤဥပဒေအရ လူမွဲမှုခင်းဆောင်ရွက်ခြင်းကို နိုင်ငံခြားမြီရှင်များသို့ အကြောင်းကြားခြင်း**

၃၈၂။ (က) ဤဥပဒေအရ ဤနိုင်ငံရှိ မြီရှင်များကို အကြောင်းကြားရန်ရှိသည့်အခါတိုင်း ယင်းအကြောင်းကြားစာကို ဤနိုင်ငံတွင် အကြောင်းကြားရန် နေရပ်လိပ်စာမရှိသည့် မြီရှင်များထံသို့လည်း ပေးပို့ရမည်။ နေရပ်လိပ်စာ မသိရှိသေးသော မြီရှင်များထံသို့ အကြောင်းကြားရန်အတွက် တရားရုံးသည် သင့်သည်ထင်မြင်သည့်နည်းလမ်းအတိုင်း ဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ထူးခြားသောအခြေအနေများအရ အခြားသောနည်းလမ်းဖြင့် ပေးပို့ပါက ပို၍သင့်တော်သည်ဟု တရားရုံးက ထင်မြင်ယူဆသည်မှအပ ထိုအကြောင်းကြားစာကို နိုင်ငံခြားမြီရှင် တစ်ဦးချင်းစီထံသို့ ပေးပို့ရမည်။ သို့သော် တရားဝင်တောင်းခံစာ သို့မဟုတ် အခြားအလားတူပုံစံဖြင့် ပေးပို့ရန် လိုအပ်ခြင်း မရှိစေရ။

(ဂ) လူမွဲမှုခင်းစတင်ကြောင်း အကြောင်းကြားစာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) တောင်းဆိုမှုကို လျှောက်ထားရန်အတွက် လုံလောက်သည့် အချိန်ကာလနှင့် လျှောက်ထားရမည့်နေရာကို သတ်မှတ်ပေးရန်၊

(၂) အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ တောင်းဆိုမှုများကို လျှောက်ထားရန် လို/မလို သတ်မှတ်ဖော်ပြရန်၊

(၃) နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့် တရားရုံး၏အမိန့်အရ ယင်းအကြောင်းကြားစာတွင် ထည့်သွင်းဖော်ပြရမည့် အခြားသော လိုအပ်သည့်အချက်အလက်များကို ထည့်သွင်း ဖော်ပြရန်။

**အခန်း(၄)**

**နိုင်ငံခြားလူမွဲမှုခင်းနှင့် သက်သာခွင့်ကို အသိအမှတ်ပြုခြင်း**

**နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုရန် လျှောက်ထားခြင်း**

၃၈၃။ (က) နိုင်ငံခြားလူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခြင်း ခံရသူသည် အဆိုပါမှုခင်းကို အသိအမှတ်ပြုပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) ထိုသို့လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည် -

(၁) နိုင်ငံခြားလူမွဲမှုခင်း စတင်ကြောင်းနှင့် နိုင်ငံခြား ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်းဆုံးဖြတ်ချက် တာဝန်ခံမိတ္တူမှန်၊ သို့မဟုတ်

(၂) နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်းနှင့် နိုင်ငံခြား လူမွဲမှုခင်းဆောင်ရွက်နေကြောင်း အတည်ပြုသည့်နိုင်ငံခြားတရားရုံး၏ အထောက်အထားလက်မှတ်၊

(၃) အပိုဒ်ခွဲ (၁) နှင့် (၂) တွင် ဖော်ပြထားသည့် သက်သေခံအထောက်အထားများ မရှိသည့်အခါ နိုင်ငံခြားကိုယ်စားလှယ် ခန့်အပ်ထားကြောင်းနှင့် နိုင်ငံခြားလူမွဲမှုခင်း ဆောင်ရွက်နေကြောင်း တရားရုံးက လက်ခံနိုင်သည့် အခြားသက်သေခံ အထောက်အထားတစ်ရပ်ရပ်။

(ဂ) အသိအမှတ်ပြုပေးရန်လျှောက်ထားလွှာတွင် နိုင်ငံခြားကိုယ်စားလှယ်က သိရှိထားသည့် မြီစားနှင့် ပတ်သက်သည့် နိုင်ငံခြားလူမွဲမှုခင်း အားလုံးနှင့် သက်ဆိုင်သော ဖော်ပြချက်လည်း ပါဝင်ရမည်။

(ဃ) တရားရုံးသို့ တင်သွင်းသည့် စာရွက်စာတမ်းတိုင်းကို မြန်မာဘာသာ ပြန်ဆိုချက်နှင့်တကွ ပူးတွဲတင်ပြရမည်။

**အသိအမှတ်ပြုခြင်းနှင့်ပတ်သက်သည့် မှတ်ယူရမည့်အချက်များ**

၃၈၄။ (က) ပုဒ်မ ၃၈၃၊ ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်ချက် သို့မဟုတ် အထောက်အထားလက်မှတ်တွင် ဖော်ပြထားသော နိုင်ငံခြားကိုယ်စားလှယ်သည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (ဃ) ပါ နိုင်ငံခြားကိုယ်စားလှယ်ဖြစ်ကြောင်းနှင့် ယင်းတွင်ဖော်ပြထားသော မှုခင်းသည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (က) ပါ နိုင်ငံခြားလူမွဲမှုခင်းဖြစ်ကြောင်း တရားရုံးက မှတ်ယူနိုင်သည်။

(ခ) အသိအမှတ်ပြုပေးရန် လျှောက်လွှာကို ထောက်ခံတင်ပြသည့် စာရွက်စာတမ်းများသည် ဥပဒေနှင့်အညီ ပြုလုပ်ထားသည်ဖြစ်စေ၊ မပြုလုပ်ထားသည်ဖြစ်စေ တရားရုံးသည် စစ်မှန်သည်ဟု မှတ်ယူခွင့်ရှိသည်။

(ဂ) ဆန့်ကျင်ကွဲလွဲသည့် သက်သေခံချက်မရှိပါက မြီစား၏ မှတ်ပုံတင်ထားသည့် ရုံးခန်းတည်နေရာ သို့မဟုတ် တစ်သီးပုဂ္ဂလနှင့်သက်ဆိုင်သည့် လူမွဲမှုခင်းများဖြစ်လျှင် ထိုမြီစား အမှန်တကယ်နေထိုင်ရာ နေရာသည် ၎င်း၏အဓိကအကျိုးစီးပွားရှိရာ နေရာဟု မှတ်ယူရမည်။

**နိုင်ငံခြားတရားစီရင်မှုကို အသိအမှတ်ပြုရန် ဆုံးဖြတ်ချက်**

၃၈၅။ (က) ပုဒ်မ ၃၇၄ နှင့် မဆန့်ကျင်စေဘဲ အောက်ပါအချက်များနှင့် ညီညွတ်လျှင် နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုရမည်-

(၁) နိုင်ငံခြားလူမွဲမှုခင်းသည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (က) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်သည့် မှုခင်းဖြစ်လျှင်၊

(၂) အသိအမှတ်ပြုပေးရန် လျှောက်ထားသည့် နိုင်ငံခြားကိုယ်စားလှယ်သည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (ဃ) အတွင်း ကျရောက်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင်၊

(၃) လျှောက်ထားလွှာသည် ပုဒ်မ ၃၈၃၊ ပုဒ်မခွဲ (ခ) ၏ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင်၊

(၄) လျှောက်ထားလွှာကို ပုဒ်မ ၃၇၂ တွင် ဖော်ပြထားသည့် တရားရုံးသို့ တင်သွင်းခဲ့ပြီးဖြစ်လျှင်။

(ခ) နိုင်ငံခြားလူမွဲမှုခင်းကို အောက်ပါအတိုင်း အသိအမှတ်ပြုရမည်-

(၁) မြီစား၏ အဓိကအကျိုးစီးပွားရှိသည့်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိလျှင် နိုင်ငံခြားအဓိကလူမွဲမှုခင်း၊

(၂) ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (စ) ပါ မြီစား၏ လုပ်ငန်းခွင်တည်ရှိရာ နေရာတွင် ဆောင်ရွက်လျက်ရှိလျှင် နိုင်ငံခြား အဓိကမဟုတ်သည့် လူမွဲမှုခင်း။

(ဂ) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုပေးရန် လျှောက်လွှာကို ဆောလျင်စွာ ဆုံးဖြတ်ပေးရမည်။

(ဃ) အသိအမှတ်ပြုရန် အကြောင်းရင်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသသည် မရှိတော့ကြောင်း သို့မဟုတ် ရပ်စဲသွားကြောင်း ပေါ်ပေါက်လျှင် အဆိုပါအသိအမှတ်ပြုမှုအား ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းကို ပုဒ်မ ၃၈၃၊ ၃၈၄၊ ၃၈၅ နှင့် ၃၈၆ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ခြင်း မရှိစေရ။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**နောက်ဆက်တွဲ အချက်အလက်**

၃၈၆။ နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်အား အသိအမှတ်ပြုပေးရန် စတင်လျှောက်ထားချိန်မှစ၍ အောက်ပါအခြေအနေများ ဖြစ်ပေါ်လျှင် နိုင်ငံခြားကိုယ်စားလှယ်သည် တရားရုံးသို့ ချက်ချင်းတင်ပြရမည် -

(က) အသိအမှတ်ပြုထားသည့် နိုင်ငံခြားလူမွဲမှုခင်း၏ အခြေအနေ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်အား ခန့်ထားမှုအခြေအနေတွင် အဓိကကျသော ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့လျှင်၊

(ခ) အခြားနိုင်ငံခြားလူမွဲမှုခင်းတစ်ခုခုတွင်လည်း ထိုမြီစား ပါဝင်နေကြောင်း နိုင်ငံခြားကိုယ်စားလှယ်က သိရှိလာလျှင်။

**နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုရန် လျှောက်ထားချက်အပေါ် ပေးအပ်နိုင်သည့်သက်သာခွင့်**

၃၈၇။ (က) နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ မြီစားပိုင်ပစ္စည်း သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန် အရေးတကြီးလိုအပ်သည့်အခါ တရားရုံးသည် အသိအမှတ်ပြုပေးရန် လျှောက်လွှာတင်သွင်းချိန်မှစ၍ အဆိုပါလျှောက်လွှာအား ဆုံးဖြတ်ပြီးသည့် အချိန်အထိ အောက်ပါတို့အပါအဝင် ယာယီသက်သာခွင့်ကို ပေးနိုင်သည်-

(၁) မြီစားပိုင်ပစ္စည်းအပေါ် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၂) ပစ္စည်း၏ သဘောသဘာဝအရ ပျက်စီးလွယ်သော သို့မဟုတ် တန်ဖိုးကျလွယ်သော သို့မဟုတ် အခြားနည်းဖြင့် ထိခိုက်ပျက်စီးလွယ်သော ဤနိုင်ငံတွင်ရှိသည့် မြီစားပိုင်ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စီမံခန့်ခွဲရန် သို့မဟုတ် ရောင်းချရန်အတွက် နိုင်ငံခြား ကိုယ်စားလှယ် သို့မဟုတ် တရားရုံးမှ ခန့်အပ်ထားသော အခြားသူ တစ်ဦးထံသို့ အပ်နှံထားခြင်း၊

(၃) ပုဒ်မ ၃၈၉၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (ဆ) တွင် ဖော်ပြထားသည့် သက်သာခွင့်တစ်ရပ်ရပ်။

(ခ) ဤဥပဒေအရ အကြောင်းကြားစာ ပေးပို့ရာတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သည်။

(ဂ) ပေးအပ်ထားသည့် သက်သာခွင့်အား ပုဒ်မ ၃၈၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) အရ ထပ်မံခွင့်ပြုခြင်းမရှိလျှင် အသိအမှတ်ပြုရန် လျှောက်ထားမှုကို ဆုံးဖြတ်ပြီးသည့်အခါ ဤပုဒ်မအရ ခွင့်ပြုထားသည့် သက်သာခွင့်သည် ရပ်စဲစေရမည်။

(ဃ) တောင်းဆိုသည့်သက်သာခွင့်သည် နိုင်ငံခြားအဓိကလူမွဲမှုခင်းအား စီမံခန့်ခွဲရာတွင် အနှောင့်အယှက်ဖြစ်စေလျှင် တရားရုံးသည် ဤပုဒ်မအရ လျှောက်ထားသည့် သက်သာခွင့်ကို ငြင်းပယ်နိုင်သည်။

**နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုခြင်း၏ အကျိုးသက်ရောက်မှုများ**

၃၈၈။ (က) နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ-

(၁) မြီစားပိုင်ပစ္စည်း၊ အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သည့် တစ်သီးပုဂ္ဂလလူမွဲမှုခင်း သို့မဟုတ် တစ်သီးပုဂ္ဂလအရေးယူမှု စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းတို့သည် ဆိုင်းငံ့စေရမည်၊

(၂) မြီစားပိုင်ပစ္စည်းများအပေါ် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့စေရမည်၊

(၃) မြီစားပိုင်ပစ္စည်းတစ်ရပ်ရပ်ကို လွှဲပြောင်းသည့်၊ ကြွေးမြီတာဝန်ဖြစ်စေသည့် သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲသည့် အခွင့်အရေးများသည် ရပ်ဆိုင်းစေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ဆိုင်းငံ့ခြင်းနှင့် ရပ်ဆိုင်းခြင်းတို့အပေါ် ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်းတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း မရှိစေရ။

(ဂ) မြီစားအပေါ် တောင်းဆိုသည့် သက်သာခွင့်အား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အတိုင်းအတာအထိမှအပ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သည် တစ်သီးပုဂ္ဂလ အရေးယူဆောင်ရွက်ရန် သို့မဟုတ် လူမွဲမှုခင်းစတင်ဆောင်ရွက်ရန် အခွင့်အရေးများကို ထိခိုက်ခြင်း မရှိစေရ။

(ဃ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ လူမွဲမှုခင်း စတင်ဆောင်ရွက်ရန် တောင်းဆိုပိုင်ခွင့် အခွင့်အရေး သို့မဟုတ် ယင်းလူမွဲမှုခင်းတွင် တောင်းဆိုမှုတင်သွင်းနိုင်သည့် အခွင့်အရေးကို မထိခိုက်စေရ။

**နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုခြင်းအပေါ် ပေးအပ်သည့် သက်သာခွင့်**

၃၈၉။ (က) နိုင်ငံခြားအဓိကလူမွဲမှုခင်းတွင်ဖြစ်စေ၊ နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းတွင်ဖြစ်စေ မြီစား၏ပစ္စည်း သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန် လိုအပ်လျှင် နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါ သက်သာခွင့်များအပါအဝင် သင့်တော်သည့် သက်သာခွင့်တစ်ရပ်ရပ်ကို ခွင့်ပြုနိုင်သည်-

(၁) ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ထားခြင်း မရှိသေးလျှင် မြီစား၏ပစ္စည်း၊ အခွင့်အရေး၊ တာဝန်၊ တာဝန်ရှိမှုများနှင့် စပ်လျဉ်းသည့် တစ်သီးပုဂ္ဂလအရေးယူ ဆောင်ရွက်မှု သို့မဟုတ် တစ်သီးပုဂ္ဂလ လူမွဲမှုခင်း စတင်စွဲဆိုခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၂) ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ဆိုင်းငံ့ထားခြင်းမရှိသေးသည့် မြီစား၏ပစ္စည်းအပေါ်တွင် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၃) ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ ရပ်ဆိုင်းထားခြင်း မရှိသေးသည့် မြီစား၏ပစ္စည်းတစ်ခုခုကို လွှဲပြောင်းခြင်း၊ ကြွေးမြီတာဝန်ဖြစ်စေခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းကို ရပ်ဆိုင်းခြင်း၊

(၄) သက်သေစစ်မေးရန်နှင့် သက်သေခံချက် ရယူရန် ခွင့်ပြုပေးခြင်း သို့မဟုတ် မြီစား၏ပစ္စည်းများ၊ လုပ်ငန်းကိစ္စရပ်များ၊ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သည့် အချက်အလက်များ လွှဲပြောင်းပေးအပ်ခြင်း၊

(၅) နိုင်ငံတော်အတွင်းရှိ မြီစားပိုင်ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စီမံခန့်ခွဲရန် သို့မဟုတ် ထုခွဲရောင်းချရန်အတွက် နိုင်ငံခြားကိုယ်စားလှယ် သို့မဟုတ် တရားရုံးမှ ခန့်အပ်ထားသော အခြားသူတစ်ဦးထံသို့ အပ်နှံခြင်း၊

(၆) ပုဒ်မ ၃၈၇၊ ပုဒ်မခွဲ (က) ပုဒ်မခွဲ (၁) အရ ခွင့်ပြုထားသည့် ဆိုင်းငံ့ကာလကို တိုးမြှင့်ခြင်း၊

(၇) နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက ဆောင်ရွက်နိုင်သည့် နောက်ဆက်တွဲသက်သာခွင့်ကိုပေးခြင်း။

(ခ) နိုင်ငံခြားအဓိကလူမွဲမှုခင်း သို့မဟုတ် နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါတွင် တရားရုံးသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များ၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးထားသည်ဟု ကျေနပ်ပါက နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ နိုင်ငံတော်အတွင်းရှိ မြီစားပိုင်ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စီမံရန် နိုင်ငံခြားကိုယ်စားလှယ် သို့မဟုတ် တရားရုံးက ခန့်အပ်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးထံသို့ အပ်နှံနိုင်သည်။

(ဂ) နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်း၏ ကိုယ်စားလှယ်အား ဤပုဒ်မအရ သက်သာခွင့်ပေးရာတွင် ထိုလူမွဲမှုခင်းတွင် ဤဥပဒေအရ စီမံခန့်ခွဲသင့်သော လူမွဲပိုင်ပစ္စည်းစာရင်းနှင့် ဆက်စပ်နေသည့် သက်သာခွင့်ဖြစ်ကြောင်း သို့မဟုတ် ထိုမှုခင်းတွင် လိုအပ်သည့် အချက်အလက်များကို စီမံခန့်ခွဲသင့်ကြောင်း တရားရုံးက ကျေနပ်ရမည်။

**မြီရှင်များနှင့် အခြားအကျိုးသက်ဆိုင်သူများအား ကာကွယ်ခြင်း**

၃၉၀။ (က) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ သက်သာခွင့်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်း သို့မဟုတ် ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ သက်သာခွင့်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုရာတွင် တရားရုံးသည် မြီစားအပါအဝင် မြီရှင်များနှင့် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်ပေးထားပြီးဖြစ်ကြောင်း ကျေနပ်ရမည်။

(ခ) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ သက်သာခွင့်တစ်ရပ်ရပ်ကို ခွင့်ပြုရာတွင် တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ပေးအပ်ထားသည့် သက်သာခွင့်အရ အကျိုးထိခိုက်သူ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ ဖြစ်စေ တရားရုံး၏ ဆင်ခြင်တုံတရားအရ ဖြစ်စေ တရားရုံးသည် အဆိုပါသက်သာခွင့်ကို ပြောင်းလဲနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

**မြီရှင်များ၏ အကျိုးနစ်နာပျက်စီးဆုံးရှုံးမှုဖြစ်စေမည့် ဆောင်ရွက်ချက်များကို ရှောင်ရှားရန်ဆောင်ရွက်မှုများ**

၃၉၁။ (က) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ မြီရှင်များ၏ အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများအား အကျိုးသက်ရောက်မှု မရှိစေရန် သို့မဟုတ် ရှောင်ရှားရန် ဤဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက ရရှိနိုင်သော အရေးယူဆောင်ရွက်ခွင့်များကို နိုင်ငံခြားကိုယ်စားလှယ်သည် ရရှိစေရမည်။

(ခ) နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်သည် နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းဖြစ်သည့်ကိစ္စတွင် အရေးယူဆောင်ရွက်ချက်တစ်ရပ်သည် ဤဥပဒေအရ နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်း၌ စီမံခန့်ခွဲရမည့် လူမွဲပိုင် ပစ္စည်းနှင့် ဆက်စပ်နေကြောင်း တရားရုံးက ကျေနပ်ရမည်။

**နိုင်ငံတော်အတွင်းရှိ လူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ်က ဝင်ရောက်ဆောင်ရွက်ခြင်း**

၃၉၂။ နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက နိုင်ငံခြားကိုယ်စားလှယ်သည် မြီစားက အမှုသည်အဖြစ် ပါဝင်သည့် မည်သည့်လူမွဲမှုခင်းတွင်မဆို ပါဝင်ဆောင်ရွက်နိုင်သည်။

**အခန်း (၅)**

**နိုင်ငံခြားတရားရုံးများ၊ နိုင်ငံခြားကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

**နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် နိုင်ငံတော်ရှိတရားရုံးတို့ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း**

၃၉၃။ (က) ပုဒ်မ ၃၇၀ တွင် ဖော်ပြထားသည့်ကိစ္စများ၌ တရားရုံးသည် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် တတ်နိုင်သမျှ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှ တစ်ဆင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) တရားရုံးသည် နိုင်ငံခြားတရားရုံး သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်နှင့် တိုက်ရိုက်ဆက်သွယ်ခွင့် ရှိသကဲ့သို့ လိုအပ်သည့်အကူအညီနှင့် သတင်းအချက်များကို တောင်းခံပိုင်ခွင့်ရှိသည်။

**မှတ်ပုံတင်ထားသည့်လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူနှင့် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း**

၃၉၄။ (က) ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့် ကိစ္စများတွင် မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ယင်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် တတ်နိုင်သမျှ တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့် ကိစ္စများ၌ မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ယင်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

**ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများ**

၃၉၅။ ပုဒ်မ ၃၉၃ နှင့် ပုဒ်မ ၃၉၄ တွင် ဖော်ပြထားသည့် ပူးပေါင်းဆောင်ရွက်မှုကို အောက်ပါသင့်တော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည်-

(က) လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား တရားရုံး၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်စေရန် ခန့်အပ်ခြင်း၊

(ခ) တရားရုံးက သင့်လျော်သည်ဟု ယူဆသည့် နည်းလမ်းများဖြင့် သတင်းအချက်အလက်များကို ဆက်သွယ်ပြောကြားခြင်း၊

(ဂ) မြီစားပိုင်ပစ္စည်းများနှင့် လုပ်ငန်းကိစ္စများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ကြီးကြပ်ရာတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) လူမွဲမှုခင်းများတွင် ပူးပေါင်းဆောင်ရွက်ရာ၌ တရားရုံးများအကြား သဘောတူညီချက်ဖြင့် အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) မြီစားတစ်ဦးတည်းအပေါ်တွင် တစ်ပြိုင်တည်း ဆောင်ရွက်နေသည့် လူမွဲမှုခင်းများ၌ ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုတရားသူကြီးချုပ်က အခါအားလျော်စွာ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း။

**အခန်း(၆)**

**တစ်ပြိုင်တည်း ဆောင်ရွက်နေသည့် လူမွဲမှုခင်းများ**

**နိုင်ငံခြားအဓိကလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် ဤဥပဒေအရ လူမွဲမှုခင်း စတင်ခြင်း**

၃၉၆။ နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုပြီးနောက် နိုင်ငံတော်အတွင်း မြီစားပိုင်ပစ္စည်း ရှိမှသာလျှင် ဤဥပဒေအရ မှုခင်းကို စတင်ဆောင်ရွက်နိုင်သည်။ လူမွဲမှုခင်းသည် နိုင်ငံတော်အတွင်းရှိသည့် မြီစားပိုင်ပစ္စည်းများအပေါ်တွင်သာ သက်ရောက်စေရမည်။ သို့ရာတွင် ဤဥပဒေအရ လူမွဲမှုခင်းအပေါ်တွင် စီမံခန့်ခွဲရမည့် မြီစားပိုင် အခြားပစ္စည်းများအပေါ်တွင် ပုဒ်မ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့် အတိုင်းအတာထိသာ သက်ရောက်စေရမည်။

**ဤဥပဒေအရ ဆောင်ရွက်သည့် လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းအကြား ပူးပေါင်းဆောင်ရွက်ခြင်း**

၃၉၇။ မြီစားတစ်ဦးတည်းအပေါ် ဤဥပဒေအရ လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းတို့ တစ်ပြိုင်တည်းဆောင်ရွက်နေလျှင် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် တရားရုံးသည် ပုဒ်မ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(က) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုပေးရန် လျှောက်ထားသည့် အချိန်တွင် နိုင်ငံတော်အတွင်း၌ လူမွဲမှုခင်းအား စစ်ဆေးဆောင်ရွက်နေပါက-

(၁) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ပေးအပ်သည့် သက်သာခွင့်သည် နိုင်ငံတော်အတွင်းရှိ လူမွဲမှုခင်းနှင့် မဆန့်ကျင်စေရ၊

(၂) နိုင်ငံခြားလူမွဲမှုခင်းအား နိုင်ငံတော်အတွင်း နိုင်ငံခြား အဓိကလူမွဲမှုခင်းအဖြစ် အသိအမှတ်ပြုပါက ပုဒ်မ ၃၈၈ သည် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် သို့မဟုတ် အသိအမှတ်ပြုရန် လျှောက်ထားပြီးနောက် နိုင်ငံတော်အတွင်း၌ လူမွဲမှုခင်းကို စတင်စွဲဆိုလျှင်-

(၁) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ခွင့်ပြုခဲ့သည့် သက်သာခွင့်အား ပြန်လည်သုံးသပ်ရမည်။ ယင်းသက်သာခွင့်သည် နိုင်ငံတော်ရှိ လူမွဲမှုခင်းနှင့် ကိုက်ညီမှုမရှိလျှင် လိုအပ်သလို ပြင်ဆင်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရမည်။

(၂) နိုင်ငံခြားလူမွဲမှုခင်းသည် နိုင်ငံခြားအဓိကလူမွဲမှုခင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ လူမွဲမှုခင်းနှင့် ကိုက်ညီမှုမရှိလျှင် ပုဒ်မ ၃၈၈ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ခြင်းနှင့် ရပ်ဆိုင်းခြင်းအား ပုဒ်မ ၃၈၈ ပုဒ်မခွဲ (ခ) နှင့်အညီ ပြောင်းလဲခြင်းနှင့် ရပ်စဲခြင်း ပြုလုပ်ရမည်။

(ဂ) နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်း၏ ကိုယ်စားလှယ်အား ဤဥပဒေအရ သက်သာခွင့်ပေးခြင်း၊ ယင်းသက်သာခွင့်အား တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုရာတွင် ထိုလူမွဲမှုခင်း၌ ဤဥပဒေအရ စီမံခန့်ခွဲသင့်သော လူမွဲပိုင်ပစ္စည်းစာရင်းနှင့် ဆက်စပ်နေသည့် သက်သာခွင့်ဖြစ်ကြောင်း သို့မဟုတ် ထိုမှုခင်းတွင် လိုအပ်သည့်အချက်အလက်များကို စီမံခန့်ခွဲသင့်ကြောင်း တရားရုံးက ကျေနပ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ယခုဘဏ္ဍာရေးနှစ်အတွင်း ဘက်စုံသုံးယာဉ်တင်ကူးတို့ သုံးစင်း တည်ဆောက်သွားမည်ဟု သိရ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မှ ကုက္ကိုလ်ကျွန်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်ပြေးဆွဲမှုအစီအစဉ်မရှိသော်လည်း ပန်းဆိုးတန်း-ဒလ ခရီးသည်ပို့ဆောင်ရေးနှင့် ဝါးတန်း(ကီလီ)-ဒလ ယာဉ်တင်ကူးတို့ယာဉ်ကို အများပြည်သူ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိရာ ယာဉ်တင်ကူးတို့ပြေးဆွဲမှုကိုလည်း တိုးချဲ့ပြေးဆွဲလျက်ရှိသည်။ ယခုနှစ်ဘတ်ဂျက်တွင် ဘက်စုံသုံးရန်ရည်ရွယ်၍ ယာဉ်တင်ကူးတို့သုံးစင်း တည်ဆောက်မည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သိရသည်။



"ဇက်ရေယာဉ်သုံးစင်း ဒီနှစ်ဘတ်ဂျက်မှာ တည်ဆောက်ခွင့်ရတဲ့အတွက် အပြီးတည်ဆောက်မှာပါ။ တစ်စင်းကို ဘူးသီးတောင်၊ မောင်တောဘက်မှာ သုံးမယ်။ ကျန်နှစ်စင်းကို ရန်ကုန်မှာ ဆောက်လုပ်ရေးတံတားစီမံကိန်းနဲ့ အခြားကဏ္ဍတွေမှာ သုံးမှာဖြစ်တဲ့အတွက် ဘက်စုံသုံးအဖြစ်ရည်ရွယ်ပြီး တည်ဆောက်တာပါ။ မြောင်းမြတံတားမှာ ဇက်တွေကို အသုံးပြုခဲ့ပြီးတော့ လက်ရှိမှာလည်း ဌာနက ပြည်သူတွေ သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်နေပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကိုအောင်(ပို့ဆောင်ရေး)က ပြောသည်။

ရန်ကုန်မြို့တွင် ဝါးတန်း(ကီလီ)မှ ဒလသို့ ယာဉ်တင်ကူးတို့ဖြင့် နံနက် ၆ နာရီမှ ည ၇ နာရီထိ ဆိပ်ကမ်းတစ်ဖက်လျှင် တစ်စင်းစီဖြင့် နှစ်စင်းပြေးဆွဲပေးလျက်ရှိပြီး စက်ဘီးတစ်စီးလျှင် ငွေကျပ် ၁၀၀၊ ၆ တန်မှ ၁၂ တန်ကြား ယာဉ်တစ်စီးလျှင် ငွေကျပ်ခြောက်ထောင်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကာ အောက်တိုဘာ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီထိ အချိန်တိုးချဲ့ပြေးဆွဲရန် အသိပေးထားသော်လည်း နံနက်စောစောတွင် ဖြတ်သန်းသောယာဉ်နည်းသည့်အတွက် နံနက် ၆ နာရီတွင် စတင်ပြေးဆွဲကြောင်း၊ တစ်စင်းလျှင် အခေါက်ရေ ၁၅ ခေါက်စီဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယာဉ်တင်ကူးတို့ပြေးဆွဲစဉ် စက်ပျက်ပါက ပစ္စည်းများကို အစားထိုးပြုပြင်၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ဘက်စုံသုံးကူးတို့ယာဉ်သုံးစင်း တည်ဆောက်ပြီးပါက ဝါးတန်းနှင့် ဒလယာဉ်ကူးတို့ပို့ဆောင်ရေးကဏ္ဍ ပို၍အဆင်ပြေချောမွေ့စေလျက် မြစ်ကူးတံတားတည်ဆောက်ရေးနှင့် ပစ္စည်း၊ လူ၊ ယာဉ်ပို့ဆောင်ရေး ကဏ္ဍ ပို၍အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# နေပြည်တော်ရှိ လက်လုပ်တောင်တောရတွင် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရာဇဌာနီလမ်းမကြီးရှိ လက်လုပ်တောင်တောရတွင် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၄ ရက် ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယခုကျင်းပပြုလုပ်သည့် နေပြည်တော် လက်လုပ်တောင်တောရ၏ ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်တွင် နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီး ဟိုတယ်ဇုန်(၁)ရှိ ဟိုတယ်များမှ ကုသိုလ်ရှင်များ၊ နေပြည်တော် လယ်ဝေးမြို့ နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေးနှင့် နေပြည်တော် ဧရိယာအတွင်းရှိ မြို့နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ဆိုင်ခန်းပေါင်း ၃၇ ခန်းဖြင့် စားသောက်ဖွယ်ရာ အမျိုး ၃၀ ကို ကုသိုလ်ပြုခြင်းဖြစ်ကြောင်းနှင့် နိဗ္ဗာန်ဈေးပွဲတော်တွင် ကုသိုလ်ပြု ကျွေးမွေးလှူဒါန်းသော အလှူရှင်များနှင့် ကြွရောက်လာသည့် ဧည့်ပရိသတ်အပေါင်းတို့ကို နေပြည်တော်ရှိ မြတ်ပါရမီလူမှုကူညီရေးအသင်းမှ အသင်းဝင်များနှင့် နေပြည်တော် မိသားစုပရဟိတအဖွဲ့မှ အသင်းဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အခမ်းအနားအပြီးတွင်လည်း လက်လုပ်တောင်တောရ နိဗ္ဗာန်ဈေးပွဲရှိ ခင်းကျင်းဆောင်ရွက်ထားသည့် ဆိုင်ခန်းခုံများနှင့် အမှိုက်များကို စုပေါင်းရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များ တွေ့ဆုံပွဲ ပြည်မြို့၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရွာဘဲရပ်ကွက် မူယာဝင်ရပ်တွင် တည်ရှိသည့် သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါအခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံအစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ ပြည်ခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၂၁၅၊ ၀၆၇-၇၉၃၇၄၊ ၀၉-၄၂၆၉၇၉၆၄၇ နှင့် ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ဆက်သွယ်၍ အခမဲ့စာရင်းပေးသွင်းနိုင်ပြီး ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်လည်း လျှောက်လွှာများ အခမဲ့ရယူကာ နိုဝင်ဘာ ၁၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ မြန်မာ့အသံချစ်သူများအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် အခမဲ့ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်သည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၃၇၄၊ ၀၉-၄၂၀၇၀၂၇၉၆၊ ၀၉-၄၃၀၈၆၁၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းချီဆရာကြီးဦးသုခ၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ပန်းချီပြပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ပန်းချီဆရာကြီး ဦးသုခ၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ပန်းချီပြပွဲကို ရန်ကုန်မြို့ စထရင်းဟိုတယ်တွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လောကနတ်ပန်းချီခန်းမတွင်လည်း နိုဝင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီ နိုဝင်ဘာ ၁၁ ရက်ဆိုရင် ဆရာကြီး နှစ် ၁၀၀ ပြည့်ပြီပေါ့နော်။ ၁၉၁၈ ခုနှစ်မှာ မွေးတာဆိုတော့လေ။ ဒါပေမယ့် ပြပွဲလုပ်ဖို့ ရွေးတဲ့အခါကျ စထရင်းဟိုတယ်က ၁၁ ရက်နေ့ မရတဲ့အတွက် အနီးစပ်ဆုံး ၁၃ ရက်နေ့ကို လုပ်ရတာ။ မနှစ်ကကန်တော့ပွဲကစပြီး ပန်းချီဆရာတွေ တစ်နှစ်လောက် အချိန်ယူပြီး ကြိုတင်ပြင်ဆင်ရတာပေါ့" ဟု ဆရာကြီး ဦးသုခ ဖောင်ဒေးရှင်းမှ ပန်းချီဆရာ မင်းဝေအောင်က ပြောသည်။

အဆိုပါ ပန်းချီပြပွဲတွင် နိုင်ငံတကာမှ ပန်းချီဆရာ ၅၃ ဦးနှင့် မြန်မာပန်းချီဆရာ ၃၂၃ ဦး စုစုပေါင်း ပန်းချီဆရာ ၃၇၆ ဦး ရေးဆွဲထားသော ပန်းချီကားများကို ပြသမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပန်းချီဆရာကြီး ဦးသုခ ကိုယ်တိုင်ရေးဆွဲထားသော ပန်းချီကား ၁၆ ကားကိုလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာမှ လာရောက်မည့် ပန်းချီဆရာများတွင် အင်္ဂလန်၊ ဂျာမနီ၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများမှ ပန်းချီဆရာများ၏ ပန်းချီလက်ရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပန်းချီဆရာကြီး ဦးသုခကို ရန်ကုန်မြို့တွင် ၁၉၁၈ ခုနှစ်၌ မွေးဖွားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ပန်းချီဆရာ အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်၌ ရန်ကုန်မြို့ ပန်းချီ၊ ပန်းပုကျောင်းတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ အဆိုပါ ကျောင်းမှပင် ကျောင်းအုပ်ကြီး တာဝန်ထမ်းဆောင်ရင်း ၁၉၈၁ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ပထမဦးဆုံး တစ်ကိုယ်တော်ပန်းချီပြပွဲကို New Treasure Art Gallery, Yangon တွင် ကျင်းပခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။



ပန်းချီဆရာ မင်းဝေအောင်



ပန်းချီဆရာကြီး ဦးသုခ ရေးဆွဲထားသော ပန်းချီကား လက်ရာအချို့ကို တွေ့ရစဉ်။

**အေးကေလင်း**
**ဓာတ်ပုံ - ဗလစိုး**

# (၂) ကြိမ်မြောက် ကမ္ဘာ့ဝူရှူးထောက်လှမ်းပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် (၂)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးထောက်လှမ်းပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံ(၁)၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၂) ကြိမ်မြောက် ကမ္ဘာ့ဝူရှူးထောက်လှမ်းပြိုင်ပွဲကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အင်ဒိုနီးရှား၊ ရုရှား၊ ကနေဒါ၊ ပြင်သစ်၊ ကိုရီးယားနှင့် စင်ကာပူ စသည့် နိုင်ငံပေါင်း ၂၀ ကျော်မှ အားကစားသမား ၂၅၀ လာရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားအားကစားနည်း ၁၁ နည်းနှင့် အမျိုးသမီး ကစားနည်း ၁၁ နည်း စုစုပေါင်းပြိုင်ပွဲအမျိုးအစား ၂၂ နည်း ပါဝင်ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက "အခုလို နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ၁၉၉၉ ခုနှစ်က (၂)ကြိမ်မြောက် အရှေ့တောင်အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) မှာ ပထမအကြိမ် ကျင်းပခဲ့ရာမှာ မြန်မာအသင်းက ရွှေ ၁၁ ခု၊ ငွေ ရှစ်ခု၊ ကြေး ၁၀ ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။

"၂၀၀၄ ခုနှစ်က (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁)မှာပဲ ဒုတိယအကြိမ် အိမ်ရှင်အနေနဲ့ လက်ခံကျင်းပခဲ့ရာမှာလည်း မြန်မာအသင်းက ရွှေ သုံးခု၊ ငွေ ငါးခု၊ ကြေး လေးခုနဲ့ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာလည်း မြန်မာအသင်းအနေနဲ့ ရွှေ ငါးခု၊ ငွေ ငါးခု၊ ကြေး ငါးခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အခုပြိုင်ပွဲမှာလည်း မြန်မာဝူရှူးအားကစားသမားတွေဟာ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံကောင်းတွေ ရရှိထားတဲ့အတွက် ယခင်ပြိုင်ပွဲတွေထက် ဆုတံဆိပ်တွေ ပိုရကြလိမ့်မယ်လို့ ယုံကြည်ပြီးသားပါ" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြင်ဦးလွင်မြို့နယ် သရက်ကုန်းကျေးရွာတွင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ၁၁ / ၀ ဒသမ ၄ ကေဗွီ(၁၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၀၆ မိုင် တည်ဆောက်ပြီးစီးသဖြင့် အောက်တိုဘာလ နောက်ဆုံးပတ်က ဓာတ်အားပို့လွှတ်မှုကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မိုးဝေ ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာ့အလင်း

# (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပွဲတော်

**စောကျော်အေး(ပန်းဘဲတန်း)**

**၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့သည် ကရင်ပြည်နယ်နေ့ ဖြစ်ပေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်နယ်ခုနစ်ခုနှင့် တိုင်းဒေသကြီး ခုနစ်ခုဖြင့် ဖွဲ့စည်းထားသည်ဖြစ်ရာ ကရင်၊ မွန်၊ ရှမ်း၊ ပအိုဝ်းနှင့် မြန်မာတိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ကရင်ပြည်နယ်သည် ပြည်နယ်တစ်ခုအဖြစ် ပါဝင်နေပေသည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် မြောက်လတ္တီတွဒ် ၁၅ ဒသမ ၁၅ နှင့် ၁၉ ဒသမ ၅၂ ဒီဂရီအကြား အရှေ့တောင်ဂျီတွဒ် ၉၆ ဒသမ ၁၀ နှင့် ၉၈ ဒသမ ၂၈ ဒီဂရီအကြားတွင် တောင်မှမြောက်သို့ အလျားမိုင် ၃၂၅ မိုင်၊ ရှေ့နောက် အကျယ်မိုင် ၇၀ ဖြင့် မြောက်မှတောင်သို့ ကွေ့ကောက်ရှည်လျားစွာ တည်ရှိပေသည်။**

နယ်နိမိတ်အားဖြင့် ကရင်ပြည်နယ်သည် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် ကယားပြည်နယ်၊ မြောက်ဘက်အဆုံးတွင် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင်ပဲခူးတိုင်းဒေသကြီးနှင့်အနောက်တောင်နှင့် တောင်ဘက်တို့တွင် မွန်ပြည်နယ်နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ဖွဲ့စည်းတည်ထောင်ရာ ကရင်လူမျိုးအများစုနေထိုင်သောဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရေးအတွက် နိုင်ငံခေါင်းဆောင်တို့သည် ပါလီမန်တွင် ထည့်သွင်းစဉ်းစားကြပြီး ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေ ၆၂ အရ ပထမအဆင့်အဖြစ် သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်က ကရင်ပြည်နယ် ဖွဲ့စည်းထူထောင်ရေးအတွက်

(က) ပထမအဆင့်သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန်
(ခ) သံလွင်ခရိုင်နှင့် ဆက်စပ်နေပြီး ကရင်အမျိုးသားအများစု နေထိုင်သော ဒေသများကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းရန်
(ဂ) တိုင်းပြည်အေးချမ်းသာယာ၍ ငြိမ်သက်သည့်အခါ ကရင်ပြည်နယ် နယ်နိမိတ်နှင့်ဆက်စပ်နေသော ဒေသများကို ကရင်ပြည်နယ်အတွင်းသို့ ပါဝင်ရန် ဆန္ဒရှိမရှိ စုံစမ်းရန် စသည့်အဆိုသုံးရပ်ကို နိုင်ငံတော်အစိုးရသို့ တင်သွင်းခဲ့သည်။

ယင်းကော်မရှင်၏ အစီရင်ခံချက်အရ ၁၉၅၂ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေဖြစ်သည့် ၁၉၅၂ ခုနှစ် အက်ဥပဒေအမှတ်(၁၄)အရ သံလွင်ခရိုင်မှ ဖာပွန်မြို့နယ်၊ သထုံခရိုင်မှ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်၊ တောင်ငူခရိုင်မှ သံတောင်မြို့နယ်များကို ကရင်ပြည်နယ်၏ မြို့နယ်များအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

တစ်ဖန် ၁၉၅၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကျိုက္ခမီခရိုင်မှ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များကို ကရင်ပြည်နယ်အတွင်းသို့ ထည့်သွင်းရန် နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာပြီး ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် ကရင်ပြည်နယ် ဦးစီးအဖွဲ့မှ ကော့ကရိတ်ခရိုင်ခွဲအတွင်းရှိ မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ သို့ဖြစ်၍ ကရင်ပြည်နယ်သည် ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်များဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခု ဖြစ်လာခဲ့သည်။ အကျယ်အဝန်းအားဖြင့် ၁၁၀၉၁ စတုရန်းမိုင်ရှိပြီး လူဦးရေအားဖြင့် ၁၉၈၉ ခုနှစ်စာရင်းအရ ၁၀၅၇၅၀၅ ဦး မှီတင်းနေထိုင်လျက်ရှိသည်ဟု သိရသည်။

၁၉၆၃ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးချက်အရ တော်လှန်ရေးကောင်စီနှင့် မူဘိုးကော်ကဆာစောဟန် တာသာမွှေး ဦးဆောင်သော ကရင်တော်လှန်ရေးကောင်စီတို့သည် ကရင်ပြည်နယ်ကို ကော်သူးလေပြည်နယ်အဖြစ် ခေါ်ဝေါ်သတ်မှတ်ရန် သဘောတူညီခဲ့ကြသည်။ သို့ကြောင့် ၁၉၆၄ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီနှင့် ကရင်တော်လှန်ရေးကောင်စီဝန်၏ သဘောတူညီချက် အပိုဒ် ၃ (က)နှင့် ၁၉၆၄ ခုနှစ် ဧပြီလ ၃ ရက်နေ့ ကြေညာချက်အမှတ်(၅၁)တို့အရ ကရင်ပြည်နယ်ကို ကော်သူးလေပြည်နယ်ဟူ၍ ခေါ်တွင်ရန် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

သို့သော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းရေးအတွက်

> **“ကရင်ပြည်နယ်ဖြစ်ပေါ်ရန် ဦးစွာဖန်တီးပေးပြီး မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည်သာမက ကရင်ပြည်နယ်၏ ပဋိသန္ဓေတည်သောနေ့ ဖြစ်သည်က တစ်ကြောင်း ရာသီဥတုအချိန်သမယကိုကြည့်လျှင်လည်း သာယာလှပသော ချိန်ခါဖြစ်သဖြင့် နိုဝင်ဘာလ ၇ ရက်ကိုပင် ကရင်ပြည်နယ်နေ့အဖြစ် အတည်ပြုသတ်မှတ်ခြင်းပင်ဖြစ်”**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူတို့၏ ဆန္ဒသဘောထားရယူရာ ဒေသခံတိုင်းရင်းသားအားလုံးနီးပါးက ကော်သူးလေပြည်နယ်မှ ကရင်ပြည်နယ်ဟူ၍ သတ်မှတ်ခေါ်ဝေါ်ရန် ဆန္ဒပြုခဲ့ကြသဖြင့် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ “ကရင်ပြည်နယ်” ဟူ၍ ပြန်လည်အမည်တွင်လာခဲ့သည်။

ကရင်ပြည်နယ်နေ့ကို သတ်မှတ်ရေးအတွက် ပထမဆုံး သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသော ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်။ ဒုတိယ ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်နှင့် သံတောင်မြို့နယ်များကို ကရင်ပြည်နယ်အဖြစ် တိုးချဲ့သတ်မှတ်သော ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်။ တတိယ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များအား ကရင်ပြည်နယ်အဖြစ် တိုးချဲ့သတ်မှတ်သော ၁၉၅၅ ခုနှစ် ဇူလိုင်လ ၁ ရက် စသည့် အခြေခံနေ့ရက် သုံးရက်ကို အခြေပြု၍ ရွေးချယ်ကြရာ ကရင်ပြည်နယ်ဖြစ်ပေါ်ရန် ဦးစွာဖန်တီးပေးပြီး မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည်သာမက ကရင်ပြည်နယ်၏ ပဋိသန္ဓေ တည်သောနေ့ဖြစ်သည်က တစ်ကြောင်း၊ ရာသီဥတုအချိန်သမယကို ကြည့်လျှင်လည်း သာယာလှပသော ချိန်ခါဖြစ်သဖြင့် နိုဝင်ဘာလ ၇ ရက်ကိုပင် ကရင်ပြည်နယ်နေ့အဖြစ် အတည်ပြုသတ်မှတ်ခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် ကရင်ပြည်နယ်နေ့ပွဲတော် အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ဆင်ယင်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် (၆၃) နှစ်မြောက်ပင် ရောက်ရှိလာပြီး ဖြစ်ပေသည်။ အုပ်ချုပ်ရေးအာဏာရပြီးစ ကရင်ပြည်နယ်၏ အခြေအနေမှာ အဘက်ဘက်မှ ယိုယွင်းပျက်စီးမှုများဖြင့် တည်ရှိခဲ့သော်လည်း ပြည်နယ်အတွင်းရှိ လူမျိုးများအားလုံးသည် လူအားကူညီမှု၊ လုပ်အားကူညီမှု၊ ကျွမ်းကျင်မှုအားကူညီမှု၊ စည်းလုံးညီညွတ်ရေးအား ကူညီမှု၊ ငွေအားကူညီမှုနှင့် စိတ်ဓာတ်အားကူညီမှုတို့ဖြင့် စုပေါင်းညီညွတ်စွာ ကြိုးပမ်းတည်ဆောက်ခဲ့ကြရာ ယနေ့ကရင်ပြည်နယ်၏ အခြေအနေတို့သည် ဖွံ့ဖြိုးတိုးတက်လျက် ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အနာဂတ်ကာလတွင်လည်း ကရင်တိုင်းရင်းသားအပေါင်းတို့သည် အမျိုးသားရေးအမြင်၊ နိုင်ငံရေးအမြင်၊ စည်းရုံးရေးအမြင်များ ကြည်လင်စွာဖြင့် ဆက်လက်ကြိုးပမ်းသွားကြလျက် တိုးတက်ခေတ်မီဖွံ့ဖြိုးသော ပြည်နယ်ကြီးတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း (၆၃) နှစ်မြောက် ကရင်ပြည်နယ်နေ့ကြီးကို ကြိုဆိုတင်ပြရေးသားလိုက်ရပါသတည်း။ ။

## ပွင့်လင်းရာသီအစ တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ သွားရောက်လည်ပတ်သူ များပြား

**တာချီလိတ် နိုဝင်ဘာ ၆**

ယခုနှစ် ပွင့်လင်းရာသီအစတွင် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်းမှလည်းကောင်း၊ ရန်ကုန်-မန္တလေးမြို့တို့မှ မိုင်းဖြတ်၊ ကျိုင်းတုံ၊ တာချီလိတ်သို့ လေကြောင်းလမ်းဖြင့်လည်းကောင်း လာရောက်ကြ၍ တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ သွားရောက်လည်ပတ်ကြသူ များပြားလျက်ရှိနေကြောင်း သိရသည်။



“တာချီလိတ်မြို့ဟာ မြန်မာနိုင်ငံနယ်စပ်ဂိတ်ကနေ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ကို သွားလည်မယ်ဆိုရင် မြန်မာလူဝင်မှုကြီးကြပ်ရေးရုံးမှာ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် လုပ်ရပါတယ်။ မြန်မာငွေကျပ် ၁၀၀၀ ပေးသွင်းရတယ်။ ဒီလက်မှတ်နဲ့ မဲခေါင်မြစ်တံတားကို ကျော်သွားပြီးရင် ထိုင်းဂိတ်ကို ရောက်ပါမယ်။ ထိုင်းဂိတ်မှာ အစစ်ဆေးခံပြီးရင် ထိုင်းဘတ်ငွေ ၂၀ ထပ်သွင်းရတယ်။ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်နဲ့ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှာ တစ်ရက်လည်ပတ်ခွင့်ရပါတယ်။ မယ်ဆိုင်မြို့မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဘုရား၊ မယ်ဆိုင်ဈေး၊ ကော်ဖီဆိုင်တန်း၊ နီးဘုရားနဲ့ ပန်းခြံစတဲ့နေရာတွေကို လည်ပတ်လို့ရပါတယ်”ဟု ခရီးသွားတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထို့အပြင် ထိုင်းနိုင်ငံအတွင်းရှိ ချင်းရိုင်ခရိုင် ချင်းရိုင်မြို့သို့ သွားရောက်လည်ပတ်မည်ဆိုပါက ထိုင်းဘတ်ငွေ ၃၅၀ ကို ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးရုံးသို့ ပေးသွင်းရမည်ဖြစ်ကာ ခွင့်ပြုသက်တမ်းကာလ တစ်နှစ်အထိရရှိမည်ဖြစ်ကြောင်း သိရှိရပြီး ချင်းရိုင်မြို့အတွင်းရှိ Black House(အိမ်မည်း)၊ ဘုရားဖြူဘုရားပြာ၊ ကွမ်ရင်မယ်တော်ကျောင်း၊ လက်ဖက်ခြံ၊ ခြင်္သေ့ရုပ်တုနှင့် မြက်ခင်းပြင်၊ ကျင်းစံရွာရှိ ထိုင်း၊ မြန်မာ၊ လာအို ရွှေတြိဂံနယ်မြေ စသည့်နေရာများသို့ သွားရောက်လည်ပတ်နိုင်ကြောင်း သိရသည်။

တာချီလိတ်မြို့မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ နေ့စဉ်ခရီးသွား ၅၀၀ မှ ၁၀၀၀ ရှိနေပြီး အတွင်းပိုင်းဖြစ်သည့် ချင်းရိုင်မြို့သို့ သွားလာလည်ပတ်သူမှာ နယ်ဖြတ်ကျော်ခနှင့် ကားငှားခဈေး မြင့်မားမှုတို့ကြောင့် နည်းပါးနေသေးကြောင်းလည်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## ဟိုပန်၌ တောင်သူနှီးနှောဖလှယ်ပွဲ ပြုလုပ်

**ဟိုပန် နိုဝင်ဘာ ၆**

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူနှီးနှောဖလှယ်ပွဲကို နိုဝင်ဘာလပထမပတ်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်က လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)နှင့် ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များ၊ ဆောင်ရန်ရှောင်ရန် အချက်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသန်းဝင်းမောင်က ပိုးသတ်ဆေးဥပဒေများအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမြက GAP စနစ်၏ ကောင်းကျိုးများ၊ တောင်သူများသိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများက လယ်ယာမြေတွင် အခြားနည်းလမ်းဖြင့် အသုံးချခွင့်ဆိုင်ရာများ၊ နှစ်ရှည်သီးနှံရော်ဘာအစား ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များရှာဖွေပေးရေး၊ တောင်သူအတွက် အကျိုးရှိမည့် သီးနှံစိုက်ပျိုးနိုင်ရေး၊ ရော်ဘာကြားတွင် စိုက်ပျိုးရန် ဝဥ မျိုးစေ့ရှာဖွေပေးရေး၊ မြေနုကျွန်းရှိ မြေဆီလွှာများကို စမ်းသပ်ပေးရန် ဆွေးနွေးတင်ပြရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## စစ်တွေမြို့နယ်ရှိ သက်ကြီးစာပေသမားများ ပူဇော်ကန်တော့ပွဲ ကျင်းပရေးဆွေးနွေး

**စစ်တွေ နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ အသက် ၇၅ နှစ်အထက် စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ သတင်းစာဆရာများ ပူဇော်ကန်တော့ပွဲကျင်းပနိုင်ရေး စာပေသမားများက အကြံပြုတွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာလပထမပတ်က စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ ဦးကောင်းစံရှီး(ကျွန်းသားငမန်း)က လုပ်သင့်လုပ်ထိုက်သောပွဲဖြစ်ကြောင်း၊ စာပေဝါသနာရှင်များ စုပေါင်း၍ လုပ်သင့်ကြောင်း၊ ငွေရေးကြေးရေးထက် စေတနာကို ဦးစားပေးလုပ်ဆောင်သင့်ကြောင်း ပြောကြားခဲ့ပြီး အဆိုပါပွဲဖြစ်မြောက်ရေးအတွက် နာယကအဖွဲ့ လေးဦး ၊ အလုပ်အမှုဆောင်အဖွဲ့ ၁၇ ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

## ပူတာအို၌ ကလေးသူငယ်အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပူတာအို နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ဝေါလ်ကွန်ဆန်း(မြန်မာ)က ကြီးမှူး၍ ကလေးသူငယ်အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာလပထမပတ်က ပူတာအိုမြို့အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ဥပဒေအရာရှိ ဦးဘရွှေသန်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ၁၉၉၃-ခုနှစ်က ထုတ်ပြန်ထားသော ဥပဒေများအကြောင်းကို အသိပညာပေးဟောပြောပြီး ဆရာ ဆရာမများအနေဖြင့် ကလေးသူငယ်အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာများကို သိရှိပြီး လက်တွေ့နယ်ပယ်တွင် ကလေးသူငယ်များအား လက်ဆင့်ကမ်း မျှဝေပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး ဝေါလ်ကွန်ဆန်း (မြန်မာ) က စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ပြည်သူများအကျိုး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**မြိတ် နိုဝင်ဘာ ၆**

ပြည်သူများ၏ အကျိုးကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ သုံးဦးသုံးဖလှယ် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပိုမိုနီးစပ်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များမှ ဌာနဆိုင်ရာများ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ နိုဝင်ဘာ ၄ ရက်က မြိတ်မြို့ပုလဲရတနာခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲတစ်ခု ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင်ဌေး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေနှင့် ဒေါက်တာလင်းဝေဖြိုးလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **ခိုင်ထူး(ပြန်/ဆက် )**

# ၆-၁၁-၂၀၁၈ရက် မြန်မာ့အလင်းသတင်းစာ၌ ဦးနေဝင်း ၁၀/မလမ(နိုင်) ၁၅၈၁၄၆၏ ညွှန်ကြားချက်ဖြင့် တရားလွှတ်တော်ရှေ့နေ ဦးသန်းစိုး(ထွန်း) ဒေါ်မူယာ ရှေ့နေများအဖွဲ့၏ ရှင်းလင်းအသိပေးကြေညာခြင်းအပေါ် မှန်ကန်မှုမရှိ၍ ဦးမင်းအောင်နှင့်ဒေါ်မာလာတို့မှ အများသိစေရန် ပြန်လည်ထပ်မံရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း(အလယ်)၊ အမှတ် ၁၁၄ရှိ 'ရွှေမ' ဓာတုဗေဒကုန်ကြမ်းရောင်းဝယ်ရေး (Golden Lady) အစိမ်းရောင်ကြွေကြေးချွတ်ဆေးလုပ်ငန်းပိုင်ရှင် ဦးမင်းအောင် ၁၀/မလမ(နိုင်)၁၅၇၆၈၁နှင့် အစ်မဖြစ်သူ ဒေါ်မာလာ ၁၀/မလမ(နိုင်)၁၅၈၁၄၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ထပ်မံ၍ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မော်လမြိုင်မြို့နေ ကွယ်လွန်သူ ဖခင် ဦးသောင်းညွှန့်နှင့်ဒေါ်မရွှေတို့တွင် ကွယ်လွန်ချိန်၌ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်း၊ ထားဝယ်စု၊ ဗဟိုလမ်း၊ အမှတ် ၁၄၂ဟု ခေါ်တွင်သော နှစ် ၉၀မြေငှားဂရန်မြေနှင့် အဆောက်အအုံတစ်လုံးသာ ကျန်ရစ်ခဲ့ခြင်းမဟုတ်ပါ။ ရွှေ့ပြောင်းနိုင်သော ရှေးဟောင်းတန်ဖိုးရှိပစ္စည်းများနှင့် မိခင်ဒေါ်မရွှေ၏ စိန်ရွှေငွေလက်ဝတ်ရတနာပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။ ဒေါ်မရွှေ မကွယ်လွန်မီကပင် မော်လမြိုင်မြို့၏ နှစ် ၉၀ မြေငှားဂရန်အား ဒေါ်မရွှေ ကိုယ်တိုင် ရန်ကုန်မြို့ရှိ လုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သူ ဦးသောမတ်စ်ထံတွင် ပေါင်နှံခဲ့ပြီး စီးပွားရေးလုပ်ကိုင်ခဲ့ပါသည်။ မိဘများဖြစ်သော ဦးသောင်းညွှန့်၊ ဒေါ်မရွှေတို့နှင့် ဦးသောမတ်စ်သည် ခင်မင်ရင်းနှီးသော စီးပွားဖက်မိတ်ဆွေများဖြစ်ကြကြောင်း ဦးနေဝင်းနှင့် ဆရာမ ဒေါ်ဝါဝါဝင်းတို့ အသိပင်ဖြစ်ပါသည်။ ဦးနေဝင်း၏ ၅-၁၁-၂၀၁၈ရက် သတင်းစာကြော်ငြာတွင် မော်လမြိုင်ခြံဂရန်အား ပေါင်နှံခဲ့ခြင်းမရှိဆိုသည့်အချက်မှာ မိဘများနှင့်ကျေးဇူးရှင် ဦးသောမတ်စ်အား များစွာစော်ကားသကဲ့သို့ ဖြစ်နေပါသည်။

ဦးနေဝင်းသည် ကိုယ်ပိုင်စီးပွားရေးမရှိ၊ အလုပ်အကိုင်မရှိ၊ ကိုယ်ပိုင်ဝင်ငွေမရှိ၍ မိခင်ဖြစ်သူ ဒေါ်မရွှေက မန္တလေးမြို့နေ ဦးသောမတ်စ်ပိုင် ၃၅×၃၆ကြား၊ ၈၄-လမ်း SUN စတိုးဓာတုဗေဒနှင့်သဘော်ဆေးရောင်းဝယ်ရေးလုပ်ငန်းတွင် လခစား ဝန်ထမ်းအဖြစ် အပ်နှံခဲ့ပါသည်။ ၆-၁၁-၂၀၁၈ရက် သတင်းစာကြော်ငြာပါအတိုင်း ဦးနေဝင်းတစ်ဦးတည်းက မိမိ၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် ကြိုးပမ်းလုပ်ကိုင် ဖြစ်ထွန်းလာသည့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမဟုတ်ပါ။ ဒေါ်မရွှေ၏ ငွေအရင်းအနှီးများနှင့်အတူ ခြံဂရန်အပါအဝင် တိုးပွားလာသောငွေများဖြင့် ဦးနေဝင်းက 1.1.3.5 ဓာတုဗေဒ ကုန်ကြမ်းပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်းသာဖြစ်ကြောင်း ဦးသောင်းညွှန့်နှင့်ဒေါ်မရွှေတို့၏ မိတ်ဆွေများအားလုံးအသိပင်ဖြစ်ပါသည်။ ဦးနေဝင်းလက်ရှိပိုင်ဆိုင်သော တိုက်ခန်းများ၊ ကွန်ဒိုအိမ်ရာများ၊ မော်တော် ယာဉ်များသည် ဒေါ်မရွှေ၏ ငွေများမှ တိုးပွားလာသောငွေများဖြင့် ခံစားသုံးစွဲနေသော အမွေဆိုင်ပစ္စည်းများဖြစ်ပါသည်။

ဦးမင်းအောင်လက်ရှိနေထိုင်သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၅၅/၁၅၇၊ ငါးလွှာတိုက်ခန်းမှာလည်း မိခင်အမည်ဖြင့် ဝယ်ယူခဲ့သည့်တိုက်ခန်းဖြစ်ပြီး မိခင်ကွယ်လွန်သည့်အခါ ကျန်အမွေဆိုင်များအား အသိမပေးဘဲ ဦးနေဝင်းက ကန်ထရိုက်နှင့်ပူးပေါင်း၍ ၎င်းတစ်ဦးတည်းအမည်ပြောင်းလဲထားသော အမွေဆိုင်တိုက်ခန်းဖြစ်ပါသည်။ မော်လမြိုင်မြို့၊ ပန်းဘဲတန်း၊ ထားဝယ်စု၊ ဗဟိုလမ်း၊ အမှတ် ၁၄၂ဟုခေါ်တွင်သော ခြံနှင့်အိမ်သည် အမွေဆိုင်အိမ်ဖြစ်သော်လည်း အိမ်သော့အပါအဝင် ခြံဂရန်မူရင်းအား ဦးနေဝင်းနှင့် ဒေါ်ဝါဝါဝင်းတို့ နှစ်ဦးတည်းမှသာ ရယူထားပြီး ကျန်အမွေဆိုင်များအား ခွဲဝေပေးခဲ့ခြင်းမရှိပါ။

ကွယ်လွန်သူ မိဘများဖြစ်သော ဦးသောင်းညွှန့်နှင့်ဒေါ်မရွှေနှင့်သားသမီးများမှာလည်း တမီလ်လူမျိုး၊ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြ၍ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းဥပဒေနှင့် တူညီမှုမရှိပါ။ သီးခြားဓလေ့ထုံးတမ်းဥပဒေတစ်ရပ်ဖြစ်ကြောင်းနှင့် ဦးနေဝင်းသည် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း(အထက်)ရှိ တမီလ်ဟိန္ဒူဘုရားကျောင်းတွင် ကွယ်လွန်သူ အစ်ကိုဦးမြင့်စိုးမှာ ဘဏ္ဍာရေးမှူးဖြစ်ပြီး ဦးနေဝင်းမှာ ယခုအချိန်ထိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၏ လက်အောက်ခံဘုရားကျောင်းတွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူနေကြောင်း ဦးနေဝင်းအသိပင်ဖြစ်ပါသည်။ ကွယ်လွန်သူအစ်ကိုဦးမြင့်စိုးနှင့်ဦးမင်းအောင်တို့သည် နှစ်ဦးတည်း စီးပွားတူ လုပ်ကိုင်ခဲ့သော ညီအစ်ကိုအရင်းများဖြစ်ကြောင်း၊ ၂၈လမ်းရှိ မိသားစုများအသိပင်ဖြစ်ပါသည်။ ဦးမြင့်စိုးသည် ၂၀၀၂ခုနှစ်တွင် လက်ထပ်ထားသော အမျိုးသမီးနှင့်ကွာရှင်းခဲ့ကြောင်း၊ ကမ္ဘောဇဘဏ်မှ ငွေချေးယူရာတွင် အိမ်ထောင်မရှိ ကွာရှင်းပြီးကြောင်း ကျမ်းကျိန်လွှာမှာ ယနေ့တိုင်ပင် ကမ္ဘောဇဘဏ်တွင်ရှိပါသည်။

ဦးနေဝင်း၏ မမှန်ကန်သော ညွှန်ကြားချက်များအပေါ် သတင်းစာထည့်သွင်းခဲ့သော ရှေ့နေကြီးများ၏ ကြေညာချက်သည် မှန်ကန်မှုမရှိပါ။ ဦးနေဝင်းနှင့်ဒေါ်ဝါဝါဝင်းတို့မှ မိဘများကျန်ရစ်သော အမွေပုံပစ္စည်းများအား ခွဲဝေပေးခြင်းမရှိသည့်အတွက် ဦးမင်းအောင်နှင့်ဒေါ်မာလာတို့က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ၆-၁၁-၂၀၁၈ရက်၌ တမီလ်၊ ဟိန္ဒူဘာသာဝင်များ၏ ဓလေ့ထုံးတမ်းဥပဒေအတိုင်း အမွေခွဲဝေပေးစေလိုမှုအား စွဲဆိုထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမင်းအောင်** | **ဦးအောင်ခင်(ခ)စိုင်းအောင်ခင် [တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၂၆/၈၆)]** |
| **ဒေါ်မာလာ** | **အမှတ်-၅၀(အေ-၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊** |
| **ဖုန်း-၀၉-၅၁၉၀၃၃၉** | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၂၆၁၄၆၁** |

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန် | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|
| ၁။ | ဒီဇယ်ဆီ၊ ပရီမီယံ ဒီဇယ်ဆီနှင့်ဓာတ်ဆီ (Octane-92) | ၇-၁၁-၂၀၁၈ မှ ၅-၁၂-၂၀၁၈ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၆-၁၂-၂၀၁၈ မွန်းလွဲ ၁ နာရီ |
| ၂။ | စက်ဆီ/ချောဆီများ | ၇- ၁၁-၂၀၁၈ မှ ၁၉-၁၁-၂၀၁၈ ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၂၀-၁၁-၂၀၁၈ မွန်းလွဲ ၁ နာရီ |
| ၃။ | တာယာနှင့်ဘက်ထရီများ | ။ | ။ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ်(ဗိုလ်တထောင်ဘုရားအနောက်ဘက် Toll Gate အနီး)ဆိပ်ကမ်းမြို့နယ်တွင် အထက်ဖော်ပြပါနေ့ရက်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပိုင်ရှင်ကိုယ်တိုင်ခြံရောင်းမည်

(ညှိနှိုင်းဈေး သိန်း-၂၀၀၀)

တရားရိပ်ဖြင့် အေးချမ်းသော လုံခြုံသောပတ်ဝန်းကျင်

၇၈ ပေ×၁၂၄ ပေ (ရေမီးစုံ)

ရွှေဆံတော်ဘုရားအနီး၊ ၅လမ်း၊ တောင်ငူမြို့

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၄၉၂၉၆၊ ၀၉-၄၂၀၇၉၉၇၉**

## အောင်ကမ္ဘာ၊ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေး

ဒဂုံမြို့သစ်၊ တောင်ပိုင်း ဆိပ်ကမ်း

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ

မြေကွက်များဝယ်လိုသည်။ အိမ်အရောက်ငွေချေပေးသည်။

ပွဲခပေးရန်မလိုပါ။

**ဖုန်း-၀၉-၄၃၁၁၈၂၀၀၊ ၄၅၀၀၉၆၁၄၄၊ ၄၅၀၀၉၆၁၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ မပိုလမ်း၊ တိုက်အမှတ်(၄၀/B)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်(၂၅'×၇၀') ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၂၅-၁၁-၂၀၀၀ ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်အရ ဦးစိန်ဝင်း ၁၂/မဂဒ(နိုင်)၀၀၃၆၈၇မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖခင်ဦးစိန်ဝင်းနှင့် မိခင်ဒေါ်ခင်ဝါဝါဇင်တို့ အသီးသီးကွယ်လွန်ခဲ့သဖြင့် မောင်ဖွဲပြည့် ၁၂/စခန(နိုင်)၀၇၁၂၁၉နှင့် မဆုပြည့်(ခ)မဇင်ဇင်အောင် ၁၂/စခန(နိုင်)၀၇၈၄၁၀ တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**

**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## တည်ဆောက်ရေးလုပ်ငန်းသုံးကျောက်များဝယ်ယူရန်နှင့် သယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ)အတွက် လမ်း၊ တံတား၊ ရေမြောင်း၊ ပလက်ဖောင်းနှင့်အဆောက်အအုံ အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးကျောက်မျိုးစုံ ဝယ်ယူခြင်းနှင့် သယ်ယူခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကိုအောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၈

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ၁၃:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြ-လပွတ္တာလမ်းပေါ်ရှိ လပွတ္တာ(ပင်လယ်လေး)တံတားအဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်း/သယ်ယူခြင်းနှင့် စက်ယန္တရားများငှားရမ်းခြင်းတို့အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ(ဒုတိယ)အကြိမ်၊ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူ/ငှားရမ်းလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - | ၈-၁၁-၂၀၁၈ရက် |
| ၂။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၆-၁၂-၂၀၁၈ရက်၊ ၁၅:၀၀နာရီ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၇-၁၂-၂၀၁၈ရက်၊ ၁၃:၀၀နာရီ |
| | **စိစစ်ရွေးချယ်မည့်နေရာ** | - | တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လပွတ္တာ(ပင်လယ်လေး)တံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရှင်းလင်းဆောင်ခန်းမ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြောင်းမြတံတားအသစ်တည်ဆောက်ရေးစီမံကိန်းနှင့် လပွတ္တာ(ပင်လယ်လေး)တံတားအဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ရုံး၌ ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။ တင်သွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၀၂၅၅၃၈၉၄၊ ၀၉-၄၀၀၄၅၂၆၈၈၊ ၀၉-၇၉၁၀၈၉၆၁၈ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**တည်ဆောက်ရေးအဖွဲ့(၁)**

**ဖုန်း-၀၉-၄၀၂၅၅၃၈၉၄၊ ၀၉-၇၉၁၀၈၉၆၁၈၊ ၀၉-၄၀၀၄၅၂၆၈၈**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါခေါ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 2-8(T)/MESC/2018-2019 | အမရပူရမြို့နယ် စွယ်တော်တွင် ၃၃/၁၁ကေဗွီဓာတ်အားခွဲရုံ အသစ်တည်ဆောက်ခြင်း (Turnkey) |
| (ခ) | 2-9(T)/MESC/2018-2019 | မိတ္ထီလာမြို့နယ် ညောင်မြင့်တွင် ၃၃/၁၁ကေဗွီဓာတ်အားခွဲရုံ အသစ်တည်ဆောက်ခြင်း (Turnkey) |
| (ဂ) | 4-2(T)/MESC/2018-2019 | ချမ်းအေးသာစံမြို့နယ်၊ ၃၃/၁၁ကေဗွီ(၂၀)အမ်ဗွီအေ ဝါခင်းကုန်း (၂)ခွဲရုံ အသစ်တည်ဆောက်ခြင်း(မြို့ပြလုပ်ငန်းများ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၁၁-၂၀၁၈ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၇-၁၂-၂၀၁၈ရက် ၁၄:၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**

**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၆၉၁၂၁၊ ၀၂-၄၀၇၃၈၀၁**

## အမည်မှန်

ဦးမင်းထိုက်၏သမီး နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားဟောင်း အုပ်စု၊ စီကောက်ကျေးရွာမှ မဆွေယဉ်ဖြိုး၏ အမည်မှန်မှာ မလှိုင်သဇင်မိုး ဖြစ်ပါကြောင်း။ **မလှိုင်သဇင်မိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇေယျာသီရိမြို့နယ်၊ နန်းဩကျေးရွာနေ ဒေါ်ငွေးရီ ၉/တကန(နိုင်)၁၅၂၁၂၃နှင့် ဒေါ်မြမြမွေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ငွေးရီ(ခ)ဒေါ်မြမြမွေး**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့ အထက(၄) ပဉ္စမတန်း (D)မှ မောင်အောင်မြင့်မိုး၏ ဖခင် ဦးသူရအောင်(ခ)ဦးမောင်တူး ၉/မထလ(နိုင်)၂၇၈၈၄၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသူရအောင်(ခ)ဦးမောင်တူး**

## တောင်းပန်အပ်ပါသည်

ကျွန်တော် ကိုအောင်မြင့်မိုး ၈/ပခက(နိုင်)၁၈၆၄၀၃ မှ မမေမျိုးဦး ၁၃/ကလန(နိုင်)၀၈၀၂၃၄ အား လူမှုကွန်ရက်ပေါ်မှာ မှားယွင်းစွာ တင်ပြမိပါသဖြင့် မမေမျိုးဦးနှင့် မိဘဆွေမျိုးများအား အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ကိုအောင်မြင့်မိုး**

**၈/ပခက(နိုင်)၁၈၆၄၀၃**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ် (၄၁)၊ ဦးပိုင်အမှတ် (၁၈)၊ ဧရိယာ ၀ဒသမ၈၁၇ဧကရှိ မြေကွက်အား ဒေါ်ရွှေချင့် MKA -၀၁၉၉၂၆ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၂၈၈(၃)/(၂၀၀၁-၂၀၀၂)အရ (၁၁-၁၂-၂၀၁၆)ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ရာ အဆိုပါမြေငှားဂရန်အမည်ပေါက်သူ ဒေါ်ရွှေချင့်၏ ခင်ပွန်းဖြစ်သူ ဦးမောင်ဇင်သည် (၃-၄-၁၉၉၅)ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ၎င်း၏သမီးအရင်းဖြစ်သူ ဒေါ်ဇော်အမ်းချူ(ခ)ချိုချိုဇင်ထံသို့ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ (၆-၉-၂၀၁၁)ရက်စွဲပါမှတ်ပုံတင်အမှတ် (၉၇/၂၀၁၁)ဖြင့် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုခဲ့ပြီး ဒေါ်ဇော်အမ်းချူ(ခ)ချိုချိုဇင် ၁၂/လမန(နိုင်)၀၄၉၃၄၇ အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန်(အမည်ပြောင်း)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွေ့အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ ဦးကျော်မိုးလှိုင် အမည်ပေါက်မြေကွက်အမှတ်(၂၇၃၃)ရှိ ပါမစ်မြေအား ဦးမြင့်နိုင်(ဘ)ဦးထွန်းလှ ၉/လဝန(နိုင်)၁၀၉၄၅၃ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင်တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ၁-၁၁-၂၀၁၈ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၀)နှင့် (၄-၁၁-၂၀၁၈)ရက်ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၄တို့တွင် ဦးမင်းအောင်နှင့် ဒေါ်မာလာတို့၏ အများသိစေရန်ကြေညာချက်များအား မမှန်ကန်ကြောင်းရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ တိုးချဲ့ကမ်းနားလမ်း၊ တိုက် ၂/အခန်း(၆)နေ ဒေါ်ဝါဝါဝင်း ၁၀/မလမ(နိုင်)၁၅၈၁၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမင်းအောင်၊ ဒေါ်မာလာတို့၏ မြန်မာ့အလင်းသတင်းစာပါကြေညာချက်များသည် မမှန်ကန်ကြောင်း ဦးမင်းအောင်၊ ဒေါ်မာလာတို့နှင့် အများသိစေရန် အောက်ပါအတိုင်းရှင်းလင်းကြေညာအပ်ပါသည်။

၄-၁၁-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄)ပါ ၎င်းတို့၏ ကြေညာချက်ရှိ မော်လမြိုင်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ထားဝယ်စုရပ်၊ ဗဟိုလမ်း၊ အမှတ် (၁၄)မြေနှင့်အိမ်ဆိုရာတွင် မော်လမြိုင်မြို့၌ပန်းဘဲတန်းမြို့နယ်ဆိုသည်မှာ မရှိပါ။ ပန်းဘဲတန်းရပ်ကွက်သာရှိပါသည်။ အမှတ်(၁၄)ဆိုသည်မှာလည်းမဟုတ်ပါ။ အမှတ်(၁၄၂)ဖြစ်ပါသည်။ ကြော်ငြာမှာအလွဲလွဲအမှားမှားဖြစ်နေသကဲ့သို့ ကြော်ငြာပါအကြောင်းအရာများမှာလည်း အလွဲလွဲ အမှားမှားဖြစ်နေပါသည်။ အခင်းဖြစ်အိမ်တွင် ရွှေ့ပြောင်းနိုင်သည့် ရေးဟောင်းပစ္စည်းတစ်စုံတစ်ရာ မည်သည့်အခါကမှမရှိသကဲ့သို့ ကျွန်ုပ်အမှုသည်မှလည်း မည်သည့်အခါကမှ ထုခွဲရောင်းချခဲ့ခြင်းလည်းမရှိပါ။ ကျွန်ုပ်အမှုသည်မှာ နှစ်ပေါင်း (၃၀)ကျော် ဆရာမလုပ်ငန်းဖြင့် ဂုဏ်သိက္ခာရှိရှိနေခဲ့သူသာဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်အား ရည်ရွယ်ချက်ရှိရှိဂုဏ်သိက္ခာထိပါးစေရန်မဟုတ်မမှန်လုပ်ကြံပြီး သတင်းစာ၌ စွပ်စွဲဖော်ပြခြင်းအတွက် ဦးမင်းအောင်၊ ဒေါ်မာလာတို့နှင့် အားပေးကူညီသူများအားလုံး ဥပဒေအရတာဝန်ရှိပြီး တည်ဆဲဥပဒေများဖြင့် အရေးယူသွားမည်ဖြစ်ပါသည်။

၁-၁၁-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာချက်အားလည်း အောက်ပါအတိုင်းရှင်းလင်းအပ်ပါသည်။

မိဘများဖြစ်သူ ဦးသောင်းညွန့်-ဒေါ်မရွှေတို့သက်ရှိထင်ရှားရှိစဉ်က အိမ်နှင့်မြေဂရန်အား ပေါင်နှံလောက်အောင်မည်သည့်အခါကမှ ငွေကြေးအကျပ်အတည်းမရှိခဲ့ဖူးပါ။ သားသမီးများကို ပေါင်နှံစေခဲ့ခြင်းလည်း မည်သည့်အခါကမှမရှိခဲ့ပါ။ ဒေါ်ဝါဝါဝင်းမှာ ဦးမင်းအောင်၊ ဒေါ်မာလာတို့၏အစ်မကြီးအရင်းတော်စပ်ပြီး မိသားစု၏ရာဇဝင်ကို ပိုမိုသိရှိသူဖြစ်ပါသည်။

မိဘများပိုင်ဆိုင်သော မော်လမြိုင်မြို့၊ ပန်းဘဲတန်း၊ ထားဝယ်စုရပ်၊ ဗဟိုလမ်း၊ အမှတ် (၁၄၂)နေအိမ်နှင့် အိမ်ရာမြေကွက်သည် မိဘများသက်ရှိထင်ရှားရှိစဉ်ကတည်းက ဒေါ်ဝါဝါဝင်းနှင့်အတူနေထိုင်ခဲ့ကြပါသည်။ မိဘများမရှိတော့သည့်အချိန်တွင်လည်း ဒေါ်ဝါဝါဝင်းကသာ အစ်မကြီးအမိရာအနေဖြင့် အိမ်၌ဆက်လက်နေထိုင်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ (ဒေါ်ဝါဝါဝင်းအိမ်ထောင်ကျသွားသည့်အခါတွင်ပင် ၎င်းနေသည့်မြေကို အမွေဆိုင်ပစ္စည်းအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။) ဒေါ်ဝါဝါဝင်းအနေဖြင့် ယင်းအိမ်နှင့်မြေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ နှစ်ပေါင်း (၃၀)ကျော်ရှိပြီး ယနေ့တိုင်ဖြစ်ပါသည်။ အိမ်ကိုအခါအားလျော်စွာ ပြုပြင်ရပြီး ရေလောင်းအိမ်သာ အဝီစိတွင်းနှင့်လျှပ်စစ်မီးကြိုးအသစ်များကိုပြုလုပ်ခဲ့ပါသည်။ မီးခွန်၊ ရေခွန်၊ မြေခွန်၊ အခွန်အခမှန်သမျှကိုလည်း ဒေါ်ဝါဝါဝင်းကသာ နှစ်ပေါင်းများစွာပေးဆောင်ခဲ့ပါသည်။ မောင်တစ်ဦးဖြစ်သူဦးနေဝင်းမှာ မိဘများသက်ရှိထင်ရှားရှိစဉ်ကပင် မိဘမောင်နှမများကိုကျွေးမွေးစောင့်ရှောက်ခဲ့သူဖြစ်ပြီး ဦးမင်းအောင်နေထိုင်သော မြန်မာဂုဏ်ရည်နေအိမ်မှာလည်း ဦးနေဝင်းပိုင်ဆိုင်ပြီး ဦးမင်းအောင်၏ မိသားစုအား မေတ္တာဖြင့်နေခွင့်ပေးထားခဲ့ခြင်းဖြစ်ပါသည်။ ဦးမင်းအောင်မင်္ဂလာဆောင်စဉ်က ဦးနေဝင်းမှအကုန်အကျခံခဲ့ပြီး မိဘနေရာမှ ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ဦးနေဝင်း၏စီးပွားရေးလုပ်ငန်းမှာ ၎င်းကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများသာ ဖြစ်ပါသည်။

'မိဘအမွေဆိုင်ပစ္စည်းကို ဦးနေဝင်းထံသို့ ခွဲဝေပေးရန်ပြောခဲ့သည့်အပေါ် ဦးနေဝင်းဘက်မှ မည်သည့်တုံ့ပြန်မှုမှ မပြုလုပ်ကြောင်း' စွပ်စွဲချက်သည်မှန်ကန်မှုလုံးဝမရှိပါ။ ဦးနေဝင်းနှင့် ဒေါ်ဝါဝါဝင်းတို့သည် ယင်းအိမ်နှင့်မြေကွက်အား အမွေဆိုင်အားလုံးကို ဥပဒေနှင့်အညီခွဲဝေပေးရန် အမြဲတမ်းဆန္ဒပြုခဲ့ကြသူများဖြစ်ပါသည်။ ဒေါ်ဝါဝါဝင်းတို့အနေဖြင့် မိဘပိုင်အမွေဆိုင်ပစ္စည်းဖြစ်သော ယင်းအိမ်နှင့်မြေအား ခွဲဝေယူရန် အမြဲတမ်းငြင်းဆန်ခဲ့သော ဦးမင်းအောင်နှင့်ဒေါ်မာလာတို့အပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုသွားရန်စီစဉ်ဆောင်ရွက်ထားပြီးလည်းဖြစ်ပါသည်။

ဦးမင်းအောင်၊ ဒေါ်မာလာတို့၏ သတင်းစာ၌ ယင်းသို့ကြော်ငြာခြင်းသည် ကွယ်လွန်သူမိဘနှစ်ပါး၏ ဂုဏ်သိက္ခာလည်းထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ၁-၁၁-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ (၂၀)နှင့် ၄-၁၁-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄)ပါ ဦးမင်းအောင်၊ ဒေါ်မာလာတို့၏ ကြေညာချက်သည်မမှန်မကန် ကြော်ငြာခြင်းသာဖြစ်ကြောင်း ဦးမင်းအောင်၊ ဒေါ်မာလာနှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**

**ဒေါ်ဝါဝါဝင်း**

**တိုက်(၂)၊ အခန်း(၆)၊**

**တိုးချဲ့ကမ်းနားလမ်း၊**

**ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနီနီယု B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေနှင့်နိုတာရီပဗ္ဗလစ်**
**စဉ်-၁၄၅၆**
**ဖုန်း-၀၉-၅၃၂၂၈၈၅**

**ဦးဟန်စည်သူ LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၁၁၅၅**
**ဖုန်း-၀၉-၅၃၂၀၄၂၉**

**ဒေါ်သင်းသင်းဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၁၆၂**
**ဖုန်း-၀၉-၂၅၅၈၁၂၂၉၉**

**ဒေါ်သီတာအေး LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၄၇၂**
**ဖုန်း-၀၉-၃၃၉၁၃၃၆၅၊ ၀၉-၉၆၂၈၆၄၅၅၅**

**ရုံးခန်း-အမှတ်(၄၇/ဘီ)၊ကျိုက္ကမီလမ်း၊ဈေးကြိုရပ်၊ မော်လမြိုင်မြို့**

# ကမ္ဘာ့ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲများအတွက် သတင်းစာရှင်းလင်းပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၆**
မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲများအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ Grand Mercure ဟိုတယ်တွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဘိလိယက်အားကစားနည်းသည် မြန်မာနိုင်ငံအတွက် အောင်မြင်မှု အစဉ်အလာရှိပြီး ဆုတံဆိပ်အများအပြားကို ရယူပေးခဲ့သော အားကစားနည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"နိုင်ငံတကာအဆင့်ကို ထိုးဖောက်ပြီးတော့ ကမ္ဘာ့အဆင့်ပြိုင်ပွဲကို ကျင်းပနိုင်တယ်ဆိုတာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တွေထဲမှာ ထူးထူးခြားခြား အနေအထား ဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲကို အောင်မြင်အောင်ကျင်းပနိုင်ဖို့ လိုအပ်တာတွေအားလုံး ပံ့ပိုးပေးသွားမယ့်အပြင် ဆက်ပြီးတော့လဲ လိုအပ်တာတွေ ပံ့ပိုးသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ Grand Mercure ဟိုတယ်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၆ နိုင်ငံမှ အားကစားသမား ၁၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ပြင်ဆင်ခဲ့မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က "ဒီပြိုင်ပွဲဟာ ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့ တာဝန်ခံရတယ်။ တာဝန်ယူရတယ်။ ဒါပေမယ့် ပွဲကနိုင်ငံ့ပွဲ။

စာမျက်နှာ ၁၁ ကော်လံ ၅ ●

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**
ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေပါသည်။
မိုး/ဇလ

## အာဆီယံဖုဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အနိုင်ရ

စာ » ၉

## အမေရိကန်သို့ ဦးတည်လာသည့် ရွှေ့ပြောင်းအခြေချသူ လူအုပ်ကြီး မက္ကဆီကို စီးတီး၌ နားခို

စာ » ၁၄

## အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ထပ်မံဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၆**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်အလွတ်တန်း မြားပစ်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ဆက်လက်ကျင်းပရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်ငါးခု ဆွတ်ခူး ရရှိထားသည်။ တတိယနေ့ပွဲစဉ်များကို မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟ၊ ဒုဥက္ကဋ္ဌ ဦးကျော်ဦး(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန) နှင့် အမှုဆောင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr.Sanguan Kosavinta ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးသည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို Compound အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ ဇင်သူရိန်မှူး၊ ငွေတံဆိပ် နှစ်ခုကို Compound အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ ခက်ခက်တုန်၊

စာမျက်နှာ ၁၁ ကော်လံ ၁ ◆

ရွှေတံဆိပ် ရခဲ့သည့် ဇင်သူရိန်မှူး ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ- စိုးညွန့်





ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းကို အားပေးနေသည့် မြန်မာပရိသတ်များ။ ဓာတ်ပုံ-စိုးညွန့်

## မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့၏ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်လက်မှတ်များ နိုဝင်ဘာ ၇ ရက် စတင်ရောင်းချမည်

**ရန်ကုန် နိုဝင်ဘာ ၆**
၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (က)ပွဲဖြစ်သည့် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားပွဲစဉ်အတွက် ကြိုတင်လက်မှတ်များကို နိုဝင်ဘာ ၇ ရက်တွင် မန္တလေးမြို့၌ စတင်ရောင်းချမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စု(က)၌ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့နှင့် ကျရောက်နေပြီး ကမ္ဘောဒီးယား၊ ဗီယက်နမ် တို့နှင့်ပွဲများကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အိမ်ကွင်းနှစ်ပွဲကို မန္တလေးမြို့၌ တစ်ပွဲ၊ ရန်ကုန်မြို့၌တစ်ပွဲ လက်ခံကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❐



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လကွယ်
၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ ရဲ့ သြဂဲနစ်ဈေးတန်း

ဝေယံဦး



ပြီးခဲ့တဲ့အောက်တိုဘာ ၃၁ ရက်က သြဂဲနစ်ဟင်းသီးဟင်းရွက်တွေ ရောင်းချတဲ့ဈေးတစ်ဈေးကို ရန်ကုန်တိုင်းဒေသကြီး တိုင်းစိုက်ပျိုးရေးဦးစီးဌာနဝင်း ရန်ကုန်နည်းပညာတက္ကသိုလ်ရှေ့မှာ ဈေးတန်းဖွင့်လှစ်ရောင်းချခဲ့ပါတယ်။ ဒါဟာ လူဦးရေ နေထိုင်မှုများပြားတဲ့ ရန်ကုန်မြို့အတွက်တော့ လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးလိုက်တဲ့ ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်။

လူဦးရေ ၆ ဒသမ ၂ သန်းခန့် ရှိနေပြီဖြစ်တဲ့ ရန်ကုန်မြို့နေပြည်သူတွေဟာ အနယ်နယ်အရပ်ရပ်က တင်သွင်းလာတဲ့ စိုက်ပျိုးသီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေကို နေ့စဉ်စားသုံးနေကြရတာမို့ ပိုးသတ်ဆေးနဲ့ ဓာတုကင်းစင်မှုအားနည်းတဲ့ ဟင်းသီးဟင်းရွက်တွေကြောင့် ကျန်းမာရေးထိခိုက်မှုတွေ ကြုံတွေ့နေကြရပါတယ်။ ကျန်းမာတဲ့ ရန်ကုန်မြို့နေ ပြည်သူတွေဖြစ်ဖို့၊ နိုင်ငံတကာအဆင့်မီ စီးပွားရေးမြို့တော်တစ်ခုဖြစ်ဖို့ဆိုတာ အခုလို သြဂဲနစ်စိုက်ပျိုးသီးနှံတွေ ရောင်းချမှု၊ စိုက်ပျိုးထုတ်လုပ်နိုင်မှုလည်း လိုအပ်နေပါတယ်။

“ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ သြဂဲနစ်စနစ်နဲ့ စိုက်ပျိုးမယ့်စိုက်ဧက လေးသောင်းကျော်အထိရောက်အောင် ကြိုးစားဆောင်ရွက်သွားမယ်”လို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော် က သြဂဲနစ်ဈေးတန်းဖွင့်လှစ်တဲ့ အခမ်းအနားမှာ ပြောကြားထားပါတယ်။ ဒီလို စိုက်ပျိုးနိုင်ရင်တော့ သြဂဲနစ်စိုက်ပျိုးသီးနှံတွေဟာ ရန်ကုန်မြို့မှာ လက်ရှိထုတ်လုပ်မှုထက် အများကြီးတိုးတက်လာပြီး ပြည်သူတွေလည်း သြဂဲနစ်သီးနှံတွေ၊ ဟင်းသီးဟင်းရွက်တွေ ဈေးနှုန်းသက်သာစွာနဲ့ စားသုံးလို့ရနိုင်မှာ ဖြစ်ပါတယ်။

**သြဂဲနစ်ဈေးတန်းတွေ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေး**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လက်ရှိအချိန်မှာတော့ သြဂဲနစ်စိုက်ပျိုးမှုဟာ ဧရာဂဏန်းခန့်သာ ရှိနေပါတယ်။ တစ်ဦးချင်းပုဂ္ဂလိက သြဂဲနစ်စိုက်ခင်းတွေ၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိမ်းလန်းသမနဲ့ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်မှာ ဟင်းသီးဟင်းရွက်စိုက်ဧက ၁၀၀ ခန့် ရှိနေပါတယ်။ လက်ရှိ စားသုံးမှုဦးရေဟာ သြဂဲနစ်ဟင်းသီးဟင်းရွက်တွေကို ဦးစားပေးစားသုံးတာများလာနေတာကြောင့် အခုလို သြဂဲနစ်ဈေးတန်းတွေ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်နေပါတယ်။

ရန်ကုန်မြို့မှာဆိုရင် ဓာတုကင်းစင်တဲ့ သြဂဲနစ်ဟင်းသီးဟင်းရွက်တွေကို ဈေးတန်းဖွင့်လှစ်ရောင်းချတာဟာ မြေပဒေသာကျွန်းအတွင်းမှာသာရှိခဲ့ပြီး အခုဆိုရင် ကြို့ကုန်းမှာရှိတဲ့ တိုင်းစိုက်ပျိုးရေးဦးစီးဌာနဝင်းအတွင်းမှာ ထပ်မံဖွင့်လှစ်နိုင်ခဲ့တာဖြစ်ပါတယ်။ တကယ်တော့ သြဂဲနစ်ဟင်းသီးဟင်းရွက်ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်သူတွေဟာ စိုက်ပျိုးစရိတ်၊ ထုတ်လုပ်မှုစရိတ်ကြီးမြင့်တာမို့ ထုတ်ကုန်တွေဟာလည်း အခြားဟင်းသီးဟင်းရွက် သစ်သီးဝလံဈေးနှုန်းတွေထက် ပိုမိုများပြားနေခဲ့ပါတယ်။ ဒါကြောင့် သြဂဲနစ်ဟင်းသီးဟင်းရွက်တွေကို စူပါမားကတ်တွေ၊ ရှော့ပင်းမောတွေနဲ့ စီးတီးမတ်တွေမှာသာ တင်သွင်းရောင်းချခဲ့တာဖြစ်ပြီး ဈေးနှုန်းကြောင့် ဝယ်ယူစားသုံးသူနည်းပါးနေခဲ့ပါတယ်။

ကျန်းမာရေးအတွက် ကောင်းမွန်ပေမယ့် ဈေးနှုန်းကြောင့် ပြည်သူအများစုဝယ်ယူစားသုံးနိုင်မှု နည်းပါးနေတာကို စိုက်ဧကများများစိုက်ပြီး ထွက်ရှိလာတဲ့ ထုတ်ကုန်တွေကို ပြည်သူတွေ လက်လှမ်းမီနိုင်တဲ့ နေရာတွေမှာ သြဂဲနစ်ဈေးတန်းတွေ ဖွင့်လှစ်ရောင်းချနိုင်မယ်ဆိုရင် ပြည်သူတွေလည်း အဆင်ပြေပြီး ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**သြဂဲနစ် စိုက်ပျိုးသီးနှံ ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်**

ဓာတုကင်းစင်၊ ပိုးသတ်ဆေးကင်းစင်တဲ့ သြဂဲနစ်ဟင်းသီးဟင်းရွက်တွေအပေါ် ပြည်သူတွေ စိတ်ဝင်စားမှု တဖြည်းဖြည်းမြင့်တက်လာနေတာမို့ ရန်ကုန်မြို့နေ ပြည်သူတွေအတွက် သြဂဲနစ်စိုက်ပျိုးသီးနှံတွေ ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်နေတာတော့ အမှန်ပါပဲ။ ဒါကြောင့် ရန်ကုန်မြို့မှာ သြဂဲနစ်ဈေးတန်းတွေကို သီတင်းတစ်ပတ်မှာ နေ့စဉ် ဖွင့်လှစ်ရောင်းချနိုင်အောင်တော့ ကြိုးစားပေးရဦးမှာ ဖြစ်ပါတယ်။



**ရန်ကုန်မြို့နေပြည်သူတွေဟာ သြဂဲနစ်သီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေကို ဦးစားပေးစားသုံးမှု များပြားလာရင် စားသုံးသူဈေးကွက်လိုအပ်ချက်အရ စိုက်ပျိုးသူတွေကလည်း သြဂဲနစ်စိုက်ပျိုးမှု၊ ဓာတုကင်းစင်တဲ့ စိုက်ပျိုးမှုကို မလွဲမသွေ ပြောင်းလဲစိုက်ပျိုးရမယ့် အခြေအနေကို တဖြည်းဖြည်းပြောင်းလဲသွားမှာဖြစ်**

ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ၊ ဆိုးဆေးတွေရဲ့ စိုက်ပျိုထုတ်လုပ်ထားတဲ့ ဟင်းသီးဟင်းရွက်တွေရဲ့ဆိုးကျိုးကို ပြည်သူတွေ တဖြည်းဖြည်းသိရှိလာသလို စိုက်ပျိုးထုတ်လုပ်သူတွေကိုလည်း စနစ်တကျ သင်တန်းတွေပေးဖို့၊ ပိုမိုလိုက်နာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးဖို့လည်း လိုအပ်နေပါတယ်။ စိုက်ပျိုးရေးက တာဝန်ရှိသူတွေအနေနဲ့ သြဂဲနစ်စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ တောင်သူတွေကို တွန်းအားပေးမှု၊ ပညာပေးမှု၊ ကူညီပေးမှုတွေ ပြုလုပ်နေပေမယ့် တောင်သူတွေကိုယ်တိုင်ကလည်း စနစ်တကျလိုက်နာနိုင်ဖို့လည်း လိုအပ်နေပါတယ်။

ရန်ကုန်မြို့နေပြည်သူတွေဟာ သြဂဲနစ်သီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေကို ဦးစားပေးစားသုံးမှု များပြားလာရင် စားသုံးသူဈေးကွက်လိုအပ်ချက်အရ စိုက်ပျိုးသူတွေကလည်း သြဂဲနစ်စိုက်ပျိုးမှု၊ ဓာတုကင်းစင်တဲ့ စိုက်ပျိုးမှုကို မလွဲမသွေ ပြောင်းလဲစိုက်ပျိုးရမယ့် အခြေအနေကို တဖြည်းဖြည်းပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဈေးကွက်ဈေးနှုန်း၊ စားသုံးသူတွေရဲ့အနေအထားအရကတော့ အပြန်အလှန်လွန်ဆွဲနေရတဲ့ အခြေအနေရှိနေဆဲပါပဲ။

နိုင်ငံတကာမှာ သြဂဲနစ်သီးနှံစားသုံးမှု အများဆုံးနိုင်ငံတွေကိုကြည့်ရင် အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်နဲ့ တရုတ်နိုင်ငံတွေဖြစ်ပြီး အာရှမှာဆိုရင်တော့ တောင်ကိုရီးယား၊ စင်ကာပူစတဲ့ နိုင်ငံတွေက ဓာတုကင်းစင်တဲ့ သြဂဲနစ်စိုက်ပျိုးသီးနှံ ဟင်းသီးဟင်းရွက်တွေကို အများဆုံးစားသုံးကြတယ်လို့ သုတေသနစစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။

**သြဂဲနစ်စိုက်ပျိုးထုတ်ကုန်ဦးစားပေးရွေးချယ်**

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်က ပြုစုခဲ့တဲ့ စာရင်းတွေအရ တစ်ကမ္ဘာလုံးမှာ သြဂဲနစ်စိုက်ပျိုးထုတ်လုပ်သူ သုံးသန်းခန့်ရှိနေပြီး အများဆုံးက အိန္ဒိယမှာ သြဂဲနစ်စိုက်ပျိုးသူ ၈၃၅၂၀၀ ကျော်၊ ယူဂန္ဒာနိုင်ငံမှာ ၂၁၀၃၅၂ ကျော်နဲ့ မက္ကဆီကိုနိုင်ငံမှာ ၂၁၀၀၀၀ ခန့်ရှိနေတယ်လို့ ဖော်ပြထားပါတယ်။ လက်ရှိအချိန်မှာလည်း တစ်ကမ္ဘာလုံးမှာ သြဂဲနစ်စိုက်ပျိုးထုတ်ကုန်တွေကို စားသုံးသူတွေ ဦးစားပေးရွေးချယ်လာကြပြီ ဖြစ်ပါတယ်။

ဒီလို အခြေအနေမျိုးမှာ ရန်ကုန်မြို့က သြဂဲနစ်ဈေးတန်းတွေ၊ စိုက်ပျိုးထုတ်လုပ်မှုတွေ၊ စားသုံးမှုတွေ ပိုမိုကျယ်ပြန့်လာအောင် ကြိုးစားနေတာဟာ ကောင်းမွန်တဲ့ဆောင်ရွက်မှုဖြစ်ပြီး ပိုမိုတိုးပွားအောင် ဆောင်ကြဉ်းနိုင်ရင်တော့ ဘေးအန္တရာယ်ကင်းပြီး လတ်ဆတ်တဲ့ သြဂဲနစ်ဟင်းသီးဟင်းရွက်တွေဟာ ပြည်သူတွေရဲ့လက်တစ်ကမ်းကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ။

ကြိုတင်ကာကွယ် ရန်ကုန်မီးဘေးအန္တရာယ်



အချပ်ပို(ခ)

မတည်ငြိမ်သော အိမ်ခြံမြေဈေးကွက်နှင့် ရန်ကုန်မြို့နေပြည်သူများ



အချပ်ပို(ဂ)

ရန်ကုန်တစ်ဖက်ကမ်း ပြည်သူများရဲ့ အိပ်မက်စိတ်ကူးဖြစ်သော ဒလမြစ်ကူးတံတား တကယ်ပဲဖော်ဆောင်နိုင်တော့မည်

အချပ်ပို(ဃ)

# ကြိုတင်ကာကွယ် ရန်ကုန်မီးဘေးအန္တရာယ်

■ ထင်ပေါ်ဝင်း

နွေ မိုးဆောင်း သုံးရာသီလုံး ရန်ကုန်သားတို့အပေါ် လွှမ်းမိုးထားသော အသံတစ်သံကား မီးသတ်ကား ဥသြသံပင်ဖြစ်သည်။ စာရေးသူတို့ ငယ်စဉ်ကရုံဖန်ရံခါသာ ကြားရတတ်သော မီးသတ်ကားသံတို့သည် ယခုအခါ အကြိမ်အရေအတွက် တဖြည်းဖြည်းစိပ်လာလျက်ရှိသည်။ အရေးပေါ်မီးလုံးနှင့် ဥသြဆွဲသံတို့ အဆက်မပြတ် အော်မြည်ရင်း မောင်းနှင်နေသော မီးသတ်ကားကိုတွေ့တိုင်း မည်သည့်အရပ်သို့ ဦးတည်လျက်ရှိသည်ကို စိုးရိမ်စွာဖြင့် အစဉ်စူးစမ်းလျက်ရှိကြသည်မှာ ရန်ကုန်သူ ရန်ကုန်သားတို့၏ ဓလေ့စရိုက်တစ်ခုကဲ့သို့ ဖြစ်နေပြီဖြစ်သည်။ လူမှုကွန်ရက်စာမျက်နှာထက်တွင် ဖြစ်စဉ်သတင်းကို ချက်ချင်းတင်လေ့ရှိသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ စွမ်းရည်ကြောင့် အခင်းဖြစ်နေရာကို တစ်ခဏချင်း သိခွင့်ရကြသည်။ မိမိ၏ အသိမိတ်ဆွေ၊ ဆွေမျိုးသားချင်းနေထိုင်ရာ အိမ်အနီးတွင် ဖြစ်ပွားပါက သွားရောက်ကူညီကြသည်။

ထို့ကြောင့်ပင် မိုးလေကင်းလွတ်သည့် ပွင့်လင်းရာသီသို့ဝင်ရောက်လာပြီဖြစ်သည့်အတွက် ရန်ကုန်သူ ရန်ကုန်သားတို့အဖို့ မီးဘေးသတိ၊ မီးဘေးအသိ ရရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

"အခုကတော့ ပွင့်လင်းရာသီပေါ့လေ။ ပွင့်လင်းရာသီမရောက်ခင်ကတည်းက ကျွန်တော်တို့



အသစ်တည်ဆောက်ပြီးစီးခဲ့သည့် ကမာရွတ်မြို့နယ် မီးသတ်စခန်း။

မီးသတ်အနေနဲ့ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတာပေါ့လေ။ အဲဒီဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ဒီအချိန်မှာထပ်ပြီးတော့ အရှိန်အဟုန်မြှင့်ပြီးတော့ ထပ်လုပ်နေတယ်။ ဒီ့အပြင်ကို တစ်အိမ်ကို မီးသတ်ဆေးဘူးတွေထားနိုင်အောင် စည်းရုံးဆောင်ရွက်နေတာတွေရှိတယ်။ နောက်ပြီး အခြေခံကျတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ မီးရဲ့သဘောသဘာဝကိုသိပြီး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ရမယ့်အချက်အလက်တွေကိုသိလာလို့ရှိရင် သူတို့ကနေတစ်ဆင့် မိဘတွေကိုပြန်ပြီး ပြောပြနိုင်အောင် ဟောပြောပေးနေတာတွေရှိတယ်။

**မီးငြိမ်းသတ်နိုင်တဲ့အဆင့်**

"စာသင်ကျောင်းတွေမှာ အခြေပြုပြီး ဟောပြောပွဲတွေ၊ သရုပ်ပြပွဲတွေ နောက်ပြီး ကလေးသူငယ်တွေကအစ မီးသတ်ဆေးဘူးတွေ ကိုင်တွယ်ငြိမ်းသတ်နိုင်တဲ့အဆင့်၊ နောက်မီးသတ်ကို သူတို့စိတ်ဝင်စားလာအောင် မီးသတ်မှာရှိတဲ့ ယာဉ်၊ စက်၊ ပစ္စည်းကိရိယာတွေကို သူတို့ကို လက်တွေ့ကိုင်တွယ်ခိုင်းတာမျိုးတွေ၊ ဝတ်စားဆင်ယင်မှုကအစ မီးသတ်ဝတ်စုံတွေ၊ ရှာဖွေကယ်ဆယ်ရေးဝတ်စုံတွေ စသည်ဖြင့် မီးသတ်အပေါ်မှာ စိတ်ဝင်စားမှုရှိလာအောင်နဲ့ နောက်တစ်ခုက ဗီဒီယိုကလစ်လုပ်နေတာ ရှိတယ်။ ဒီကလေးတွေ စိတ်ဝင်စားမှုရှိလာအောင် လုပ်နေတာလေးတွေရှိတယ်။ ကလေးရဲ့ ပညာအရည်အချင်းပေါ် မူတည်ပြီး သူတို့နားလည်နိုင်မယ့်ဟာမျိုးကို ဆောင်ရွက်နေတာရှိတယ်။

"အဲဒီအပြင် အခုစက်ရုံတွေပေ့ါ။ စက်ရုံအလုပ်ရုံတွေက မီးလောင်မှုဖြစ်ရင် ဆုံးရှုံးမှုများတယ်။ အဲဒီလိုများတဲ့အတွက် စက်ရုံအလုပ်ရုံတွေ မီးဘေးလုံခြုံရေးအတွက် အသေးစိတ်သေချာစစ်ဆေးပြီးတော့ မီးသတ်ပစ္စည်းကိရိယာတွေ ပြည့်ပြည့်စုံစုံထားရှိဖို့၊ နောက်သူတို့ဆီမှာ မီးဘေးလုံခြုံရေးအရာရှိတွေ ခန့်အပ်နိုင်အောင် တွန်းအားပေး ဆောင်ရွက်နေတယ်။ စက်ရုံအလုပ်ရုံတွေဆိုရင် အထူးစီမံချက်တစ်ရပ်ကို ချမှတ်ပြီးတော့ မီးဘေးနဲ့သက်ဆိုင်တဲ့ အကြံဉာဏ်တွေပေးမယ်။ ကြပ်မတ်တာတွေ လုပ်မယ်။ နောက်ဆုံးဆောင်ရွက်မှု မရှိဘူးဆိုရင်တော့ ဆက်လက်ဆောင်ရွက်ရမယ့်အပိုင်းတွေ ဆောင်ရွက်သွားမှာပေ့ါ။

**မီးသတ်ပစ္စည်းကိရိယာဖြည့်တင်း**

"ရန်ကုန်တိုင်းဒေသကြီးထဲက မြို့နယ်အတော်များများမှာတော့ မြို့နယ်မီးသတ်စခန်းရှိတယ်။ နယ်မြေမီးသတ်တွေလည်း ရှိတာပေ့ါ။ ဒီနှစ်မှာလည်း မီးသတ်စခန်း တည်ဆောက်မှာရှိတယ်။ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ မီးသတ်စခန်းတွေကို မွမ်းမံမယ်။ အခုနောက်ပိုင်းမှာ မီးသတ်ကားတွေက ခေတ်မီတဲ့ မီးသတ်ယာဉ်စက်တွေ ရောက်လာပြီ။ နောက်ပိုင်းမှာ ဒီမီးသတ်ကားတွေကို ထိထိရောက်ရောက် အသုံးပြုနိုင်အောင်၊ ပျက်စီးဆုံးရှုံးမှုနည်းအောင် ရည်ရွယ်ပြီး တည်ဆောက်နေတယ်ပေ့ါလေ။ ဒီနှစ်ထဲမှာစခန်းတွေကော လိုင်းခန်းတွေကောဆိုရင် ၂၂ ခု တင်ဒါခေါ်ထားတာရှိတယ်။ ဒ့ါအပြင် မီးသတ်ပစ္စည်းကိရိယာတွေကို ဝယ်ယူဖြည့်တင်းဖို့ ၁၂ ခုလောက် တင်ဒါခေါ်ထားတာရှိတယ်။

"ဒီရက်ပိုင်းမှာဖွင့်တဲ့ ကမာရွတ်မီးသတ်စခန်းဆိုရင် ၁၉၉၀ ခုနှစ်လောက်က ကမာရွတ်



ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး

ဆင်မလိုက်မှာ အထပ်သားစက်ရုံရှိတယ်။ ဝက်သတ်ရုံဘက်ကနေ စလောင်တဲ့မီးက ကမာရွတ် တစ်ဖက်ခြမ်း ၅ ရပ်ကွက်ထဲကို ဝင်သွားတာပေ့ါ။ အဲဒီလိုမီးလောင်သွားတဲ့အတွက် ကမာရွတ်မှာ မီးသတ်စခန်းထားသင့်တယ်။ စခန်းတည်ဆောက်သင့်ပါတယ်ဆိုပြီး မြေနေရာလေးတောင်းဖူးခဲ့တာပေ့ါ။ အဲဒီအချိန်တုန်းကတော့ မြေနေရာက ကျဉ်းတယ်။ နောက် ဆက်စပ်မြို့နယ်တွေမှာလည်း မီးသတ်စခန်းတွေရှိတော့ မတည်ဆောက်ဖြစ်ဘူးပေ့ါ။ ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်မှာတော့ မီးသတ်စခန်းတကယ်လိုအပ်တယ်။ မြို့နယ်တိုင်းမှာ မီးသတ်စခန်းတွေရှိရင် အလျင်မြန်ဆုံးငြိမ်းသတ်နိုင်တယ်။ သိသိချင်းထွက်ခွာ ငြိမ်းသတ်နိုင်ဖို့အတွက် ဒီဘဏ္ဍာနှစ်ဘတ်ဂျက်နဲ့ မီးသတ်စခန်းကို ဆောက်တာပေ့ါ။

"ကမာရွတ်မီးသတ်စခန်းက ၄၅ ပေ×၃၉ ပေ × ၅၃ ပေအကျယ်အဝန်းရှိတဲ့ ငါးထပ် အဆောက်အအုံပါ။ အောက်ထပ်မှာ မီးသတ်ယာဉ် စက်တွေထားမယ်။ အပေါ်မှာ ဝန်ထမ်းတွေနေဖို့အတွက် မြေနေရာပေါ်မူတည်ပြီး အဲဒီလိုတည်ဆောက်ထားတာပေ့ါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လက်ရှိအချိန်ထိ မီးသတ်စခန်းတွေ၊ အရန်မီးသတ်တွေ၊ စက်မှုဇုန်မှာရှိတဲ့ စခန်းအားလုံးပေါင်း ၇၄ ခုရှိပါတယ်။

**မီးဘေးလုံခြုံရေးဘယ်လိုစီမံမလဲ**

"ပြည်သူတွေအနေနဲ့ မိမိနေထိုင်တဲ့အိမ်ကို မီးဘေးလုံခြုံရေး ဘယ်လိုစီမံဆောင်ရွက်သင့်တယ်။ ဘယ်လိုစီမံဆောင်ရွက်ထားရမလဲ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာတွေ ဘာတွေထားသင့်သလဲ ဆိုတာတွေကို ကျွန်တော်တို့လည်း ရပ်ကွက်တွေထဲမှာ လိုက်လံဟောပြောနေတာရှိပါတယ်။ အဲဒီလိုနေရာမျိုးတွေမှာ တက်ရောက်နားထောင် ဗဟုသုတယူပြီးတော့ ကိုယ့်အိမ်ကို မီးဘေးလုံခြုံရေးရှိအောင် စီမံဆောင်ရွက်ထားကြမယ်ဆိုရင် မီးလောင်မှုက နည်းသွားမှာပေ့ါ။ မီးနဲ့ပတ်သက်ပြီး သုံးနေသရွေ့ကာလပတ်လုံးမှာတော့ မီးလောင်မှုဆိုတာရှိနေဦးမှာပါ။ ဒါပေမယ့် အဲဒီမီးလောင်မှုက မကြီးမားဖို့၊ လက်ဦးမှုရယူပြီး ငြိမ်းသတ်နိုင်ဖို့၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားဖို့၊ မီးသတ်ပစ္စည်းကိရိယာတွေရှိဖို့၊ ဒီပစ္စည်းတွေကို ဘယ်လိုကိုင်တွယ် ငြိမ်းသတ်ရသလဲ၊ ဘယ်လိုအသုံးပြုရသလဲ ဒါတွေကို သိဖို့လိုတယ်။ နောက်ဟိုတယ်၊ မိုတယ်၊ အင်း၊ ကေတီဗွီတွေ၊ စက်ရုံအလုပ်ရုံတွေမှာဆိုရင်လည်း မရှင်းလင်းတာတွေ၊ ကိုယ်နားမလည်တဲ့ အပိုင်းတွေဆိုရင် မီးသတ်ဌာနမှာ အကြံဉာဏ်တွေ လာရောက်တောင်းသင့်တယ်။ ပေးလိုက်တဲ့ အကြံဉာဏ်ပေါ်မှာ ပြည့်ပြည့်စုံစုံ ဆောင်ရွက်မယ်ဆိုရင် မီးလောင်မှုဖြစ်ခဲ့ရင်တောင်မှ လက်ဦးမှုရယူပြီးငြိမ်းသတ်နိုင်တာပေ့ါ။ မီးလောင်မှုက ကြီးကြီးမားမားမဖြစ်နိုင်တော့ဘူးပေ့ါ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇန်နဝါရီလမှ စတင်ကာ အောက်တိုဘာလအထိ မီးလောင်မှု ၁၉၇ ကြိမ် ဖြစ်ပွားခဲ့သည်။ တိုင်းဒေသကြီးအတွင်း၌ မီးငြိမ်းသတ်ယာဉ် ၁၃၂ စီး၊ မီးသတ်စက်ယာဉ် ၁၅ စီး၊ ရေသယ်ယာဉ် ၄၈ စီး၊ ကွပ်ကဲမှုယာဉ်ရှစ်စီး၊ အထောက်အကူပြုယာဉ် ၃၉ စီးတို့ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ ထို့ပြင် လူနေထူထပ်သည့်အပေါ် မူတည်၍ တိုးချဲ့သင့်သည့် နေရာများတွင် လည်းကောင်း၊ မြေနေရာရရှိမှုအပေါ် မူတည်၍လည်းကောင်း မီးသတ်စခန်းများ ထပ်မံတိုးချဲ့နိုင်ရန် စီစဉ်နေကြောင်း သိရသည်။ ။



(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့က မီးငြိမ်းသတ် သရုပ်ပြနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဗလစိုး

**အချပ်ပို(ဃ)မှ**

အပြန်အလှန်ညှိနှိုင်းကာ ယခင် မူလဒီဇိုင်းအား ပြည်တွင်း၊ ပြည်ပ တံတားတည်ဆောက်ရေး ပညာရှင်များနှင့် ညှိနှိုင်းပြီး ယခု မူလဒီဇိုင်းအား အနည်းငယ်ပြောင်းလဲကာ တည်ဆောက်သွားမည်ဖြစ်သည်။

"ရန်ကုန်- ဒလ မြစ်ကူးတံတားစီမံကိန်းနဲ့ ပတ်သက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ ရပ်တည်မှု အပြုသဘောဆောင်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကူညီဆောင်ရွက်သွားမှာပါ။ တချို့ပြည်သူတွေ ထင်သလို စီမံကိန်းမဖြစ်အောင် လုပ်ဆောင်နေတာမဟုတ်ပါဘူး။ ပြည်တွင်း၊ ပြည်ပ ဖြတ်သန်းသွားလာမယ့် သင်္ဘောကြီးတွေ အဆင်ပြေအောင် ညှိနှိုင်းပေးတဲ့သဘောပါ။ ဒီတံတားစီမံကိန်းနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ ကန့်ကွက်ခဲ့တာမရှိခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ နောက်ဖြစ်လာမယ့် အနာဂတ်ကို မြော်တွေးပြီး တစ်ဖက်ကမ်းက ပြည်သူတွေလည်း အဆင်ပြေအောင်၊ တံတားစီမံကိန်းလည်း အကောင်အထည်ပေါ်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနကို အကြံပြုတဲ့သဘောပါ။ အခုလည်း ဒီဇိုင်းအနည်းငယ်ပြောင်းလဲတာကလွဲလို့ ဘာမှပြောင်းလဲမှုမရှိဘဲ တံတားတည်ဆောက်ရေးကို အတတ်နိုင်ဆုံး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ ကူညီလုပ်ဆောင်ပေးသွားမှာပါ"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ရန်ကုန်- ဒလတံတားစီမံကိန်းကို ၂၀၁၂ ခုနှစ်မှစတင်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ အကြိမ်ကြိမ်ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးမှုတွင် တံတားရေလယ်တိုင်အကျယ်နှင့် တံတားအမြင့်ပိုင်း အကြောင်းအရာတို့ကို အဓိကထား ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် တံတားအမြင့်ကို ယခင်က ၅၄ မီတာ၊ ရေလယ်တိုင်နှစ်တိုင်အကျယ်ကို တတ်နိုင်သမျှ ကမ်းဘက်သို့ ကပ်နိုင်ရေး စသည့်ဆွေးနွေးမှုများ အကြိမ်ကြိမ်ဆွေးနွေးခဲ့သော်လည်း နောက်ဆုံးအဆင့်တွင် အမြင့် ၄၉ မီတာအထိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် လျှော့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ ယင်းသို့ ဆွေးနွေးမှုများသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ကန့်ကွက်လိုခြင်း မဟုတ်ဘဲ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်၊ ထွက်သွားလာရာတွင် အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုဆွေးနွေးချက်များသာ ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်မှုပြီးစီးပါက ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များအတွင်းရှိ ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အပါအဝင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့သွားမည်ဖြစ်ပြီး ကုန်သွယ်စီးဆင်းမှုများ ယခုထက် ပိုမိုလျင်မြန်လွယ်ကူစေမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

# မတည်ငြိမ်သော အိမ်ခြံမြေဈေးကွက်နှင့် ရန်ကုန်မြို့နေပြည်သူများ

● သော်တာနမ့်စန်း၊ ဓာတ်ပုံ - သစ္စာ

ယနေ့ ရန်ကုန်မြို့သည် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ ယာဉ်သွားလာမှု များပြားလာမှုနှင့်အတူ အဆောက်အအုံများလည်း တိုးချဲ့ဆောင်လုပ်လျက်ရှိရာ လူဦးရေ တိုးလာမှုကြောင့် ယာဉ်သုံးစွဲမှုတိုးလာခြင်း၊ အဆောက်အအုံ အိမ်ရာများ တိုးချဲ့တည်ဆောက်ခြင်းတို့ဖြင့် မြို့ပြ၏ဖွံ့ဖြိုးမှု ရေစီးကြောင်းတွင် ရန်ကုန်မြို့သည် တသွင်သွင် လိုက်ပါစီးဆင်းလျက်ရှိသည်။

မြို့ပြ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တက်လှမ်းနေပါက မြို့ပြနေပြည်သူတို့၏ လူမှုစီးပွားသည် ပုံမှန်လည်ပတ်နိုင်သော်လည်း ငွေကြေးတည်ငြိမ်မှုမရှိသော အခက်အခဲများ ကြုံတွေ့လာရပါက စီးပွားရေးလုပ်ငန်းများကို ပွတ်တိုက်မိရာမှ မြို့ပြ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှောင့်နှေးခြင်း၊ ယာယီရပ်ဆိုင်းခြင်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းအပြောင်းအလဲများ ဖြစ်ပေါ်ခြင်းကို ကြုံတွေ့ရလေ့ရှိသည်။ ထိုအပြောင်းအလဲများတွင် မြို့ပြနေပြည်သူတို့နေထိုင်ရာ အိမ်ရာစီမံကိန်းများနှင့် အိမ်ရာဆောက်လုပ်ခြင်း၊ ရောင်းချခြင်းကဏ္ဍတို့သည် ပွင့်လင်းရာသီအစတွင် အခက်အခဲအချို့က စောင့်ကြိုလျက်ရှိသည်။

**အိမ်ရာအရောင်းပြခန်းများ အခက်အခဲများရှိလာ**

ရန်ကုန်မြို့တွင် ဆောက်လက်စ အဆောက်အအုံများထက် ဆက်လက်တည်ဆောက်ရန် အားယူနေသော အဆောက်အအုံများကို ပို၍တွေ့မြင်ရမည်ဖြစ်ရာ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်မဟုတ်သူအချို့သာ မြို့ပြအဆောက်အအုံများကို ဟန်မပျက် ဆက်လက်တည်ဆောက်လျက်ရှိကြသည်။ တည်ဆောက်ဆဲ အဆောက်အအုံများ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်မတည်ဆောက်နိုင်ဘဲ ရပ်နားထားသည့်နည်းတူ တည်ဆောက်ပြီး အိမ်ရာအဆောက်အအုံများ စီးပွားရေးအကျပ်အတည်းကာလ၌ မဖြစ်မနေရောင်းချရမည့် အနေအထားတွင် လက်ဟောင်းအဆောက်အအုံ ကုန်ကျစရိတ်အတိုင်း ရောင်းချမှုရှိသကဲ့သို့ လက်ရှိတည်ဆောက်မှုအတွက် ဈေးနှုန်းအတိုင်း ရောင်းချမှုလည်းရှိရာ ထိုသို့ နှစ်မျိုးနှစ်စား ရောင်းချမှုတွင် အိမ်ရာဝယ်ယူမှုနည်းပါးမှုနှင့် ရင်ဆိုင်ကြရလျက်ရှိသည်။ ဝယ်လက်ပါး၍ အိမ်ရာအရောင်းပြခန်းများအခက်အခဲများရှိလာသည့်နည်းတူ ဝယ်ယူသူဘက်ကလည်း စိစစ်မှုဖြင့် ဝယ်ယူကြသည့်အတွက် ယခုနှစ်ကုန်ပိုင်း အိမ်ရာရောင်းချသူနှင့် ဝယ်ယူသူတို့အကြား စီးပွားရေးမတည်ငြိမ်မှု၏ ရိုက်ခတ်မှုကြောင့် နှစ်ဦးနှစ်ဖက်အမှားမခံဘဲ လုပ်ကိုင်ကြလျက်ရှိကာ တစ်နှစ်ထက်တစ်နှစ် မတည်ငြိမ်သော အိမ်ခြံမြေ ဈေးကွက်ရွေ့လျားမှုကို ရောင်းသူ၊ ဝယ်သူနှစ်ဦးလုံး ကြုံတွေ့နေရလျက်ရှိသည်။


အိမ်ရာအရောင်းပြခန်းတစ်ခု၌ တာဝန်ရှိသူတစ်ဦးက ရှင်းပြနေစဉ်။

စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သော ဦးမြင့်ကြိုင်က လက်ရှိအိမ်ရာအရောင်းအဝယ်နှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ဤသို့ ပြောဆိုသည်။

"လက်ရှိ အိမ်ရာဆောက်လုပ်တဲ့လုပ်ငန်းက ဝယ်ယူတဲ့ ပစ္စည်းဈေးနှုန်းကလည်း ကြီးမြင့်လာတယ်ဆိုတော့ လက်ရှိဈေးနဲ့ဆိုရင်ပဲ အမြတ်မရတဲ့ အနေအထားဖြစ်နေတယ်။ ဈေးကွက်ကြီးတစ်ခုလုံး အေးစက်နေတဲ့ သဘောရှိတာပေါ့။ ယခင်နဲ့မတူတဲ့ အပြောင်းအလဲက အိမ်ရာဝယ်ရင် အခွန်ဆောင်ရမယ်၊ ငွေဖြူဖြစ်ရမယ်ဆိုတဲ့အချက်တွေက အရင်လိုလုပ်လို့မရတဲ့အပိုင်းတွေဖြစ်လာတယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ရောင်းခွန်၊ ဝယ်ခွန်ဆိုတာကတော့ ပေးကိုပေးရမှာပါ။ အရင်ထက်တော့မြင့်လာတာပေါ့။ ဝယ်သူတွေ အချို့ရဲ့ အခက်အခဲက ငွေဖြူဖြစ်ရမယ်ဆိုတဲ့အချက်ပဲ။ ဒါကြောင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့က အခွန်ကိုလျှော့ပေါ့ပေးဖို့နဲ့ ဒါကိုကာလတစ်ခုထိထားဖို့ ပြောနေကြတာပေါ့။ အိမ်ရာအရောင်းအဝယ်လုပ်ငန်းက ယခင်က အိမ်ရာဝယ်ပြီး အကျိုးအမြတ်အတွက် ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ ဝယ်ကြတယ်၊ လှောင်ကြတယ်၊ ရောင်းကြတယ်ဆိုတာ ကာလအတော်ကြာကြာထိ ရှိခဲ့တာလေ။

**တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရောင်းချပေးဖို့လို**

"အခုယခင်လို လုပ်ဆောင်လို့မရတဲ့ အခြေအနေတွေရှိလာတော့ အရောင်းအဝယ် လေးသွားတာလည်းပါတယ်။ စီးပွားရေးလည်းကျနေတော့ မလိုအပ်ရင် အိမ်ရာမဝယ်ကြတော့ဘူး။ အိမ်ရာလုပ်ငန်းက ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင် ပူးပေါင်းပြီး လုပ်ဆောင်တာတော့နည်းတယ်။ ပြီးတော့ ရန်ကုန်မှာ စီးပွားရေးမြန်မြန်ဆန်ဆန်တိုးတက်ဖို့ အထောက်အကူတစ်ခုက တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရောင်းချပေးဖို့လိုမယ်။ တန်ဖိုးမြင့်အိမ်ရာဆိုတာ သူ့နေရာနဲ့သူတန်ဖိုးလည်း ဆက်လက်တည်ငြိမ်လာသလို တန်ဖိုးနည်းအိမ်ရာတွေကနေ မြို့ပြစီးပွားရေးကိုလည်း တည်ဆောက်နိုင်လိမ့်မယ်။ အိမ်နီးချင်း နိုင်ငံတွေမှာလည်း ဒီလိုလုပ်ဆောင်ပေးခဲ့တာကို တွေ့ရမှာပါ။ အခုနှစ်ကုန်ပိုင်းမှာ အိမ်ရာအရောင်းအဝယ်ကဏ္ဍတွေက ဒီလိုပဲ ဆက်သွားနေနိုင်ပါတယ်"ဟု ဆိုပါသည်။

ရန်ကုန်မြို့ရှိ တည်ဆောက်ပြီး အိမ်ရာအဆောက်အအုံများတွင် မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ဝါယာလက်(၃)လမ်းရှိ Hall Type အဆောက်အအုံ၊ တောင်ဥက္ကလာ (၁၄/၃)ရပ်ကွက်ရှိ ခြောက်ထပ်မြင့် Hall Type အဆောက်အအုံ၊ စမ်းချောင်းမြို့နယ် စမ်းချောင်းရပ်ကွက်ရှိ ခြောက်ထပ် Hall Type အဆောက်အအုံ၊ ကမာရွတ်မြို့နယ် (၃) ရပ်ကွက်ရှိ ခြောက်ထပ်နှစ်ခန်းတွဲ တိုက်ခန်းအဆောက်အအုံ၊ တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်ရှိ ခြောက်ထပ် Hall Type အဆောက်အအုံ၊ သဃ်န်းကျွန်းမြို့နယ် (၁၆/၁) ရပ်ကွက်ရှိ နှစ်ခန်းတွဲတိုက်ခန်းနှင့် ခြောက်ထပ်နှစ်ခန်းတွဲတိုက်ခန်း၊ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက်ရှိ Hall Type အဆောက်အအုံ၊ အလုံမြို့နယ် ဂဠုန်ရပ်ကွက်ရှိ Hall Type အဆောက်အအုံ၊ စောရန်ပိုင်(တောင်)ရပ်ကွက်ရှိ နှစ်ခန်းတွဲတိုက်ခန်းနှင့် လွတ်လပ်ရေးရပ်ကွက်ရှိ ခြောက်ထပ်နှစ်ခန်းတွဲ တိုက်ခန်းများ ၅၀ ရာခိုင်နှုန်းစရန်ပေး၍ ကျန်ငွေကို ခြောက်လအရစ်ကျပေးစနစ်ဖြင့် ရောင်းချခြင်း၊ ရောင်းချရန်ပြင်ဆင်နေခြင်းတို့ဖြင့် အိမ်ရာဈေးကွက် အရောင်းဖွင့်လျက်ရှိသည်။

အထူးသဖြင့် အလုံ၊ ကမ်းနားလမ်း၊ တာမွေ၊ မရမ်းကုန်း၊ မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ တောင်ဥက္ကလာနှင့် ကျောက်တံတားမြို့နယ်တို့ရှိ အိမ်ရာအဆောက်အအုံများမှာ အမေရိကန်ဒေါ်လာတစ်သိန်းမှ သုံးသိန်းခုနစ်သောင်းထိ အရစ်ကျရောင်းချလျက်ရှိရာ အိမ်ရာဈေးကွက် အရောင်းသွက်ရန် ရုန်းကန်နေရသော အချိန်အခါအဖြစ် တွေ့မြင်ရလျက်ရှိသည်။

မရမ်းကုန်းမြို့နယ် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ ပါရမီဗယ်လီ လုံးချင်းအိမ်ရာ၊ ၄၅ လမ်းရှိ Complex ၄၅ တိုက်ခန်း၊ လမ်းမတော်လမ်းသစ်ရိပ်သာရှိ Shop house ဆိုင်ခန်းများပါရှိသည့် ခြောက်လွှာအဆောက်အအုံတို့မှာ အကွက်အကွင်းကျပြီး ဝင်လမ်းထွက်လမ်းသွားလာမှု အဆင်ပြေသော်လည်း ဝယ်ယူသူစိတ်လှုပ်ရှားမှုရရှိရန် လုပ်ဆောင်လျက်ရှိသည်။ အိမ်ရာအဆောက်အအုံအချို့မှာ လက်ဟောင်းဈေးနှုန်းဖြင့် တည်ဆောက်ထားသော ဈေးနှုန်းအတိုင်း ရောင်းချပေးမှုလည်းရှိသည်။ စီးပွားရေးအကျပ်အတည်းသည် ရန်ကုန်မြို့ပြ၏ ပွင့်လင်းရာသီ အိမ်ရာအရောင်းအဝယ်အား မည်မျှထိ လမ်းဖွင့်ပေးနိုင်မည်ကို အိမ်ရာလုပ်ငန်းရှင်တို့ကလည်း စောင့်ကြည့်လျက်ရှိသည်။

ရန်ကုန်မြို့ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းဆုံအနီးတွင် အိမ်ရာအရောင်းပြပွဲတစ်ခုကိုကျင်းပလျက်ရှိရာ အိမ်ရာရောင်းချမှုနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ဤသို့ပြောကြားသည်။

" ဒီတစ်ခေါက် MDA က အိမ်ရာအရောင်းပြပွဲမှာ ၁၁ ဦးက ပြသထားတာပါ။ အခက်အခဲတွေ၊ ဈေးကွက်ကျပ်တည်းတာတွေကို အားလုံးစုပေါင်းနည်းလမ်းရှာဖွေပြီး လုပ်ဆောင်နေရတယ်။ ပုံစံအမျိုးမျိုးနဲ့ ကွန်ဒိုအပါအဝင် အိမ်ရာတစ်ထောင်နီးပါး ရှိပါတယ်။ သိန်း ၂၅၀ ကနေ သိန်းတစ်ထောင်၊ သိန်းသုံးသောင်းထိ အိမ်ရာ၊ လုံးချင်းအိမ်တွေကိုရောင်းချပေးတာပါ။ အရစ်ကျ ၃၆ လထိ ရောင်းချပေးတာလည်းရှိတယ်။ စီးပွားရေးတစ်ဖန် ပြန်လည်ကောင်းမွန်လာမယ်ဆိုရင် အိမ်ရာဆိုတာ ရင်းနှီးမြှုပ်နှံထားရင် မမှားပါဘူး။

အိမ်ရာလိုအပ်ချက်အရ တန်ဖိုးနည်း၊ တန်ဖိုးသင့်နေရာမှာပဲ ရပ်တည်နေပါသေးတယ်။ နိုင်ငံခြားသား အငှားဈေးကွက်နိုးထလာမယ်ဆိုရင် အိမ်ရာအရောင်းဈေးကွက်ပြန် ဦးမော့လာမှာပါ။ မိမိတည်ဆောက်တဲ့ အိမ်ရာတွေခိုင်ခံ့မှု ရှိ၊ မရှိ၊ နည်းစနစ်ကျမှု ရှိ၊ မရှိ၊ CDC က ချမှတ်တဲ့အချက်တွေနဲ့ ကိုက်ညီ မှု ရှိ၊ မရှိ အဲဒါတွေကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားမယ်ဆိုရင် အိမ်ရာဈေးကွက် တိုးတက်ဖို့ အလားအလာအများကြီးရှိပါတယ်။ အခု ရန်ကုန်မြို့တွင်းမှာ ဝယ်လိုအား ရှိတယ်ဆိုတာက မြို့တွင်းမှာပဲ တည်ဆောက်နေပြီး မြို့ပြင်မှာ တည်ဆောက်မှုမရှိသေးလို့ပါ။ မြို့သစ်စီမံကိန်းတွေရှိတာ ကောင်းတယ်၊ စနစ်ကျဖို့တော့လိုမယ်။ ဒီမှာတော့ MDA က အိမ်ရာရောင်းချမှုကို သုံးလတစ်ကြိမ် ရှိနေမှာပါ"ဟု ပါရမီလမ်း အိမ်ရာအရောင်းပြခန်းရှိ Myanmar Developer Association- MDA မှ အထွေထွေမန်နေဂျာ ကိုစိုင်းခွန်နော်က ဆိုပါသည်။

ပွင့်လင်းရာသီ အိမ်ရာအရောင်းအဝယ်နှင့် ပတ်သက်၍ ရပ်ကွက်အတွင်း လုံးချင်းအိမ်များ ရောင်းဝယ်မှုတို့တွင်လည်း အခွန်ငွေလျှော့ချသည့်အနေဖြင့် သိန်း ၂၀၀ တန်ကို သိန်း ၁၀၀ ဖြင့် အရောင်းအဝယ်ပြခြင်းကိုလည်း ထိန်းချုပ်ရန် လိုအပ်လျက်ရှိသည်။ ကွန်ဒိုတိုက်ခန်းရောင်းဝယ်မှုတွင်လည်း နိုင်ငံခြားသားဖြစ်ပါက ခြောက်ထပ်နှင့်အထက်သာ ဝယ်ယူခွင့်ရှိသော်လည်း နိုင်ငံသားတစ်ဦးအမည်ခံ၍ ခြောက်ထပ်အောက်အလွှာများကို ဝယ်ယူနေထိုင်မှုတို့သည် နိုင်ငံတော်အတွက် အခွန်ငွေ နစ်နာဆုံးရှုံးမှုရှိစေသည့်အပြင် မြို့ပြ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးကဏ္ဍတို့ကို ထိခိုက်စေမည်သာဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကွန်ဒိုအိမ်ရာဥပဒေများ ထုတ်ပြန်ထားသည့်အတိုင်း လိုက်နာခြင်းဖြင့် အိမ်ရာဈေးကွက် ပြန်လည်ဦးမော့စေနိုင်ပြီး အိမ်ရာဝယ်ယူသော နိုင်ငံသားတစ်ဦးအနေဖြင့်လည်း ရပိုင်ခွင့်များကို အပြည့်အဝရရှိရန် လိုအပ်လာပြီ ဖြစ်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် မည်သည့်ဘဏ်မဆို ယုံကြည်စွာဖြင့် ငွေချေးနိုင်ကာ အိမ်ရာဝယ်ရာတွင် ဘဏ်တိုးဖြင့် ပြန်လည်ပေးဆပ်နိုင်သောစနစ်ကို တွင်ကျယ်စွာအသုံးပြုနိုင်ပါက နိုင်ငံတော်မှ ဆောက်လုပ်သည်ဖြစ်စေ၊ ပုဂ္ဂလိက ဆောက်လုပ်သောအိမ်ရာဖြစ်စေ တန်ဖိုးသင့်၊ တန်ဖိုးနည်း အိမ်ရာတို့ကို နေထိုင်ရာ၌ ဝယ်ယူသူနိုင်ငံသားများအနေဖြင့် ရန်ကုန်မြို့တွင် အိမ်ငှားနေထိုင်သောပြည်သူများ အိုးပိုင်အိမ်ပိုင်ဖြင့် နေထိုင်နိုင်ပါက နှစ်စဉ်အသားတင်ကုန်ကျနေသော ငွေကြေးများကို ထိန်းချုပ်နိုင်ကာ ရန်ကုန်မြို့၏ အိမ်ငှားဈေးကွက်ပပျောက်၍ မြို့ပြ၏ ငွေကြေးလည်ပတ်မှု အရှိန်အဟုန်မြင့်တက်လာမည်ဖြစ်သည်။ ထို့ကြောင့် အိမ်ငှားများ အိမ်ပိုင်ရရှိရန် ဘဏ်အတိုးနှုန်းများ လျှော့ချပေးရန်လိုအပ်ပြီး နှစ် ၃၀ အထိ ဘဏ်ချေးငွေပေးနိုင်သော အတိုးနှုန်းသက်သာသည့် ပြည်သူများအိမ်ရာ ဝယ်ယူနိုင်စေမည့် ပြည်ပမှဘဏ်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံလာရန် လိုအပ်သည်။

**အတက်ဈေးဖြင့်သာ ရောင်းချသောကြောင့် ဈေးနှုန်းကြီးမြင့်မှုဒဏ် ကြုံတွေ့ရ**

ယခုပွင့်လင်းရာသီတွင် အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ရှားလာသော်လည်း ဒေါ်လာဈေးတက်၊ ဆောက်လုပ်ရေးပစ္စည်းများ ဈေးမြင့်ခဲ့၍ ယခုအခါ ရောင်းချရာ၌ အတက်ဈေးဖြင့်သာ ရောင်းချသောကြောင့် ဝယ်ယူသူတို့သာ ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ကြုံတွေ့ရလျက်ရှိသည်။ ရန်ကုန်မြို့ပြ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မြို့ပြစည်ပင်သာယာခြင်း၊ အိမ်ရာကိုယ်စီကိုယ်စီ နေထိုင်နိုင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုနှင့်လည်း ဆက်နွှယ်လျက်ရှိသည်။ ပွင့်လင်းရာသီ အိမ်ရာဈေးကွက် အရောင်းသွက်ရန် လိုအပ်လျက်ရှိပြီး ဆောက်လက်စအိမ်ရာများ ဆက်လက်တည်ဆောက်ရောင်းချခြင်းဖြင့် မတည်ငြိမ်သော အိမ်ရာဈေးကွက်တည်ငြိမ်မှုရရှိရန် ဝိုင်းဝန်းဖော်ဆောင်လျက် ရန်ကုန်မြို့နေပြည်သူများ အိမ်ရာကိုယ်စီကိုယ်စီနေထိုင်နိုင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ရေးသားလိုက်ပါသည်။ ။

# အရောင်းဖြစ်တဲ့ဈေးနဲ့ ပေါက်ဈေးကွာခြားချက်အချို့နဲ့ အရောင်းအဝယ်ဖြစ်လာတဲ့ကားဈေးကွက်

● မင်းသော်




ပွင့်လင်းရာသီသို့ရောက်ရှိလာပြီး ပိတ်ရက်ကာလများလည်း ကုန်ဆုံးသွားသဖြင့် ကားဈေးကွက်အနည်းငယ်အရောင်းသွက်လာကြောင်း ကားဝယ်ရောင်းများထံက သိရသည်။ ကားဈေးနှုန်းများသည် ခေါ်ဈေးနှင့် အမှန်တကယ်အရောင်းအဝယ်ဖြစ်ဈေးနှုန်းများ ကွာခြားချက်ရှိသော်လည်း အများစုသည် ကြိုက်ရောင်းကြိုက်ဝယ် အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းတို့က ပြောပြသည်။

"ပွင့်လင်းရာသီရောက်လာတော့ နယ်ဝယ်လက်တွေ တော်တော်လေး ဆင်းလာတာကို တွေ့ရတယ်။ ခေါ်ဈေး ဒါမှမဟုတ် သတ်မှတ်ပေါက်ဈေးထက်တော့ ဈေးကအနည်းနဲ့ အများကွာတယ်။ အကြောင်းက နယ်ဝယ်လက်အများစုက ဈေးကိုတော်တော်လေးလျှော့ပြီး ပေးကြတယ်။ ရောင်းနိုင်တဲ့သူကတော့ ရောင်းပစ်လိုက်တာပဲ။ ဒါကြောင့် ပေါက်ဈေးနဲ့ကွာတာ။ နယ်ဝယ်လက်ဆိုတဲ့သဘောကလည်း ရန်ကုန်ဝယ်လက်နဲ့ မတူတာတွေရှိတယ်။ ဥပမာပြောရရင် အကြမ်းခံတာကိုပိုကြိုက်တယ်။ ဘော်ဒီပိုင်းကို သိပ်ပြီး ဂရုမစိုက်ဘူး။ အင်ဂျင်ကောင်းတာ၊ လိုင်စင်စိတ်ကြိုက်ရတာဆိုရင် ယူတယ်။ ရန်ကုန်ဝယ်လက်ကတော့ ကြေးပိုများတတ်တယ်။ အဲကွန်းကအစ၊ ဘော်ဒီဆေးက အဆုံး၊ အင်ဂျင်ဆိုလည်း တတ်ကျွမ်းသူတွေနဲ့ စိတ်တိုင်းကျစစ်တတ်ကြသေးတယ်။ မကသေးဘူး ဖောက်စွပ်ဟုတ်မဟုတ်ဆိုတာကိုလည်း ပိုပြီးအကဲဆတ် သတိထားတယ်။ ဒါကြောင့် ရန်ကုန်ဝယ်လက်ဆီကဆိုရင် ဈေးက ပေါက်ဈေးရတယ်။ နယ်ဝယ်လက်တွေ့ရင်တော့ လျှော့ပေးရတယ်"ဟု ကားဝယ်ရောင်း ကိုပေါက်က ပြောသည်။

အချို့ကားအမျိုးအစားများသည် အင်ဂျင်ပါဝါပိုမိုမြင့်မားပြီး အကြမ်းခံသည့်ကားများဖြစ်သော်လည်း အရောင်းအဝယ်ဖြစ်မှုတွင် အင်ဂျင်ပါဝါနိမ့် ကားများလောက် အရောင်းအဝယ်မဖြစ်မှုကြောင့် ပေါက်ဈေးထက်ဈေးလျှော့ပေးမှသာ အရောင်းအဝယ်ဖြစ်ကြောင်းလည်း သူကဆက်ပြောသည်။ "ကားဈေးမှာက အားလုံးက ပေါက်ဈေးကို နားလည်ပါတယ်။ ဒါပေမယ့် ပေါက်ဈေးအတိုင်းအမြဲအရောင်းအဝယ်ကတော့ မဖြစ်ဘူး။ ကားရဲ့အတွင်းအပြင် အင်္ဂါရပ်တွေအပေါ်မှာလည်း အများကြီး မူတည်ပါတယ်။ အချို့တွေက ပေါက်ဈေးကို လက်ကိုင်ထားပြီး ဈေးကဒီလောက်လို့ပြောတယ်။ ဥပမာပြောရရင် အဲဖတ်ဒ် ၂၀၀၂-၂၀၀၃မော်ဒယ်လ်ဟာ ပေါက်ဈေးက ငွေကျပ် သိန်း ၄၅၀ အောက် ဘယ်လိုမှမကျပေမယ့် ၄၄၈ သိန်းလောက်နဲ့ အရောင်းအဝယ်ဖြစ်သွားတာလည်းရှိတယ်"ဟု ကိုပေါက်က ရှင်းပြသည်။ သို့သော် ကားဟောင်းဈေးကွက်ပေါက်ဈေးမှာ ဈေးမာနေဆဲဖြစ်ပြီး ထပ်မံ၍လည်း ဝယ်လက်အလိုရှိမှုပေါ်မူတည်ကာ ဈေးအမြင့်ဖြင့် တည်ရှိနေနိုင်သေးကြောင်း ကားလောကသားများက ခန့်မှန်းထားကြသည်။ အကြောင်းမှာ ယခင်က ရန်ကုန်လိုင်စင်သာ အရောင်းအဝယ်အဓိကဖြစ်နေခဲ့သော်လည်း ယခုရက်ပိုင်းတွင် နယ်လိုင်စင်များလည်း အရောင်းအဝယ်ပိုမိုဖြစ်လာခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့အပြင် ယခုသီတင်းပတ်အတွင်း ၂၀၁၉ခုနှစ်အတွက် ကားတင်သွင်းခွင့် သတ်မှတ်ချက်မော်ဒယ်လ်များ ထွက်ပေါ်လာခဲ့ခြင်းကြောင့်လည်း ကားဈေးကွက် ပိုမိုလူစိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။ "အမှန်က ၂၀၁၈ခုနှစ် ကားတင်သွင်းခွင့်မူဝါဒ သတ်မှတ်ချက်ကတည်းက တင်သွင်းဖို့အတွက် အခက်အခဲတွေက အများကြီးရှိခဲ့လို့ ဂျပန်တစ်ပတ်ရစ်ကားတွေ အခုထိ ဈေးစွာခွင့်ရနေခဲ့တာပါ။ အခုထွက်ပေါ်နေတဲ့ ၂၀၁၉ ခုနှစ် မော်ဒယ်လ်သတ်မှတ်ချက်မှာဆိုရင်လည်း ၂၀၁၆ ခုနှစ်နဲ့ အထက်ကို စလစ်ကပ်တင်သွင်းနိုင်ပြီး ၂၀၁၇ ခုနှစ်နဲ့အထက်ကို ဖရီးပါမစ်နဲ့ တစ်ဦးချင်းတင်သွင်းခွင့်ပြုထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဘယ်မောင်းသတ်မှတ်ချက်ကြောင့်ပဲ တစ်နှစ်လုံးလုံး ညာမောင်းအားသန်မှုကျမသွားတဲ့ ဈေးကွက်မှာ လာမယ့်နှစ်ဦးအထိလည်း ဂျပန်တစ်ပတ်ရစ်ဈေးကွက်ကို ကားတင်သွင်းခွင့်မူဝါဒအသစ်တွေက လွှမ်းမိုးနိုင်မှာမဟုတ်ပါဘူး"ဟု ကားဝယ် ရောင်းလုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

လက်ရှိအချိန်ထိ ညာမောင်းကားများက ဦးဆောင်နေပြီး ရန်ကုန်လိုင်စင်ရရှိရန် ခက်ခဲခြင်း၊ မော်ဒယ်လ်သတ်မှတ်ချက်မြင့်မားခြင်းနှင့် ဒေါ်လာဈေးနှုန်းများ မြင့်တက်ခြင်းတို့ကြောင့် ဘယ်မောင်းကားသစ်များဝင်ရောက်ရန် အတားအဆီးမှာ ဆက်လက်ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားကြပြီး ညာမောင်းတစ်ပတ်ရစ်ကားများ၏ ဈေးနှုန်းများလည်း ဆိုးရွားစွာကျဆင်းနိုင်မည့် လက္ခဏာ လုံးဝမရှိကြောင်း ကားလောကသားများထံမှ သိရသည်။ ။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၁၈ |
| Belta | 2006 | ရန်ကုန် | 1000cc | အပြင်ဈေး | ၁၅၅ |
| CRV | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၈၀ |
| Crown | 2009 | ရန်ကုန် | 2000cc | အပြင်ဈေး | ၆၅၀ |
| Wish | 2004 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၂၄ |
| Insight | 2012 | နယ်စတိ | 1300cc | အပြင်ဈေး | ၂၆၆ |
| Probox | 2009 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၁၀ |
| Fit | 2012 | ရန်ကုန်စတိ | 1300cc | အပြင်ဈေး | ၂၇၉ |
| AD Van | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၃၀ |
| Surf | 2004 | ရန်ကုန် | 2700cc | အပြင်ဈေး | ၄၆၈ |

တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ပေါ်ခဲ့သည့် ကားဈေးနှုန်းများ (ဈေးကွက်အတွင်းမှ ကောက်ယူရရှိပါသည်)

# ရန်ကုန်တစ်ဖက်ကမ်းပြည်သူများရဲ့ အိပ်မက်စိတ်ကူးဖြစ်သော ဒလမြစ်ကူးတံတား ဒီဇင်ဘာလဆန်းတွင် ဖော်ဆောင်နိုင်တော့မည်

မောင်စိန်လွင်(မြန်မာ့အလင်း)

**မြန်မာ-ကိုရီးယား** နှစ်နိုင်ငံအကြား ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တည်ဆောက်သွားမည့် ရန်ကုန်- ဒလ မြစ်ကူးတံတားကြီး တည်ဆောက်ရေးစီမံကိန်းမှာ ရန်ကုန်တစ်ဖက်ကမ်း ပြည်သူများ၏ အတိတ်ကာလ အိပ်မက်စိတ်ကူးဖြစ်ခဲ့သော်လည်း ယခုအခါများမကြာမီ ၂၀၁၈ ခုနှစ် ကုန်ပိုင်း ဒီဇင်ဘာလဆန်းတွင် စတင်အကောင်အထည်ဖော်တည်ဆောက်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ချစ်ကြည်ရေးတံတားအဖြစ် ကိုရီးယားနိုင်ငံက တည်ဆောက်မယ့် ရန်ကုန်- ဒလ တံတားက မူလရေးဆွဲထားတဲ့ ဒီဇိုင်းကို ပြန်လည်ရေးဆွဲတာပဲ ဖြစ်ပါတယ်။ ရေလမ်းအနေအထားအရ တံတားခန်းဖွင့် တိုးချဲ့ဖို့ လိုအပ်နေတာကြောင့် ရေလမ်းကြောင်းချဲ့ဖို့ ပြန်လည်ရေးဆွဲတာပါ။ ဒါကြောင့် တံတားဒီဇိုင်းပုံစံ ပြန်ထုတ်ပြီးပါပြီ။ အဓိက ဆိပ်ကမ်း အာဏာပိုင်နဲ့ ညှိနှိုင်းတာကလည်း ခန်းဖွင့်ကျယ်ဖို့ ကိစ္စပါပဲ။ ဒါတွေကိုလည်း နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပြီးပါပြီ။ မူလအစီအစဉ်ဆိုရင် ခုလောက်ဆို ဆောက်လုပ်ရေးလုပ်ငန်းတွေ စနေပြီပေါ့။ ခုတော့ ဒီဇိုင်းသစ်ရေးဆွဲရတော့ အချိန်ကာလအားဖြင့် လေးလနဲ့ လေးငါးခြောက်လကြား ပိုကြာသွားတာပါ။ များမကြာမီ ဒီဇင်ဘာလဆန်းပိုင်းဆို တံတားတည်ဆောက်ရေးလုပ်ငန်းတွေ စတင်အကောင်အထည်ဖော်တော့မှာပါ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**လေးလမ်းသွားတံတားအမျိုးအစား**

ရန်ကုန်- ဒလ တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်း တံတားအမျိုးအစားဖြစ်ပြီး ယခင်မူလဒီဇိုင်းမှာ စုစုပေါင်းတံတားအရှည် ၁၈၇၂ ဒသမ ၅ မီတာ (၆၁၄၄ ပေ) ရှည်လျားကာ ပင်မတံတားအရှည်မှာ ၅၉၀ မီတာ(၁၉၃၆ ပေ) ရှည်လျားသည့် လေးလမ်းသွား တံတားအမျိုးအစား ဖြစ်သည်။ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားအရှည်မှာ ၆၆၅ မီတာ(၂၁၈၂ ပေ) ရှည်လျားပြီး လှိုင်မြစ်အတွင်း သွားလာနေသော တန်ချိန် ၁၅၀၀၀ ရှိ DWT Cargo သင်္ဘောကြီးများ ရေလမ်းကင်းလွတ်စွာ သွားလာနိုင်ရန် ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ (ပေ ၁၆၀) ရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၀ မီတာ (၅၂၅ ပေ)ဖြင့် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယင်းဒီဇိုင်းမှာ အရှည်အားဖြင့် အခက်အခဲမရှိသော်လည်း ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်တို့မှာ သင်္ဘောကြီးများ ဖြတ်သန်းသွားလာရာတွင် အခက်အခဲမဖြစ်ပေါ်စေရန်အတွက် ဆိပ်ကမ်းအာဏာပိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ နှစ်ဖက်ညှိနှိုင်းသဘောတူညီကာ ဒီဇိုင်းသစ်ပြန်လည်ရေးဆွဲနေပြီဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

ယင်းတံတားကြီး တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်း လျာထားပြီး ယင်းကုန်ကျမှုအနက် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့်ညီမျှသော ဝမ်ကို ကိုရီးယားသမ္မတနိုင်ငံမှ EDCF Loan ချေးငွေကူညီမှုဖြင့် တည်ဆောက်မည်ဖြစ်သည်။ တံတားတည်ဆောက်မှု စီမံကိန်းကာလမှာ ငါးနှစ်ကြာလျာထားပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။ အဆိုပါ ရန်ကုန်-ဒလ ကြိုးဆိုင်းတံတားကြီး တည်ဆောက်ရန်အတွက် လမ်းအူကြောင်း ရွေးချယ်မှုနှင့် ပတ်သက်၍ သုံးကြောင်းရွေးချယ်ကာ စမ်းသပ်မှုများ ပြုလုပ်ခဲ့သော်လည်း ယခုအခါ ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်းထိပ်နှင့် ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပညာရှင်များနှင့် ညှိနှိုင်းကာတည်ဆောက်မည်**

ပြည်သူများ၏ စိတ်ကူးအိပ်မက်ဖြစ်သော ဒလတံတားစီမံကိန်းကို များမကြာမီတွင် စတင်အကောင်အထည်ဖော်တော့မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသည် အဆိုပါ ရန်ကုန်မြစ်တစ်ဖက်ကမ်း ရန်ကုန်-ဒလ တံတားစီမံကိန်းကို ယခုနှစ်လယ်ပိုင်းတွင် စတင်အကောင်အဖော်တည်ဆောက်ရန် လျာထားခဲ့သော်လည်း တံတားဒီဇိုင်း အခြေအနေတစ်ရပ်ကြောင့် တံတားအောက် ဖြတ်သန်းသွားလာမည့် ပြည်တွင်း၊ ပြည်ပ သင်္ဘောများ အဆင်ပြေပြေသွားလာကူးလူးနိုင်ရေး မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သောကြောင့် ယခုကဲ့သို့ လအနည်းငယ် နောက်ကျခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့



ရန်ကုန်- ဒလ မြစ်ကူးတံတား တည်ဆောက်မည့် ရန်ကုန်ဘက်အခြမ်းနှင့် ဒလဘက်အခြမ်းကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းထက်

**အချပ်ပို (ခ) သို့**